# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလဆန်း (၁၀) ရက် ၊ သောကြာနေ့ ၊ (31-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၃၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အသိပညာ၊ အတတ်ပညာများတိုးတက်ရေး၊ မျိုးဆက်သစ်များ၏ ဘဝမြှင့်တင်နိုင်ရေးအတွက် သိစေချင်၊ တတ်စေချင်သည့် စေတနာအရင်းခံပြင့် သင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ နည်းပြဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၃၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြရာ လေဆိပ်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဒေသခံပြည်သူများက ရိုးရာအကအလှများဖြင့် လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေတက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ နည်းပြဆရာ၊ ဆရာမများကို သွားရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၂၁ ရက်
အယ်ဒီတာ့အာဘော်

# အပြစ်မဲ့ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်

ယခုအခါ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရပြီး ထိုကဲ့သို့ တည်ငြိမ်အေးချမ်းမှုရှိရန်မှာ ပြည်သူတစ်ရပ်လုံးက လိုလားသော ဆန္ဒလည်းဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိလျှင် မည်မျှအတိဒုက္ခရောက်ကြရသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပြီဖြစ်သလို ရင်ဆိုင်ကြုံတွေ့နေခဲ့ကြရသည်မှာလည်း ငြင်းချက်ထုတ်၍ ရနိုင်မည်မဟုတ်ကြောင်း တွေ့ရသည်။

မတ် ၂၈ ရက်က ရွှေဘိုမြို့ရှိ ကားကြီးကွင်းအနီး၌ **PDF** အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် ကားကြီးကွင်းအနီး လမ်းမပေါ်တွင် လှုပ်ရှားသွားလာလျက်ရှိသည့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အသက်လေးနှစ်အရွယ်၊ အသက် ၁၁နှစ်အရွယ် ကလေးငယ်နှစ်ဦးအပါအဝင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၈ ဦး မိုင်းစထိမှန်ကာ ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း သတင်းကို ဖတ်ရှုခဲ့ရသည်။

ထိုသို့သောဖြစ်ရပ်မျိုးမှာ လူနေမှုဘဝအတွင်းရှိ ပြည်သူတို့၏ အိုးအိမ်စည်းစိမ်ကို တိုက်ရိုက်ထိပါးနှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ အကြမ်းဖက်ခြင်းဖြစ်ရာ အေးချမ်းစွာ အသက်မွေးနေထိုင်ရှင်သန်လိုသော ပြည်သူတို့ဆန္ဒနှင့် လုံးဝဆန့်ကျင်လျက်ရှိသည်ကို တွေ့ရသည်။ နိုင်ငံတော်အနေဖြင့် အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်များကို ထုတ်ပြန်ထားပြီး အကြမ်းဖက်မှုများ ပပျောက်ရန်နှင့် ရှောင်လွှဲနိုင်ရန် ဆောင်ရွက်နေသည်ဖြစ်ရာ ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တားဆီးနိုင်မည်ဖြစ်သည်။

လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိဟူသော လမ်းညွှန်မှာကြားချက်နှင့်အညီ နိုင်ငံသားတိုင်း မိမိတို့နိုင်ငံအတွင်း၌ လွတ်လပ်စွာရှင်သန်လျက် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်မှာ အခြေခံလိုအပ်ချက်တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးတည်ချက် (၁၂) ရပ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိရာတွင် ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကိုလည်း အကောင်အထည်ဖော်နေသည်မှာ အထင်အရှားပင်ဖြစ်သည်။ သို့မှသာ နိုင်ငံသားပြည်သူတိုင်း စိတ်အေးချမ်းသာစွာ ကူးသန်းသွားလာလျက် မိမိတို့ဘဝ ရပ်တည်ရှင်သန်မှုအတွက် အသက်မွေးဝမ်းကျောင်းမှုအသီးသီးကို ဆောင်ရွက်လုပ်ကိုင်နိုင်မည်ဖြစ်သည်။

ဤနေရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူတစ်ရပ်လုံး အသက်အိုးအိမ်စည်းစိမ်များကို စောင့်ရှောက်ကာကွယ်ရန် ကြိုးပမ်းနေချိန်တွင် **CRPH**၊ **NUG**၊ **PDF** အမည်ခံအကြမ်းဖက်အုပ်စုများက ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူများကို သတ်ဖြတ်ခြင်း၊ လုယက်ခြင်းတို့ကို ဥပဒေမဲ့ကျူးလွန်နေသည်မှာ ရွံရှာစက်ဆုပ်ဖွယ်ဖြစ်သည်။ အဆိုပါအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်ကိုလည်း အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနိုးဆော်ချက်တွင် အတိအလင်းဖော်ပြထားသည်။

သို့ဖြစ်ပေရာ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကို ပြည်သူများက တားဆီးကာကွယ်နှိမ်နင်းရန် သတိရှိရှိ အသိအမြင်ရှိရှိဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယခုနှစ်တွင် တရုတ်နိုင်ငံ သရက်ဈေးကွက်၌ ကန့်သတ်ချက်များ အနည်းငယ်လျှော့ချလိုက်သည့်အတွက် သရက်သီးဈေးကောင်းရရှိနိုင်



**မန္တလေး မတ် ၂၀**

ယခုနှစ်တွင် တရုတ်နိုင်ငံ သရက်သီးဈေးကွက်၌ ကန့်သတ်ချက်များ အနည်းငယ်လျှော့ချလိုက်သည့်အတွက် သရက်သီးများ ဈေးကောင်းရရှိနိုင်ကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အချို့သရက်ခြံများသည် သရက်သီးများကို အိတ်စွပ်ခြင်းလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ယခုနှစ်တွင် တရုတ်နိုင်ငံသို့ တင်ပို့သည့် လမ်းကြောင်းများလည်း ပွင့်သွားသည့်အပြင် စည်းကမ်းကန့်သတ်ချက်များလည်း လျှော့ချထားသည့်အတွက် တရုတ်နိုင်ငံဈေးကွက်အနေဖြင့် သရက်သီး ဈေးကောင်းရရှိနိုင်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာတော့ အချို့သရက်ခြံတွေက အိတ်စွပ်နေပါပြီ။ ဈေးကွက်အနေအထားအရ ဒီနှစ်မှာတော့ သရက်သီးဈေးကောင်းရရှိနိုင်မှာပါ။ အရင်ပို့နေကျ တရုတ်ဈေးကွက်လမ်းကြောင်းလဲ ပွင့်သွားပါပြီ။ မနှစ်က သရက်သီးတွေ ညှာရင်းပုပ်၊ သီးထိုးယင် စတဲ့ရောဂါတွေဖြစ်ခဲ့တော့ အရည်အသွေးပိုင်းမှာ မကောင်းခဲ့ပါဘူး။ ဒီနှစ် အရည်အသွေးကောင်း သရက်သီးတွေ ဈေးကောင်းရရှိနိုင်ပါတယ်။သင်္ကြန်ပြီးရင်တော့ စိန်တလုံးသရက်သီးတွေ စပေါ်တော့မှာပါ။ အခုနှစ် တရုတ်နိုင်ငံဈေးကွက်က အရင်နှစ်ထက် စည်းကမ်းကန့်သတ်ချက် အနည်းငယ်ကို လျှော့ချပေးထားပါတယ်။ဒါကြောင့် သရက်သီးတွေ ဈေးကောင်းရရှိဖို့ အလားအလာကောင်းတွေ ရှိနေပါတယ်။ ဧပြီလလယ်ဆိုရင် အရည်အသွေးကောင်း သရက်သီးတွေ စပေါ်ပါပြီ"ဟု မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

သရက်ကို မန္တလေးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး စိန်တလုံး၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက်၊ မယ်သီ စသည့် သရက်သီးများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး မတ် ၂၀**

ကားဈေးကွက်အတွင်းသို့ ဝယ်လက်များ ဝင်ရောက်မှုနည်းခြင်းကြောင့် အရောင်းအဝယ်များ အေးနေဆဲဖြစ်သော်လည်း ငွေကျပ်သိန်း ၃၅၀ ခန့် ကားလေးများ အရောင်းအဝယ် အနည်းငယ်ရှိနေသေးကြောင်း မန္တလေးမြို့ လမ်း ၆၀ ကားဝိုင်းအတွင်းမှ သိရသည်။

ယခုအခါ ကားဈေးကွက်အတွင်း ပြည်တွင်းတပ်ဆင်ထုတ်လုပ်သည့် SKD ကားများလည်း ဈေးကွက်နေရာတစ်ခုရှိလာကြောင်း၊ သင်္ကြန်ကာလပြီးလျှင် အရောင်းအဝယ်များ ပြန်ကောင်းလာနိုင်ကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူများက ပြောပြသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၃၀ ခန့် ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၀၀၊ Auto ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၂ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၀၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၁၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနှင့် တရုတ်နိုင်ငံထုတ် ဆိုင်ကယ်များ အရောင်းအဝယ် ပြန်လည်အေးသွားကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အခြားဘီးများမှာ ငွေကျပ် ၂၈ သိန်းမှ ၃၅ သိန်းခန့် ဈေးပေါက်နေပြီး အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး /125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိနေကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးကျော်စိုးထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း)အရောင်းအဝယ်ကောင်းမွန်လာပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၃၀၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး မတ် ၂၀**

မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း) အရောင်းအဝယ်ကောင်းမွန်လာပြီး ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၃၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့်ပဲပုပ်(ရှမ်း)များကို ယခုအခါ တရုတ်နိုင်ငံဘက်က ပြန်လည်ဝယ်ယူမှုများ ရှိလာကြောင်း၊ လက်ရှိတွင် ပြည်တွင်း၌ ပဲပုပ် (ရှမ်း) များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိမှာ ပဲပုပ်(ရှမ်း) တွေကို ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှုအားကောင်းလာတာကြောင့် အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် မတ်လ ဒုတိယပတ်အတွင်းက ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပဲပုပ်(ရှမ်း)ဈေးနှုန်းမှာ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၃၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲပုပ်(ရှမ်း) ကုန်စည်ကတော့ မန္တလေး ဈေးကွက်အတွင်းကော ပြည်တွင်း အခြားမြို့တွေကပါ အဝယ်တော်တော်လေး လိုက်လာတာကြောင့် ဈေးကောင်းရနေပါတယ်။ နောက်ပိုင်းမှာလဲ ပဲပုပ်(ရှမ်း) ဈေးနှုန်းတွေ ဆက်လက်ဈေးကောင်းဖို့ရှိနေပါတယ်" ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ်နွေရာသီ၌ ဆည်ရေသောက်စနစ်ဖြင့် မိုးကြိုနေကြာ ဧက ၂၀၀ စိုက်ပျိုးသွားမည်

**ရမည်းသင်း မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ်နွေရာသီ၌ ဆည်ရေသောက်စနစ်ဖြင့် မိုးကြိုနေကြာဧက ၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်အတွင်းရှိ တောင်သူများက လာမည့်မြေလ မှစ၍ ကျိုးနီကန်ရေသောက်ဒေသများတွင် မိုးကြိုနေကြာဧက ၂၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးနိုင်ရေးအတွက်လည်း မြေများထွန်ယက်ပြုပြင်ပြီးဖြစ်ကြောင်း၊ စိုက်ပျိုးသွားမည့် မိုးကြိုနေကြာမျိုးများမှာ ဆင်းရွှေကြာ(၂)နှင့် ရေဆင်းမျိုး(၁)နေကြာ နှစ်မျိုးကို အဓိကထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“မိုးကြိုနေကြာကို ကျိုးနီကန် ရေသောက်ဒေသတွေမှာ စိုက်ပျိုးသွားမှာပါ။ အခုချိန်မှာတော့ မြေခံထယ်ရေးပြင်ပြီးပါပြီ။ စိုက်ပျိုးရေသွင်းနေပါပြီ။ ထွန်ယက်ပြီးစိုက်ပျိုးဖို့ ပြင်နေပါပြီ။ အခုလို စိုက်ပျိုးနေတာကလဲ ပြည်တွင်းဆီစားသုံးမှုမှာ သန့်ရှင်းပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့၊ စားသုံးသူတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းတဲ့ နေကြာဆီကိုစားသုံးနိုင်ဖို့ပါ။ ပြည်ပက တင်သွင်းနေတာကို လျှော့ချဖို့အတွက် ပြည်တွင်းမှာ စိုက်ပျိုးပြီးတော့မှ ထုတ်လုပ်နိုင်ဖို့ ရည်ရွယ်တာပါ”ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

(၁၈၅)

# မိုးညိုမြို့နယ် ငါးကယ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညို မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးကယ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၃၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ငါးကယ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၂၆ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၆ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ပုသိမ်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ အကျိုးတူလယ်ယာစနစ်ဖြင့် နွေစပါး ဧက ၁၄၅၀၀ စိုက်ပျိုးပြီးစီး



**ပုသိမ် မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ အကျိုးတူလယ်ယာစနစ်ဖြင့်စိုက်ပျိုးခဲ့သည့် နွေစပါး ဧက ၁၄၅၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ အကျိုးတူလယ်ယာစနစ်ဖြင့် နွေစပါး ဧက ၁၄၅၀၀ ကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါနွေစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ပုသိမ်မြို့နယ်အတွင်းမှာ အကျိုးတူလယ်ယာစနစ်နဲ့ နွေစပါးတွေကို ဇန်နဝါရီလက စတင်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ နွေစပါးတွေအခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ ဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုနှစ် နွေစပါးတွေကို မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ အထွက်နှုန်းတွေ ကောင်းစေဖို့ တောင်သူနည်းပညာပေး၊ အသိပညာပေးလုပ်ငန်းတွေကိုလဲ ပို့ချပေးထားပါတယ်။ နွေစပါးတွေ ဈေးကောင်းရရှိစေဖို့ကိုလဲ စိုက်ပျိုးရေးကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပေးတာတွေကို လုပ်ပေးပါတယ်။ အခုနှစ်လဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်”ဟု ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြသည်။

ပုသိမ်မြို့နယ်တွင် အကျိုးတူလယ်ယာစနစ်ဖြင့် နွေစပါးများကို စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ နွေစပါးများဖြစ်ထွန်းအောင်မြင်စေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ အထွက်နှုန်းကောင်းစေရန်၊ စပါးအရည်အသွေးကောင်းစေရန်၊ ထွက်ရှိလာသည့်စပါးများ ဈေးကောင်းရရှိစေရန်အတွက် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးများပြန်လည်ရိတ်သိမ်းချိန်ထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကရင်ပြည်နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ရှစ်ကြိမ်ဖွင့်လှစ်မည်

**ဘားအံ မတ် ၃၀**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကာလတိုသင်တန်း ရှစ်ကြိမ်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးရန်မျိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါသင်တန်းများမှာ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်း၊ အခြေခံမော်တာစက်ချုပ်သင်တန်းများဖြစ်ကြောင်း သိရသည်။

“လာမဲ့ဘဏ္ဍာနှစ်မှာ သင်တန်းရှစ်ကြိမ်လျာထားဖွင့်လှစ်ပေးသွားမှာပါ။ အခုလို သင်တန်းတွေပေးတာကြောင့် မိသားစု အိုးမကွာအိမ်မကွာနဲ့ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းတွေကို ထူထောင်လာနိုင်မှာပါ။ သင်တန်းတွေကိုတော့ ဌာနကနေပြီးပေးတဲ့ သင်တန်းတွေရှိသလို မိတ်ဖက်ဌာနတွေနဲ့ပူးပေါင်းဖွင့်လှစ်ပေးတဲ့သင်တန်းတွေလဲရှိပါတယ်”ဟု ဦးရန်မျိုးနိုင်က ပြောပြ၍ သိရသည်။

**ကိုသက်**

# မြောက်ဦးမြို့နယ် နတ်ချောင်း(ဟောင်း)ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြောက်ဦး မတ် ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နတ်ချောင်း(ဟောင်း)ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နတ်ချောင်း(ဟောင်း)ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောက ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေးအတွက် တန်ပိုယာဉ်များဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ပေးရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကိုထိန်းသိမ်းရန် မှာကြားသည်။

နတ်ချောင်း(ဟောင်း)ကျေးရွာ၌ လမ်းအရှည် ပေ ၉၀၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် နှစ်သန်း စုစုပေါင်းငွေကျပ် ၁၂ သန်းအသုံးပြုပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီမံခန့်ခွဲမှု၊ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်အတွင်း စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၂၁၀၊ လူ ၁၁၁၄ ဦးတို့ သွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသန်း**



# မင်္ဂလာရှိတဲ့ ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်မှာ မင်္ဂလာရှိကြပါ

မောင်မြင့်သူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီး ဆင်နွှဲကြဖို့ နီးကပ်လာပြီကွ"

"တစ်နှစ်မှတစ်ခါ မင်္ဂလာရှိတဲ့ နှစ်သစ်ကူးပွဲတော်ကြီးဆိုတော့ ကြီးငယ်မရွေး၊ ပျော်ရွှင်ကြည်နူးကြရတာ တို့မြန်မာ့ရိုးရာယဉ်ကျေးမှုလေ့ဆိုရင် မမှားဘူးပေါ့ကွာ"

"တကယ်တော့ အတာသင်္ကြန်ဆိုတာ နှစ်ဟောင်းကနေ နှစ်သစ်ကိုကူးပြောင်းချိန်ပဲကွ။ နှစ်ဟောင်းက အညစ်အကြေးတွေကို သန့်စင်ဆေးကြောတဲ့အနေနဲ့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ရေစင်ပက်ဖျန်းကြတာကို အတာသဘင်သင်္ကြန်ပွဲတော်လို့ သတ်မှတ်ခေါ်ဆိုနေကြတာကွ။ **မင်္ဂလာဆိုတာက တိုးတက်ကြီးပွားကြောင်းတရား၊ ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်း၊ ကျက်သရေရှိခြင်း**ကိုခေါ်တာကွ။ နှစ်သစ်မင်္ဂလာဆိုတာ နှစ်သစ်မှာ လူသစ်စိတ်သစ်နဲ့တိုးတက်ကြီးပွား၊ ကောင်းမြတ်တင့်တယ်၊ ကျက်သရေရှိနေကြဖို့ အဓိဋ္ဌာန်နဲ့ ကြည်နူးရွှင်မြူးကြခြင်းပဲကွ"

"ရှေးအခါက ရေစင်ပက်ဖျန်းကြတဲ့နေရာမှာ နံ့သာရည်ကို သပြေခက်ကလေးနဲ့ ဆွတ်ပျံ့မွှေးကြူရယူပြီးတော့မှ ပက်ဖျန်းလိုသူရဲ့ ခွင့်ပြုချက်ကိုတောင်းခံပြီး ရိုးသားတဲ့စိတ်ရင်းအမှန်နဲ့ ညင်ညင်သာသာပက်ဖျန်းခဲ့ကြတာကွ။ အဲဒါဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုရဲ့ သရုပ်သကန်အစစ်အမှန်ပဲကွ။ တို့မြန်မာတိုင်းရင်းသားအားလုံး ပျော်တပြုံးပြုံးနဲ့ ကြည်နူးရွှင်မြူးနေခဲ့ကြတာပေါ့ကွာ။ ဒါပေမဲ့ တို့လူငယ်ဘဝက ကြည်နူးရွှင်မြူးခဲ့ကြတာနဲ့ ဒီနေ့လူငယ်တွေ ပျော်မြူးကြည်နူးနေကြတာနဲ့ ကွာခြားသွားပြီကွ"

"ငါလဲ ငယ်ဘဝကို အောက်မေ့တမ်းတမိတာပါပဲကွာ။ ကလေးဘဝမှာတုန်းက ဖောလားဝါးလားနဲ့ ရေဖလားတွေ၊ ရေခွက်တွေ၊ ရေပုံးတွေ၊ ဝါးပြွတ်၊ ကြေးပြွတ်တွေနဲ့ ရေပက်ခဲ့ကြတာကွ။ တော်တော်ပျော်ခဲ့ကြရတယ်။ ပျိုဖော်ဝင်အရွယ် လူငယ်ဘဝရောက်ပြန်တော့လဲ သင်္ကြန်ဟာ အချိန်ကုန်လွယ်လိုက်တာလို့ ပြောစမှတ်ဖြစ်အောင် ပျော်မြူးခဲ့ကြတယ်။ ယောက်ျားပျိုလေးတွေနဲ့ မိန်းမပျိုလေးတွေ အပြန်အလှန်ရေပက်ကြရင်းက ရင်းနှီးကျွမ်းဝင် ချစ်ခင်စုံမက်လက်ထပ်ခဲ့ကြတာတွေရှိခဲ့တယ်ကွ"

"မင်းပြောသလိုပါပဲကွာ။ ကျေးရွာတွေမှာက ရွာအနောက်ပိုင်းနဲ့ အရှေ့ပိုင်း၊ ရွာမြောက်ပိုင်းနဲ့ တောင်ပိုင်း အပြန်အလှန်ရေကစားကြတာတွေ၊ ချောင်းမြောင်းဖမ်းဆီးပြီး အိုးမဲတွေနဲ့ မျက်နှာကိုလိမ်းခြယ်ကြတာတွေ၊ အတင်းချုပ်ပြီး ကလေးအမေရဲ့ နို့ရည်တွေ တိုက်ကျွေးကြတာတွေ၊ စတုဒိသာကျွေးမွေးကြတာတွေ၊ မုန့်လုံးရေပေါ်ထဲမှာ ငရုတ်သီးစိမ်းထည့်ကျွေးပြီး ဟားတိုက်ရယ်မောကြတာတွေ၊ ဒုလ္လဘရဟန်းခံရှင်ပြုပွဲတွေ၊ ငါးတွေ၊ နွားတွေ၊ ဆိတ်တွေကို ဘေးမဲ့လွှတ်ကြတာတွေ၊ နှစ်ဆန်း ၁ ရက်နေ့မှာ အဋ္ဌရာယ်ကင်းပရိတ်ရွတ်ပြီး မကောင်းဆိုးဝါးတွေ နှင်ထုတ်ကြတဲ့အခါမှာ သံပုံးတွေ၊ ရေပုံးတွေ၊ ဝါးလက်ခုပ်တွေ၊ အသံမြည်စေတဲ့ အရာမှန်သမျှ တီးခတ်အော်ဟစ်ကြတာတွေကို ငါပြန်လည်မြင်ယောင်မိတယ်ကွာ။ အဲဒီအချိန်က ရိုးရာသင်္ကြန်ကို ငယ်မူပြန်ပြီး လွမ်းချင်လာတယ်ကွာ"

"ဩော်. . . မင်းကလဲ **နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာ ဖန်တော့တယ်၊ နိုင်ငံကြော်ပြည်သူမှာ၊ ပန်ဆယူတာရေသွန်းရိုန်မို့၊ လွမ်းလှတယ်လေး**လို့ **မဟာအတုလမင်းကြီး** စပ်ဆိုခဲ့တဲ့ တန်ဆူးလဘွဲ့ထဲကလိုပဲ လွမ်းနေတာပေါ့လေ"

"ငါလွမ်းတာက တို့ငယ်စဉ်ဘဝက မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်စစ်စစ်ကိုလွမ်းတာကွ။ အခုခေတ်မှာဖြစ်ချင်တိုင်းဖြစ်၊ ပျက်ချင်တိုင်းပျက်နေတဲ့ စရိုက်ပျက်သင်္ကြန်ကို လွမ်းတာမဟုတ်ဘူးကွ။ တို့ရိုးရာသင်္ကြန်က မြန်မာသင်္ကြန်နဲ့ မတူတော့ဘဲ ကပြားသင်္ကြန်ဖြစ်လာတာကိုတော့ ငါအော်ဂလီဆန်တယ်ကွာ"

"မင်းပြောတဲ့ ကပြားသင်္ကြန်ဆိုတာက ဘာကိုဆိုလိုတာလဲကွ"

"အင်္ဂလိပ်နှစ်သစ်ကူးပွဲကို ပုံတူကူးချပြီး မြန်မာသင်္ကြန်နဲ့ ရောသမမွှေထားလို့ပဲကွ။ ရိုးရာသင်္ကြန်ကို သရုပ်ပျက်သင်္ကြန်လုပ်နေကြလို့ ကပြားသင်္ကြန်လို့ ပြောချင်တာကွ။ မင်းစဉ်းစားကြည့်လေ။ ခေတ်စနစ်တွေပြောင်း လူနေမှုအလေ့အထတွေလဲ ပြောင်းလဲလာတဲ့အခါမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန် သရုပ်သကန်အစစ်အမှန်တွေဟာ မူလဘူတရင်းဇာစ်မြစ်မှန်နဲ့ သွေဖည်လာလို့ အမျိုးချစ်သူတွေက ထိန်းသိမ်းနေကြရသလို **မိပစ်လို့ ဖရောင်သွေ့သည်၊ စွကောင်တွေ၊ ခွေးဖြစ်ပေါ့ဗျို့**လို့ **အချုပ်တန်းဆရာဖေ** ရေးစပ်ခဲ့သလို ဟက်ပီးနယူးရီးယားလောက်မှ တန်ဖိုးမထားဖြစ်နေလေရော့သလားလို့ မေးချင်စရာကိန်းဆိုက်နေပြီကွ"

"မင်းပြောတာဟုတ်ပါတယ်။ အခုခေတ် သင်္ကြန်တွင်းကာလမှာ မြို့နယ်တွေမှာဆိုရင် လုံခြုံရေးတာဝန်ကျသူတိုင်းဟာ မနက် ၇ နာရီကနေ ညနေ ၆ နာရီထိ ရင်တမမနဲ့ဘာမှမဖြစ်ကြပါစေနဲ့လို့ တဖွဖွဆုတောင်းနေကြရတာကွ။ ဒါတောင် သတ်မှတ်ချိန် ည ၆ နာရီကျော်မှ အိမ်အပြင်ထွက်လာကြတဲ့ မောင်နဲ့နှမ၊ သားနဲ့အမိကို အရက်သေစာသောက်စားပြီး မူးယစ်နေကြတဲ့ ငမိုက်သား လူရမ်းကားတွေက ရေပက်စော်ကားခဲ့ကြလို့ မှုခင်းကြီးငယ်အသွယ်သွယ်တွေ ဖြစ်ပေါ်နေတာ နှစ်စဉ်လိုလိုပဲကွာ"

"နေ့ဘက်မှာလဲ အရက်သေစာသောက်စားမူးယစ်ပြီး ကားတွေကို ထင်တိုင်းပြိုင်မောင်းကြလေတော့ ကားတိုက်မှုတွေ၊ ကားမှောက်မှုတွေဖြစ်ပြီး သေသူသေ၊ ကျေသူကျေဖြစ်ခဲ့ကြတာလဲ နှစ်စဉ်ပဲကွ"

"ရေပက်ကြတဲ့အခါမှာလဲ မီးသတ်ပိုက်နဲ့ ပက်ကြတာမျိုး၊ နှီဆီခွက်နဲ့ ခွက်စောင်းခုတ်ကြတာမျိုး၊ ရေပူဖောင်းနဲ့ နားအုံကိုပစ်ပေါက်တာမျိုးတွေရှိနေတယ်ကွ။ ဒါကြောင့် လွန်ခဲ့တဲ့သုံးနှစ်ကျော်က ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းကုဆေးရုံကြီးမှာ သင်္ကြန်အပြီး နားရောဂါလာပြသူ ၃၀၀ လောက်ရှိခဲ့တယ်။ ထက်ဝက်လောက်ဟာ တစ်သက်လုံးနားလေးသွားကြတယ်တဲ့။ နားစည်ပေါက်ပြမှု၊ နားစည်ကွဲမှု၊ နားအမြှေးရောင်မှု၊ နားတွင်းအရိုးပြုတ်ထွက်မှုတွေကို နှစ်စဉ်ကြုံတွေ့နေရတယ်လို့ နား၊ နှာခေါင်း၊ လည်ချောင်းကုဆေးရုံကြီးက အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်သန်းက ပြောခဲ့ဖူးတယ်ကွ"

"ဒီကြားထဲ မသန့်တဲ့ရေနဲ့ပက်တာမျိုးတွေ၊ နှုတ်သရမ်းသလို လက်သရမ်းမှု လွန်ကဲကြတာတွေလဲ ရှိတယ်ကွ။ ဆံပင်နီကြောင်ကျား၊ ဆံပင်ကွက်ကျားရိုက်ထားကြတာတွေ၊ မြန်မာလူမျိုးမှ ဟုတ်ကြသေးရဲ့လားလို့ မေးစရာကောင်းလောက်အောင် မပေါ့တပေါ် ဝတ်ဆင်မှုတွေ၊ ယိုသူမရှက် မြင်သူရှက်စရာကောင်းတဲ့ ဝတ်စားဆင်ယင်မှုတွေ၊ အဓမ္မမှု၊ မုဒိမ်းမှု လက်ရောက်မှုတွေကို လက်ယပ်ခေါ်နေတဲ့ မြူဆွယ်ဝတ်စားဆင်ယင်မှုတွေ၊ သံသေးသံကြောင်နဲ့ တောကောင်တွေ အော်ဟစ်နေသလို အရူးချေးပန်း သောင်းကျန်းနေကြတာတွေ၊ သမိုင်းဦးဘုံမြေခေတ်က လူရိုင်းတွေထက်တောင် ဆိုးရွားလွန်းတဲ့ သရုပ်ပျက်တွေကလဲ ပြောမဆုံးပေါင် တောသုံးထောင်လိုပါကွာ"

"ဒီနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်ပေါ်ကို မလုံမခြုံဝတ်ဆင်လာသူတွေကို အတက်မခံဘူးလို့ မြို့တော်ဝန်က သတိပေးထားတယ်ကွ။ အဲဒီလိုလုပ်သင့်တာကြာပြီ"

"တို့လဲ ကလေးဘဝကနေ လူငယ်လူရွယ်ဘဝကို ဖြတ်သန်းကျော်လွှားလာခဲ့ရတာပါပဲကွာ။ ပျော်သင့်တဲ့အရွယ်မှာ ပျော်သင့်ကြပါတယ်။ တို့လူငယ်လူရွယ်ဘဝကတော့ ရေပက်ခံဘဝထက် သင်္ကြန်မဏ္ဍပ်တွေမှာ သင်္ကြန်အလှကားပြိုင်ကြတာတွေ၊ သင်္ကြန်သံချပ်ထိုးပြိုင်ကြတာတွေ လုပ်ခဲ့ဖူးပါတယ်။ တို့က အလှအကသံချပ်တို့ ပြိုင်ပွဲတွေမှာ တစ်နေ့လုံး တစ်ညလုံးပြိုင်ခဲ့ကြတယ်ကွ။ နှစ်ဆန်း ၁ ရက်နေ့ အရုဏ်တက်မိုးလင်းထိ ပြိုင်ခဲ့ကြတာကွ။ တို့က အဲဒီလိုပြိုင်ပွဲဝင်နေရင် ဖြတ်သွားဖြတ်လာ ရေပက်ခံကားတွေက "စီးပွားရေးအကြံသမားတွေ အသပြာသမားတွေဟေ့။ ဝေစားမျှစားတွေ"လို့ လှောင်ပြောင်သရော်သွားကြလေ့ရှိတယ်ကွ။ တို့ကလဲ တို့အလုပ်ပဲ လုပ်ခဲ့ကြတာပါ။ သူတို့ကို ဂရုမစိုက်ပါဘူး။ ပြိုင်ပွဲဝင်နေရင်းက ငါးဖောင်ရိုးခြောက်ကြော်တို့ လက်မဆေးနိုင်ဘဲ ကြုံသလို စားသောက်ခဲ့ရတဲ့ တစ်ချိန်ကသင်္ကြန်ကို မင်းလိုပဲ ငါလဲလွမ်းတသသဖြစ်ခဲ့တယ်ကွာ"

"ဒါပေမဲ့ တို့အရွယ်က တတိယအရွယ်ရောက်လာပြီဆိုတော့ အဲဒါတွေကို ငယ်မူပြန်တဲ့အနေနဲ့ အောက်မေ့တမ်းတ သတိရနေရုံအဆင့်ကလွဲလို့ ဘာများတတ်နိုင်မှာလဲကွာ။ တို့အရွယ်က အနားယူချိန်အများဆုံးရတဲ့ သင်္ကြန်အခါတွင်းကာလမှာ တရားစခန်းဝင်ပြီး ဝိပဿနာဘာဝနာပွားဖို့ပဲ ရှိတော့တယ်မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ကွာ၊ နှစ်သစ်ကူးသင်္ကြန်အခါသမယမှာ ရဟန်းခံရှင်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲ၊ တရားပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ တိရစ္ဆာန်ဘေးမဲ့လွှတ်ပွဲ၊ တရားစခန်းတွေဖွင့်ပွဲ၊ အဘိုးအဘွားတွေကို တရော်ကင်ပွန်းခေါင်းလျှော်ရည်လှူဒါန်းပွဲ၊ ခြေသည်းလက်သည်းလှီးဖြတ် မြတ်ဒါနခံယူပွဲ၊ နှစ်ဆန်း ၁ ရက်နေ့မှာ အဋ္ဌရာယ်ကင်းပရိတ်ရွတ်ပွဲ စတဲ့ကောင်းမှုကုသိုလ်အစုစုကို ပြုမူကျင့်ကြံကြလေ့ရှိတော့ အပျော်မက်တဲ့ဘဝထက် ဘဝကူးကောင်းအောင် ကျင့်ကြံကြိုးကုတ်အားထုတ်ကြရတော့မှာပေါ့ကွာ"

"မင်းပြောမှပဲ **ထိန့်လိုက်တဲ့ အိုးစည်၊ နဲကလည်းပီသနဲ့၊ သီသူကသီကြ၊ ကသူက ကလာ၊ နွားကြီးလည်းပါသဟေ့၊ ကျောပေါ်မှာကော်ဇော၊ အမွှေးရောသနပ်ခါး၊ ချိုဖျားမှာ ပိတောက်ပန်းတွေက တလျှမ်းလျှမ်းရွှေအဆင်၊ နွားစိတ်ထဲ၊ အစဲသားဝင်လိုက်ရ၊ ရွှင်လိုက်မယ့်ဖြစ်ခြင်း**ရယ်လို့ **အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ**ခံစားရေးဖွဲ့ခဲ့တဲ့ ဘေးမဲ့အလွှတ်ခံ နွားတွေရဲ့အကြောင်းကဗျာကို သတိရလိုက်မိတယ်ကွာ။ တချို့လဲ ငါးတွေ၊ စာကလေးတွေ၊ ဆိတ်တွေ၊ သိုးတွေ၊ တိရစ္ဆာန်မျိုးစုံကို သင်္ကြန်တွင်းမှာ ဘေးမဲ့လွှတ်ကြတာဟာ မုဒိတာပွားစရာကောင်းသလို တော်တော်ကုသိုလ်ရတဲ့ မြတ်ဒါနပဲကွ"

"အချို့လူငယ်လူရွယ်တွေလဲ ဒုလ္လဘရဟန်းခံပြီး ဘာဝနာပွားနေကြသလို တရားစခန်းတွေမှာ အဓိဋ္ဌာန်ဝင်ပြီး ဝိပဿနာတရားကို ရှုမှတ်ဆင်ခြင်နေကြတာလဲ ရှိတယ်ကွ။ ငါ ဒုလ္လဘရဟန်းခံပြီး ဆွမ်းဆန်စိမ်းအလှူခံတော့ လူငယ်လူရွယ်တွေလဲပါတယ်ကွ။ ရပ်ကွက်တစ်ရပ်ကွက်ထဲရောက်တော့ သူတို့လို အရွယ်တွေကော အသက်ကြီးသူတွေပါ အရက်ဝိုင်းဖွဲ့သောက်ပြီးရိုင်းစိုင်းနေကြတာတွေ့လိုက်ရတော့ **ဩော်...လူရှင်းတူပါလျက်နဲ့အသက်ရှူကွဲတာဟာ ဒါမျိုးပါလား**လို့တွေးခဲ့မိတယ်"

"မြန်မာဗုဒ္ဓဘာသာအများစုဟာ မင်္ဂလာရှိတဲ့ ကုသိုလ်ကောင်းမှုအစုစုကို သင်္ကြန်အခါတွင်းမှာ ဆောက်တည်ပွားများနေကြချိန်မှာ အပျော်မက်သူတွေ၊ အပျော်ကလက်သူ အနည်းစုကတော့ ပျော်ကြပါးကြ၊ မော်ကြကြွားကြနဲ့ လောကကြီးကို ခါးစောင်းတင်နေကြပါလားလို့ တွေးမိတယ်ကွ။ သူတို့ လောကကြီးကို ခါးစောင်းတင်တာက သူတို့ကိုစွဖြစ်ပေမဲ့ အခြားမဆိုင်သူတွေကိုပါ ထိခိုက်ဒဏ်ရာရကြတာတွေ၊ သေကျေကျိုးကန်းပြီး ဆေးရုံအရေးပေါ်ခန်း ရောက်ရတာတွေ၊ ကျီစားမှုလွန်ကဲကြရာမှ ရန်ပွဲအသွင်ကနေပြီး မှုခင်းကြီးငယ် အသွယ်သွယ်ဖြစ်ကြရတာတွေကို နှစ်စဉ်ကြုံတွေ့နေကြရတာပဲကွ"

"**ချစ်လင်ဘုရင်က မိဖုရားဓေလုံကို ကျီစယ်တဲ့အနေနဲ့ လုပ်ုံအလယ်မှာ ရေကစားမိလို့ ဓေလုံက အထင်လွဲပြီး ချစ်လင်ကို အဆိပ်စတ်လုပ်ကြတာ ဘုရင်ကသိသွားတော့ ဓေလုံကို မီးပုံမှာမီးရှို့သတ်ခဲ့တဲ့ သာဓကတစ်ရပ် သမိုင်းအစဉ်အလာမှာ ကမ္ပည်းတင်ထားတာ အထင်အရှားရှိခဲ့ပေမဲ့ ခေါင်းဆေးဆင်ခြင်မှုကင်းမဲ့ကြတော့ မှုခင်းတွေဖြစ်ပေါ်နေဆဲပဲပေါ့ကွာ**"

"ဒါကြောင့်လဲ ရန်ကုန်မြို့မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီက နှစ်စဉ်နှစ်တိုင်းပဲ **မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူတွေလိုက်နာကြဖို့ တိုက်တွန်းနှိုးဆော်ချက်**တွေကို ထုတ်ပြန်သတိပေးခဲ့တယ်ကွ"

"ဒ့ပြင် **မြို့ကြီးပြကြီးနဲ့ အနယ်နယ်အရပ်ရပ်က တာဝန်ရှိသူတွေကလဲ**–

**၁။ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။**

**၂။ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။**

**၃။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်နဲ့ မြှင့်တင်ပါ။**

ဆိုပြီး လှုံ့ဆော်ခဲ့သလို သင်္ကြန်တွင်းမှာ ယာဉ်မောင်းတွေကိုလဲ **ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**က သတိပေးနှိုးဆော်ချက်တွေကို အခါအားလျော်စွာ ထုတ်ပြန်ပြီး ထိထိရောက်ရောက် အရေးယူခဲ့တယ်ကွ"

"အဲဒီထုတ်ပြန်ထားတဲ့ နှိုးဆော်ချက်တွေအတိုင်းသာ လိုက်နာကြမယ်ဆိုရင်တော့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဟာ မင်္ဂလာရှိတဲ့ အစဉ်အလာကို ဆက်လက်ထိန်းကျောင်းနိုင်တာပေါ့ကွာ"

"မန္တလေးမှာကျင်းပခဲ့ကြတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲနေပုံတွေကိုကြည့်ရင် ပီတိဖြစ်စရာကောင်းပါဘိကွာ။ **သင်္ကြန်မိုး** ရုပ်ရှင်ဇာတ်ကားထဲကအတိုင်း သင်္ကြန်အလှကားတွေ၊ သင်္ကြန်အကကားတွေ စုပေါင်းသီဆိုကြတာတွေဟာ ဘယ်တော့မှ မရိုးနိုင်ဘူးကွ။ သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားသင့်တယ်ကွာ"

"မန္တလေးမှာသာမကဘဲ အချို့ကျေးလက်ဒေသတွေမှာလဲ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို စောင့်ရှောက်ထိန်းသိမ်းနေကြပါတယ်ကွာ"

"ကြားရရုံနဲ့ မင်္ဂလာရှိလှပါဘိကွာ"

> ❖ ရှေးအခါက ရေစင်ပက်ဖျန်းကြတဲ့နေရာမှာ နံ့သာရည်ကို သပြေခက်ကလေးနဲ့ ဆွတ်ပျံ့မွှေးကြူရယူပြီးတော့မှ ပက်ဖျန်းလိုသူရဲ့ ခွင့်ပြုချက်ကို တောင်းခံပြီး ရိုးသားတဲ့စိတ်ရင်းအမှန်နဲ့ ညင်ညင်သာသာပက်ဖျန်းခဲ့ကြတာကွ။ အဲဒါဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုရဲ့ သရုပ်သကန်အစစ်အမှန်ပဲကွ။ တို့မြန်မာတိုင်းရင်းသားအားလုံး ပျော်တပြုံးပြုံးနဲ့ ကြည်နူးရွှင်မြူးနေခဲ့ကြတာပေါ့ကွာ။ ဒါပေမဲ့ တို့လူငယ်ဘဝက ကြည်နူးရွှင်မြူးခဲ့ကြတာနဲ့ ဒီနေ့လူငယ်တွေ ပျော်မြူးကြည်နူးနေကြတာနဲ့ ကွာခြားသွားပြီကွ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရန်ကုန်-ပုဂံအမြန်ရထား အမှတ်(၆၁)အဆန်နှင့် အမှတ်(၆၂)အစုန်ရထား ခရီးစဉ်များကို အပတ်စဉ် အင်္ဂါနေ့နှင့် သောကြာနေ့သို့ ပြောင်းလဲပြေးဆွဲမည်

**ရန်ကုန် မတ် ၁၀**

ရန်ကုန်-ပုဂံအမြန်ရထားအမှတ်(၆၁) အဆန်နှင့်အမှတ်(၆၂)အစုန်ရထားခရီးစဉ်များကို အပတ်စဉ်အင်္ဂါနေ့နှင့်သောကြာနေ့သို့ပြောင်းလဲ ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်းအမှတ်(၇) (ရန်ကုန်တိုင်းဒေသကြီး) လက်ထောက်မန်နေဂျာ ဦးကျော်မျိုးလွင်က ပြောပြ၍ သိရသည်။

ရန်ကုန်-ပုဂံအမြန်ရထားအမှတ်(၆၁)အဆန်နှင့် အမှတ်(၆၂)အစုန်ရထားခရီးစဉ်များကို ယခင်က အပတ်စဉ် သောကြာနေ့နှင့်တနင်္ဂနွေနေ့များတွင် ပြေးဆွဲလျက်ရှိရာ အမှတ်(၆၁) အဆန်ရထားသည် ရန်ကုန်မှ ညနေ ၄ နာရီ ၁၅ မိနစ်တွင်ထွက်ရှိကာ ပုဂံဘူတာသို့ နောက်တစ်နေ့ မွန်းတည့် ၁၂ နာရီတွင်ရောက်ရှိပြီး အမှတ်(၆၂)အစုန်ရထားသည် ပုဂံမှ ညနေ ၄ နာရီ ၁၅ နာရီတွင် ထွက်ခွာလာကာ ရန်ကုန်ဘူတာကြီးသို့ နောက်တစ်နေ့ မွန်းတည့် ၁၂ နာရီတွင် ဆိုက်ရောက်ကြောင်း သိရသည်။

"ရန်ကုန်-ပုဂံ တိုက်ရိုက်အမြန်ရထားခရီးစဉ်တွေမှာ အမှတ်(၆၁) အဆန်နဲ့အမှတ်(၆၂)အစုန် ရထားခရီးစဉ်တွေကို ဇန်နဝါရီ ၂၃ ရက်ကနေစတင်ပြီး အပတ်စဉ်သောကြာနေ့နဲ့ တနင်္ဂနွေနေ့တွေမှာ ပြေးဆွဲပေးနေတာဖြစ်ပါတယ်။ လာမဲ့ ဧပြီလက စတင်ပြီး အပတ်စဉ် အင်္ဂါနေ့နဲ့ သောကြာနေ့တွေမှာ ပြောင်းလဲပြေးဆွဲပေးမှာဖြစ်ပါတယ်။ ရထားခရီးစဉ်တစ်လျှောက် ကြားဘူတာ ၂၃ ဘူတာ ရပ်တန့်ပေးသွားမှာဖြစ်ပြီး ရထားတွဲဆိုင်းတွေအနေနဲ့ ရိုးရိုးတန်း ငါးတွဲ၊ အထက်တန်းထိုင်ခုံ တစ်တွဲ၊ အထက်တန်းအိပ်စင်တစ်တွဲနဲ့ ဘရိတ်တွဲတစ်တွဲ ပါဝင်မှာဖြစ်ပါတယ်။ လက်မှတ်ခအနေနဲ့ကတော့ ရိုးရိုးတန်းကို ငွေကျပ် ၇၂၀၀၊ အထက်တန်းကို ငွေကျပ် ၁၄၄၀၀၊ အိပ်စင်ကို ငွေကျပ် ၁၄၈၀၀ ဖြစ်ပြီး တစ်ရက်ကြိုတင်ဝယ်ယူရမှာဖြစ်ပါတယ်"ဟုဦးကျော်မျိုးလွင်က ပြောပြသည်။

ရန်ကုန်-ပုဂံ အမြန်ရထားခရီးစဉ်အတွင်း ရပ်တန့်ဘူတာများမှာ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်၊ ပုတီးကုန်း၊ သဲကုန်း၊ ဆင်မြီးဆွဲ၊ ပြည် (ရွှေတံခါး)၊ အောင်လံ၊ ဆတ်သွား၊ တောင်းတွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ လေးအိမ်၊ သာမြား၊ ပင်းချောင်း၊ ကျောက်ပန်းတောင်း၊ ငါ့မင်းမေး၊ စုတည် ဘူတာများဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ရထားဖြင့်အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များကို လိုရာခရီးသို့ တင်ပို့နိုင်ရေးအတွက် စီစဉ်ပေးလျက်ရှိရာ စီးနင်းမှုနှင့် ကုန်စည်တင်ပို့မှုများပြားလာသည့် အခြေအနေအပေါ် မူတည်၍ ရထားခရီးစဉ်များကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH



# ကြံခင်းမြို့နယ် ကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြံခင်း မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကြို့ကုန်းကျေးရွာ၌ ငွေစာရင်းဖြည့်သွင်းထားရှိမှု၊ စာရင်းဇယားထိန်းသိမ်းမှုများနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နေကြာသီးနှံစိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်က လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကြံခင်းမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ယခုဘဏ္ဍာနှစ်မှစတင်၍ ကျေးရွာ ၇၀ ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အနက် ကြို့ကုန်းကျေးရွာ၌ ငွေကျပ်သန်း ၂၀ ဖြင့် အိမ်ထောင်စု ၅၃ စုက ဆီထွက်သီးနှံနေကြာများ စိုက်ပျိုးလျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်က ပြောပြ၍ သိရသည်။

သံသာ

## အပေါင်းလက္ခဏာ ကူညီပါ

- အို . . . ရှိနေသောသူ မရှိသူကို
  ကူညီလိုက်ပါ ကျွေးမွေးပါ။

- အို . . . ရှိနေသောသူ မရှိသူကို
  ဖေးကူလိုက်ပါ ဝေမျှပါ။

- အို . . . ရှိနေသောသူ မရှိသူကို
  ကြည်ဖြူလိုက်ပါ ပေးကမ်းပါ။

- ဘဝဆိုတာ လူ့ကမ္ဘာတွင်
  ပေါင်းတာလည်းရှိ အနုတ်ရှိ၊
  ကောင်းတာလည်းရှိ အဆိုးရှိ၊
  မြတ်တာလည်းရှိ အရှုံးရှိ။

- ဘယ်အခါမှ
  ထာဝရအပေါင်း ထာဝရကောင်းတတ်
  ထာဝရမြတ်တာ မရှိပါ။

- ရံဖန်ရံခါ အနုတ်ပါပြီး
  ဆိုးတာလည်းရှိ အရှုံးရှိ
  သတိကြပ်ကြပ် ထားပါဘိ။

- ဘဝလှည့်ပြောင်း ကိုယ့်လမ်းကြောင်း၌
  အပေါင်းလက္ခဏာ ပေါ်တုန်းခါဝယ်
  မေတ္တာလျှမ်းတောက် သဒ္ဓါပေါက်၍
  ထောက်ပံ့ပေးကြ နှလုံးလှလျက်
  ပရဟိတထုံး ကိုယ်စီသုံးကာ
  ပြုံးပျော်ရွှင်မွေ့ကြစေသော။ ။

**မင်းယဉ်စု**

# ရေဖြူမြို့နယ် မင်းဒပ်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေဖြူ မတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဂေါ်ဇွန်းကျေးရွာအုပ်စု မင်းဒပ်ကျေးရွာ၌ ကျေးလက်စီးပွားရန်ပုံငွေ မြင့်မားရေးထူထောင်ခြင်းစီမံကိန်း (RBF)ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လင်းက စီမံကိန်းချေးငွေများကို ကျေးရွာရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေး အရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ကျေးလက်စီးပွားရန်ပုံငွေမြင့်မားရေးထူထောင်ခြင်းစီမံကိန်း ပထမအကြိမ်အဖြစ် ရေဖြူမြို့နယ် မင်းဒပ်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်သူ အစုအဖွဲ့ သုံးဖွဲ့အတွက် ငွေကျပ်သိန်း ၁၈၀၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်မည့်သူ အစုအဖွဲ့ နှစ်ဖွဲ့အတွက် ငွေကျပ်သိန်း ၁၂၀ စုစုပေါင်း အစုအဖွဲ့ ငါးဖွဲ့အတွက် ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နီလာ

## နိုင်ငံတကာ သတင်းများ

# ဟွန်ဒူးရပ်စ်သမ္မတ ရှီအိုမာရာကတ်စထရို တရုတ်နိုင်ငံသို့ သွားရောက်ရန်စီစဉ်ထား

**တီဂူဆီဂယ်ပါ မတ် ၃၀**

ဟွန်ဒူးရပ်စ်သမ္မတ ရှီအိုမာရာကတ်စထရိုသည် တရုတ်နိုင်ငံသို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက မတ် ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသို့ သမ္မတ ရှီအိုမာရာကတ်စထရို သွားရောက်ရန် စီစဉ်ထားမှုကို ဟွန်ဒူးရပ်စ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသော်လည်း ခရီးစဉ်အချိန်ကာလအတိအကျကိုကြေညာထားခြင်းမရှိကြောင်း သိရသည်။

တရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အဆံ ဖြတ်တောက်ပြီး တရုတ်ပြည်မကြီးနှင့် တရားဝင်သံတမန်ဆက်ဆံရေးစတင်ထားရှိခဲ့ပြီးနောက် တရုတ်နိုင်ငံသို့ သွားရောက်ရန် ဟွန်ဒူးရပ်စ်သမ္မတက စီစဉ်ထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့သည် မတ် ၂၆ ရက်တွင် နှစ်နိုင်ငံကြားသံတမန်ဆက်ဆံရေးကို တရားဝင်စတင်ခဲ့ကြသည်။

ဟွန်ဒူးရပ်စ်သမ္မတ ရှီအိုမာရာကတ်စထရို၏ ခရီးစဉ်ကို မိမိတို့ကြိုဆိုကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မတ် ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

ဟွန်ဒူးရပ်စ်နိုင်ငံက တရုတ်နိုင်ငံနှင့်တရားဝင်သံတမန်ဆက်ဆံရေးထားရှိခဲ့ပြီးနောက် တရုတ်(တိုင်ပေ)နှင့် တရားဝင်သံတမန်အဆက်အဆံရှိသော နိုင်ငံပေါင်းမှာ ၁၃ နိုင်ငံသာကျန်ရှိတော့ကြောင်း သိရသည်။ KKO

# ဒုံးကျည်စမ်းသပ်မှုပြုလုပ်ရေးအစီအစဉ်များအတွက် အမေရိကန်ကို ကြိုတင်အသိပေးတော့မည်မဟုတ်ဟု ရုရှားပြောကြား



**မော်စကို မတ် ၃၀**

ဒုံးကျည် စမ်းသပ်မှုများနှင့်ပတ်သက်၍ ရုရှားနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံကို ကြိုတင်အသိပေးတော့မည်မဟုတ်ကြောင်း ရုရှားထိပ်တန်းသံတမန်တစ်ဦး၏ အဆိုကို ကိုးကား၍ အေပီသတင်းဌာနက မတ် ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

မဟာဗျူဟာ ချူကလီးယားလက်နက်များ ထိန်းချုပ်ရေးစာချုပ်သစ်၌ပါဝင်မှု ရပ်ဆိုင်းခဲ့ပြီးနောက် ဒုံးကျည် စမ်းသပ်မှုများအတွက် အမေရိကန်နိုင်ငံကို ကြိုတင်အသိပေးတော့မည်မဟုတ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးဆာဂေးယက်ဘ်ကော့ဗ်က မတ် ၂၉ ရက်တွင် ရုရှားမီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

မဟာဗျူဟာ ချူကလီးယားလက်နက်များ ထိန်းချုပ်ရေးစာချုပ်သစ်အရ ရုရှားနှင့်အမေရိကန်နိုင်ငံတို့သည် ဒုံးကျည်စမ်းသပ်မှုများပြုလုပ်မည်ဆိုပါက တစ်ဖက်နှင့်တစ်ဖက် ကြိုတင်အသိပေးရမည်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် မဟာဗျူဟာ ချူကလီးယားလက်နက် ထိန်းချုပ်ရေးစာချုပ်သစ်သည် ချူကလီးယားလက်နက် အများဆုံးပိုင်ဆိုင်ထားသောနိုင်ငံများဖြစ်ကြသည့် အမေရိကန်နှင့်ရုရှားတို့ကြား နောက်ဆုံးကျန်ရှိသော လက်နက်ထိန်းချုပ်ရေးစာချုပ်ဖြစ်သည်။

သို့သော် ယူကရိန်းပြဿနာကိုအကြောင်းပြု၍ အမေရိကန်နိုင်ငံနှင့် ရုရှားကြား ဆက်ဆံရေးတင်းမာလာခဲ့ရပြီးနောက် အဆိုပါသဘောတူညီချက်၌ ရုရှားပါဝင်မှုရပ်ထားမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ပြီးခဲ့သည့်လအတွင်း ကြေညာခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် ဆိုက်ဘေးရီးယားဒေသ၌ မဟာဗျူဟာမြောက် ဒုံးကျည်များဖြင့် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ KKO

# ဖိလစ်ပိုင်၌ ကူးတို့သင်္ဘောမီးလောင် အနည်းဆုံး လူပေါင်း ၂၉ ဦး သေဆုံး

**မနီလာ မတ် ၃၀**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဘာဆီလန်ကျွန်း ကမ်းရိုးတန်းအနီး၌ မတ် ၂၉ ရက် ညပိုင်းက ခရီးသည်တင် ကူးတို့သင်္ဘောတစ်စီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၂၉ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သော အမ်ဗွီလေဒီမာရီလ္လိုင်း-၃ အမည်ရှိ အဆိုပါ ကူးတို့ရေယာဉ်ပေါ်တွင် မီးလောင်မှုဖြစ်ပွားချိန်၌ ခရီးသည်နှင့်ရေယာဉ်အမှုထမ်း ဦးရေ ၂၆၀ ကျော် လိုက်ပါလာကြောင်း သိရသည်။

သင်္ဘော မီးလောင်နေစဉ် ရေထဲခုန်ချထွက်ပြေးခဲ့သူ အများအပြားကို ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်နှင့် အနီးဝန်းကျင်ရှိ ရေယာဉ်များက ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ကူးတို့သင်္ဘော မီးလောင်မှုကြောင့် သေဆုံးခဲ့ရသူများအနက် ၁၁ ဦးမှာ ရေထဲခုန်ချပြီးနောက် ရေနစ် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၁၈ ဦးမှာ မီးလောင်မှုကြောင့်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဖိလစ်ပိုင်ရှာဖွေကယ်ဆယ်ရေး သမားများသည် မီးလောင်ကျွမ်းမှု ခံထားရသော ကူးတို့ရေယာဉ်အတွင်း ရှာဖွေစစ်ဆေးမှုများပြုလုပ်နေကြဆဲဖြစ်သည်။

ကျွန်းပေါင်း ၇၆၀၀ ကျော်ဖြင့်ဖွဲ့စည်းထားသည့် ဖိလစ်ပိုင်နိုင်ငံ၌ ရေယာဉ်များသက်တမ်းအိုဟောင်းမှု၊ သတ်မှတ်လူဦးရေထက် ပိုမိုတင်ဆောင်မှုများကြောင့် ရေကြောင်းမတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်ကြောင်း သိရသည်။

KKO



# ဥရောပနိုင်ငံများနည်းတူ ဈေးကွက်များဖွင့်ပေးရန် အာရှနိုင်ငံများကို စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ် တိုက်တွန်း

**ပေကျင်း မတ် ၃၀**

အနောက်အုပ်စု နိုင်ငံများမှ ကုမ္ပဏီများအတွက် ဈေးကွက်များဖွင့်ပေးကြရန် စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က ယနေ့တွင် အာရှနိုင်ငံများကို တိုက်တွန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အာရှနှင့် ဥရောပကြားနှစ်ဖက်ကုန်သွယ်ရေး အားကောင်းလာစေရန် ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီများတန်းတူယှဉ်ပြိုင်နိုင်မှု စည်းမျဉ်းမူဘောင်တစ်ရပ်ကို အာရှနိုင်ငံများထားရှိရန်လိုကြောင်း စပိန်ဝန်ကြီးချုပ်က တရုတ်နိုင်ငံ၌ ကျင်းပသည့် စီးပွားရေးဖိုရမ်တစ်ခု၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အနောက်အုပ်စုနိုင်ငံများအနေဖြင့် ပြည်ပကုမ္ပဏီများအတွက် ၎င်းတို့၏ဈေးကွက်များအားဖွင့်ပေးထားသလို အာရှနိုင်ငံများအနေဖြင့်လည်း အလားတူတုံ့ပြန်သင့်ကြောင်း စပိန်ဝန်ကြီးချုပ်က တိုက်တွန်းခဲ့သည်။

ဥရောပနှင့် တရုတ်ကြား ဆက်ဆံရေးမှာ ထိပ်တိုက်ရင်ဆိုင်မှုအခြေခံဆက်ဆံရေးမျိုးဖြစ်ရန် မလိုအပ်ကြောင်း၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒ ပြန်လည်ကျင့်သုံးမှုသည် အတိတ်သို့ ပြန်လှည့်သည့်သဘောသာဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ်က သုံးသပ်ခဲ့သည်။



လက်ရှိအချိန်တွင် ဥရောပခေါင်းဆောင်များသည် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့နှင့်တန်းတူယှဉ်ပြိုင်ရေးအတွက် မြစိမ်းရောင်စွမ်းအင်ကဏ္ဍအတွက် နိုင်ငံတော်က အကူအညီပေးအပ်မှုကန့်သတ်ချက်များကို ပယ်ဖျက်ရန် ဆွေးနွေးလျက်ရှိသည်။

လက်ရှိအချိန်တွင် နေစွမ်းအင်ဆိုလာပြားထုတ်လုပ်မှု၊လေစွမ်းအင်ဒလက်များနှင့် လျှပ်စစ်မော်တော်ယာဉ် ဘက်ထရီထုတ်လုပ်မှုများ အကျုံးဝင်သည့် မြစိမ်းရောင်စွမ်းအင်ဈေးကွက်၏ ၅၀ရာခိုင်နှုန်းကို တရုတ်ကုမ္ပဏီများက လွှမ်းမိုးထားကြောင်း သိရသည်။ KKO

# ဂီနီယာပင်လယ်ကွေ့၌ ပင်လယ်ဓားပြများသိမ်းပိုက်ထားသော ဒိန်းမတ်ကုန်တင်သင်္ဘောကို ကမ်းနှင့်မိုင် ၅၄၀ ခန့်အကွာတွင် တွေ့ရှိထား

**ကိုပင်ဟေဂင် မတ် ၃၀**

ဂီနီယာ ပင်လယ်ကွေ့ဒေသ၌ ပင်လယ်ဓားပြများ စီးနင်းသိမ်းပိုက်ထားသည့် ဒိန်းမတ်ကုန်တင်သင်္ဘောကို ကမ်းရိုးတန်းနှင့် မိုင် ၅၄၀ ခန့်အကွာတွင် ရှာဖွေတွေ့ရှိထားကြောင်း ရိုက်တာသတင်းဌာနက မတ် ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

လိုက်ဘေးရီးယား နိုင်ငံ၌ မှတ်ပုံတင်ထားသော မွန်ဂျာဆာရီဖော်မာအမည်ရှိ အဆိုပါရေနံနှင့်ဓာတုပစ္စည်းတင် သင်္ဘောကို ပင်လယ်ဓားပြများက ကွန်ဂိုသမ္မတနိုင်ငံ ဖွန့်နွားဆိပ်ကမ်း၏အနောက်ဘက်မိုင် ၁၄၀ ခန့်အကွာ ရေပြင်အတွင်း မတ် ၂၅ ရက်တွင် စီးနင်းသိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် မွန်ဂျာဆာရီဖော်မာသင်္ဘောသည် ကမ်းရိုးတန်းနှင့် မိုင် ၅၄၀ ခန့်အကွာတွင် ရှိနေကြောင်း ဂီနီယာပင်လယ်ကွေ့ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနက မတ် ၂၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် မွန်ဂျာဆာရီဖော်မာသင်္ဘောပေါ်ရှိ ဆက်သွယ်ရေးစနစ်အားလုံးကို ပင်လယ်ဓားပြများက ပိတ်ထားပုံရကြောင်း သိရသည်။

ဂီနီယာ ပင်လယ်ကွေ့ဒေသသည် မကြာသေးမီနှစ်များအတွင်း ပင်လယ်ဓားပြများ သောင်းကျန်းရာ ကမ္ဘာ့ကုန်သွယ်ရေး ရေပြင်ဒေသတစ်ခုဖြစ်လာခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရ နိုင်ငံတကာ ရေတပ်သင်္ဘောများ၏ လုံခြုံရေးဆောင်ရွက်ချက်များကြောင့် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဂီနီယာ ပင်လယ်ကွေ့၌ ပင်လယ်ဓားပြသောင်းကျန်းမှုများ စတင်ကျဆင်းလာခဲ့ရကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ကမ္ဘာမြေပေါ် ပြန်လည်ကျရောက်လာမည့် ဒုံးပျံအစိတ်အပိုင်းများကို ထိန်းချုပ်ပေးနိုင်မည့် လေထီးစနစ်တစ်မျိုး စမ်းသပ်မှုပြုလုပ်



**ပေကျင်း မတ် ၃၀**

ကမ္ဘာမြေပေါ် ပြန်လည်ကျရောက်လာမည့် ဒုံးပျံအစိတ်အပိုင်းများကို ထိန်းချုပ်ပေးနိုင်မည့် လေထီးစနစ်တစ်မျိုးကို တရုတ်အမျိုးသား အာကာသအေဂျင်စီက အပြီးသတ် စမ်းသပ်မှုများပြုလုပ်နေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၉ ရက်က ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံ၏ အာကာသ မစ်ရှင်များ အရေအတွက်မြင့်မားလာသည်နှင့်အမျှ ကုန်းတွင်းပိုင်းမှ ပစ်လွှတ်လိုက်သော တရုတ်ဒုံးပျံများ၏အစိတ်အပိုင်းများ ကမ္ဘာပေါ်ကျရောက်မှုမှာ ပြဿနာတစ်ရပ် ဖြစ်လာခဲ့ရသည်။

လက်ရှိအချိန်တွင် တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းသည် ဒုံးပျံအစိတ်အပိုင်းများ သတ်မှတ်နေရာသို့ တိတိကျကျ ပြန်လည်ကျရောက်ရန် အကူအညီပေးမည့် လေထီးစနစ်တစ်မျိုးနှင့် ဆက်စပ်စနစ်များကို အပြီးသတ် စမ်းသပ်နေကြောင်း၊ အဆိုပါ လေထီးစနစ်ကို လောင်းမတ်ချ်-၃ ဘီ၊ လောင်းမတ်ချ်- ၃ စီနှင့် လောင်းမတ်ချ်-၂ အက်ဖ် ဒုံးပျံများ၏ ဘေးတွဲတွန်းကန်အားပေး ဒုံးယာဉ်များကို ပြန်လည်ရယူရေးအတွက် အသုံးပြုရန် တရုတ်နိုင်ငံက ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါ လေထီးစနစ်ကိုသုံးစွဲခြင်းဖြင့် ဘေးတွဲတွန်းကန်အားပေး ဒုံးယာဉ်များ ပြန်လည်ဆင်းသက်နိုင်မည့် နယ်မြေအကျယ်အဝန်းကို အရွယ်အစားချုံ့နိုင်မည်ဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ဒုံးပျံလွှတ်တင်မှုနှုန်းသည် ပြီးခဲ့သည့်၁၀နှစ်အတွင်း မြင့်တက်လာခဲ့ရာ ၂၀၁၃ ခုနှစ်တွင် အာကာသမစ်ရှင် ၁၅ ကြိမ်ထိသာ လွှတ်တင်နိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် ၆၄ ကြိမ်ထိ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။ KKO


## နာဆာ၏ တက်စ်ဂြိုဟ်တုက အရွယ်အစားကြီးမားသည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်း ရှာဖွေတွေ့ရှိ

**ဝါရှင်တန် မတ် ၃၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ တက်စ်ဂြိုဟ်တုသည် အရွယ်အစားကြီးမားသည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က မတ် ၂၉ ရက်က ရေးသားတင်ပြထားသည်။

တက်စ်ဂြိုဟ်တုက ရှာဖွေတွေ့ရှိထားသော နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ်ကို TOI-4603b ဂြိုဟ်ဟူ၍ နိုင်ငံတကာသိပ္ပံပညာရှင်များက အမည်ပေးထားသည်။

TOI-4603b ဂြိုဟ်သည် အရွယ်အစားအားဖြင့် ကြာသပတေးဂြိုဟ် အရွယ်အစားခန့်ရှိသော်လည်း ဒြပ်ထုမှာ ကြာသပတေးဂြိုဟ်ထက် ၁၃ ဆ ပိုများကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



အဆိုပါဂြိုဟ်သည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၇၃၁ နှစ်အကွာတွင်တည်ရှိသော TOI-4603 အမည်ရှိကြယ်ကို ၇ ဒသမ ၂၄ ရက်လျှင် တစ်ကြိမ်ကျ လှည့်ပတ်လျက်ရှိကြောင်း သိရသည်။

အရွယ်အစားနှင့်ဒြပ်ထုအတိုင်းအတာများအရ TOI-4603b ဂြိုဟ်သည် လူသားတို့ရှာဖွေတွေ့ရှိထားသမျှ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များအနက် အကြီးဆုံးဂြိုဟ်များအတွင်း ပါဝင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာ၏ တက်စ်ဂြိုဟ်တုသည် နေအဖွဲ့အစည်းဝန်းကျင်ရှိ ကြယ်ပေါင်း ၂၀၀၀၀၀ ကျော်တို့ကို စောင့်ကြည့်၍ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်များကို ရှာဖွေနေသော ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

KKO

## Space-X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၅၆ စင်း ထပ်မံလွှတ်တင်

**ဝါရှင်တန် မတ် ၃၀**

Space-X အာကာသနည်းပညာကုမ္ပဏီသည် မတ် ၂၉ ရက်က စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၅၆ စင်းကို ထပ်မံလွှတ်တင်ခဲ့ကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က မတ် ၂၉ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများသယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ဒုံးယာဉ်သည် စီစဉ်ထားသည့်အတိုင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင်မှ ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မတ် ၂၉ ရက် မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ယခုနှစ်အတွက် ၁၁ ကြိမ်မြောက် စတားလင့်ခ်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်း၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အစင်းရေ ၄၂၀၀ ကျော်ကို လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## တုပ်ကွေးဖြစ်ပွားပြီး တစ်ပတ်အတွင်း နှလုံးဖောက်နိုင်ခြေ ပုံမှန်ထက် ခြောက်ဆမြင့်မားလာနိုင်

**အမ်စတာဒမ် မတ် ၃၀**

တုပ်ကွေးရောဂါကူးစက်ခံရပြီး တစ်ပတ်တာကာလအတွင်း နှလုံးရုတ်တရက် ဖောက်နိုင်ခြေလည်း ပုံမှန်ထက် ခြောက်ဆမြင့်တက်လာနိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က မတ် ၂၉ ရက်က ရေးသားတင်ပြထားသည်။

နယ်သာလန် သုတေသနပညာရှင်များသည် တုပ်ကွေးရောဂါနှင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေတို့ကြား ဆက်စပ်မှုကို နားလည်ရေးအတွက် နယ်သာလန်လူဦးရေ ၄၀ ရာခိုင်နှုန်းအကျုံးဝင်သည့် ဓာတ်ခွဲခန်းရလဒ်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသော ရလဒ်များအရ တုပ်ကွေးရောဂါဖြစ်ပွားပြီးနောက် တစ်ပတ်တာအတွင်း နှလုံးရုတ်တရက်ဖောက်နိုင်ခြေမှာ တုပ်ကွေးမဖြစ်မီနှင့်ဖြစ်ပြီး တစ်နှစ်အတွင်း နှလုံးဖောက်နိုင်ခြေထက် ၆ ဒသမ ၁၆ ဆ ပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အထက်ပါလေ့လာတွေ့ရှိချက်အရ တုပ်ကွေးရောဂါလူနာများ အနေဖြင့် ရောဂါခံစားခဲ့ရပြီး တစ်ပတ်အတွင်း နှလုံးရုတ်တရက်ဖောက်မှုလက္ခဏာများကို သတိထားစောင့်ကြည့်ရန် လိုအပ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

တုပ်ကွေးရောဂါ ဖြစ်ပွားပြီး တစ်ပတ်အတွင်း နှလုံးရုတ်တရက်ဖောက်နိုင်ခြေလည်း မြင့်တက်လာတတ်ကြောင်း ၂၀၁၈ ခုနှစ်အတွင်း ကနေဒါ သုတေသနပညာရှင်များ ပြုလုပ်ခဲ့သည့် လေ့လာချက်တွင်လည်း ဖော်ထုတ်တင်ပြခဲ့ဖူးသည်။

ကနေဒါ သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ တုပ်ကွေးဖြစ်ပွားပြီး တစ်ပတ်အတွင်း နှလုံးရုတ်တရက်ဖောက်နိုင်ခြေမှာ ပုံမှန်ထက် ၆ ဒသမ ၀၅ ဆ ပိုမြင့်မားကြောင်း သိရသည်။ KKO

## ကိုယ်အလေးချိန်လျှော့ချခြင်းဖြင့် နှလုံးဖောက်နိုင်ခြေနှင့် ဆီးချိုဖြစ်နိုင်ခြေလျှော့ချနိုင်

**လန်ဒန် မတ် ၃၀**

ကိုယ်အလေးချိန်ကို လျှော့ချခြင်းဖြင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေတို့ကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မတ် ၂၉ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်အလေးချိန် လျှော့ချထားသူများသည် ကိုယ်အလေးချိန်ပြန်တက်လာခဲ့လျှင်ပင် နောင် ၄နှစ်ကြာထိ ကျန်းမာရေးအကျိုးကျေးဇူးများ ဆက်လက်ခံစားနိုင်ဆဲဖြစ်သည်။

ဗြိတိန် သုတေသနပညာရှင်များသည် ကိုယ်အလေးချိန်ချ အစီအစဉ်များ၌ပါဝင်ခဲ့သူ ဦးရေ ၅၀၀၀၀ ကျော်တို့၏ အချက်အလက်များကို စိစစ်လေ့လာခဲ့ကြကြောင်း သိရသည်။

ထွက်ပေါ်လာသည့် ရလဒ်များအရ ကိုယ်အလေးချိန် လျှော့ချထားသူများသည် အစီအစဉ်တွင်ပါဝင်မှု ပြီးဆုံးပြီးနောက် ကိုယ်အလေးချိန် အနည်းငယ်ပြန်တက်လာလျှင်ပင် နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေတို့ကို လျှော့ချထားနိုင်ဆဲဖြစ်ပြီး နှလုံးခုန်ချိန် သွေးဖိအား ကျဆင်းသွားတတ်သည့်အပြင် သွေးအတွင်း ဆိုးကျိုးပြု ကိုလက်စထရောပါဝင်မှုနှုန်းလည်း ကျဆင်းနေတတ်ကြောင်း၊ ထို့ပြင် ပုံစံ-၂ ဆီးချိုနှင့် ဆက်စပ်နေသော HbA1C ပရိုတင်းတစ်မျိုးတည်ရှိမှုလည်း ကျဆင်းနေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# WBO မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဂျန်နီဘတ်က ဘက်တလာနှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည်




**ကယ်လီဖိုးနီးယား မတ် ၃၀**

WBO မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ကာဇက်စတန်လက်ဝှေ့သမား ဂျန်နီဘတ်သည် စိန်ခေါ်သူ ကနေဒါလက်ဝှေ့သမား ဘက်တလာနှင့် မေ ၁၃ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း Boxingnews 24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နီဘတ်အတွက် အခက်အခဲမရှိသည့် ချန်ပီယံကာကွယ်ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်ကြောင်း သုံးသပ်ထားကြပြီး ဂျန်နီဘတ်ပရိသတ်များက ၎င်းအတွက် ဘက်တလာထက် ပိုမိုသာလွန်သည့် ပြိုင်ဘက်မျိုးဖြင့် ထိုးသတ်စေရန် ဆန္ဒရှိနေကြသည်။

ဘက်တလာသည် ၂၀၂၀ ခုနှစ်တွင် မက္ကဆီကိုလက်ဝှေ့သမား မာစီယာအား ငါးချီမြောက်တွင် အလဲထိုးရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင်လည်း ဂျပန်လက်ဝှေ့သမား မူရာတာအား ငါးချီမြောက်၌ပင် အလဲထိုးရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ဖူးသူဖြစ်သည်။

ဘက်တလာအနေဖြင့် ဂျန်နီဘတ်အတွက် ပြိုင်ဘက်ကောင်းတစ်ဦး မဖြစ်လာနိုင်သည့်အတွက်ကြောင့်လည်း ဂျန်နီဘတ်၏ ပရိသတ်များက ပိုမိုခက်ခဲမည့် ပြိုင်ဘက်မျိုးကို ရွေးချယ်စေလိုကြသည်။

ဂျန်နီဘတ်သည် ရှုံးပွဲမရှိရလဒ်ဖြင့် ကမ္ဘာ့ချန်ပီယံဖြစ်လာသူဖြစ်ပြီး စိန်ခေါ်ပွဲပေါင်း ၁၃ ပွဲထိုးသတ်ကာ အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်စိန်ခေါ်ပွဲ ရှစ်ပွဲထိ ရှိခဲ့ပြီး အမှတ်ဖြင့် အနိုင်ရခဲ့သည့်စိန်ခေါ်ပွဲ ငါးပွဲရှိခဲ့သည်။

ဂျန်နီဘတ်က "မစ်ဒယ်ဝိတ်တန်းမှာ ကျွန်တော်နဲ့ ထိုးသတ်သွားဖို့အတွက် ပြိုင်ဘက်တော်တော်များများကိုကမ်းလှမ်းခဲ့တယ်။ ဒါပေမဲ့လဲ အားလုံးက ကျွန်တော့်ကို ရှောင်နေကြတယ်။ ဒါကြောင့် ဘက်တလာကို အခွင့်အရေးပေးဖို့ ဆုံးဖြတ်ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ မစ်ဒယ်ဝိတ်တန်း လောကရဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်တွေကို ပိုင်ဆိုင်ချင်တယ်။ ဒါကြောင့် စိန်ခေါ်ပွဲတွေ တောက်လျှောက် ထိုးသတ်သွားမယ်။ ဘက်တလာကိုလဲ လျှော့တွက်လို့မရပါဘူး။ ဘက်တလာဟာ ထိုးချက်ပြင်းတဲ့ လက်ဝှေ့သမားကောင်းတစ်ယောက်ပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# စပါးအသင်းအားကစားဒါရိုက်တာ ပါရာတီစီကို နှစ်နှစ်ခွဲ ပွဲပယ်ပြစ်ဒဏ်ချမှတ်



**ဇူးရစ် မတ် ၃၀**

စပါးအသင်း အားကစားဒါရိုက်တာ ပါရာတီစီသည် ဂျူဗင်တပ်အသင်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ကစားသမား အပြောင်းအရွှေ့များတွင် ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုများကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ၎င်းအား ဘောလုံးလောကနှင့် နှစ်နှစ်ခွဲ ပတ်သက်ခြင်းမပြုလုပ်ရန် ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီလကတည်းက ကစားသမား အပြောင်းအရွှေ့များတွင် စာရွက်စာတမ်းလိမ်လည်မှုနှင့် ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုများကြောင့် အီတလီဘောလုံးအဖွဲ့ချုပ်က ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ရာ အသင်းအနေဖြင့် ၁၅ မှတ်လျှော့ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည့်အပြင် တာဝန်ရှိသူအဆင့်ဆင့်ကိုလည်း ပွဲပယ်ပြစ်ဒဏ်များ ချမှတ်ခဲ့ရာ အားကစားဒါရိုက်တာတာဝန်ထမ်းဆောင်ခဲ့သည့် ပါရာတီစီသည်လည်း နှစ်နှစ်ခွဲ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရကြောင်း သိရသည်။

အီတလီ ဘောလုံးအဖွဲ့ချုပ်၏ ပြစ်ဒဏ်မှာ အီတလီနိုင်ငံ တွင်သာ သက်ရောက်မှုရှိသဖြင့် အီတလီ ဘောလုံးအဖွဲ့ချုပ်က ပါရာတီစီကို အခြားနိုင်ငံများတွင် အာဏာသက်ရောက်မှု ရှိစေရန်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ အယူခံတင်သွင်းခဲ့ရာ ၎င်းကို ဘောလုံးလောကနှင့် လ ၃၀ ကြာ ပတ်သက်ခြင်းမပြုလုပ်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ထပ်တိုးပြစ်ဒဏ် ချမှတ်ခဲ့သောကြောင့် ၎င်းသည် စပါးအသင်း အားကစားဒါရိုက်တာအခါ ရာထူးမှ နုတ်ထွက်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် စပါးအသင်းအနေဖြင့် နည်းပြကွန်တီနှင့် လမ်းခွဲခဲ့ပြီးနောက် ယာယီနည်းပြအဖြစ် စတယ်လီနီကို ခန့်အပ်ခဲ့ပြီး ယခု ပါရာတီစီသည် အသင်းမှထွက်ခွာခဲ့ရသည့်အတွက် ကစားသမား အပြောင်းအရွှေ့များပြုလုပ်နိုင်ရန် ပါရာတီစီ၏နေရာတွင် အစားထိုးရန်အတွက် အားကစားဒါရိုက်တာသစ် တစ်ဦးရှာဖွေလျက်ရှိကြောင်း သိရသည်။ ML

# မန်စီးတီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့က ဗက်ကိုဗစ်ကိုခေါ်ယူရန် အပြိုင်ကမ်းလှမ်း

**ကော်ဂ်ရတ် မတ် ၃၀**

ဥရောပ ထိပ်သီးကလပ်များဖြစ်သည့် မန်စီးတီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့က ခရိုအေးရှားကလပ် ဟာဂျေဒက်အသင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ခံစစ်ကစားသမား ဗက်ကိုဗစ်ကို ပြောင်းရွှေ့ကြေးယူရို ၁၂ သန်းဖြင့် ခေါ်ယူနိုင်ရန် အပြိုင်ကမ်းလှမ်းမှုပြုလုပ်နေကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ အသက် ၁၆ နှစ်ရှိ လူငယ်ခံစစ်ကစားသမားသည် ဟာဂျေဒက်အသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းအနေဖြင့် လာမည့်နွေရာသီတွင် ရောင်းချရန် ဆုံးဖြတ်ထားပြီး မန်စီးတီးအသင်းက ကနဦး ပြောင်းရွှေ့ကြေးယူရို ၁၂ သန်းဖြင့် ကမ်းလှမ်းမှုကိုလက်မခံဘဲ ယူရို ၁၅ သန်းထိ အလိုရှိနေသောကြောင့် မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေးတိုးမြှင့်ကမ်းလှမ်းရန် စီစဉ်နေကြောင်း သိရသည်။

လူငယ်ကစားသမား ဗက်ကိုဗစ်ကို လိုင်ယွန်၊ ဘင်ဖီကာ၊ ရီးရဲလ်မက်ဒရစ်၊ အေစီမီလန်၊ ဂျူဗင်တပ်၊ ဘိုင်ယန်မြူးနစ်၊ ဒေါ့မွန်အသင်းတို့ကလည်း စိတ်ဝင်စားနေသော်လည်း မန်စီးတီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကသာ ကနဦးကမ်းလှမ်းမှုပြုလုပ်၍ အနာဂတ်စီမံကိန်းအတွက် ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

ML

# ပရီးမီးယားလိဂ် ပွဲစဉ် (၂၉) ပွဲကြိုသုံးသပ်ချက်များ

ML

**မန်စီးတီး Vs လီဗာပူး**

**ကစားမည့်ရက်/အချိန် ၁-၄-၂၀၂၃ (ည ၆း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်စီးတီး ၃ - ၂ လီဗာပူး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |
| လီဗာပူး | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |

မန်စီးတီးအသင်းဟာ ချန်ပီယံဆုကာကွယ်ဖို့အတွက် ပြိုင်ပွဲတိုင်းကို တိုက်စစ်မြှင့်တင်ပြီး နိုင်ပွဲရဖို့ ကြိုးပမ်းနေတာကိုတွေ့ရမှာပါ။ လက်ရှိ လီဗာပူးအသင်းကတော့ ခံစစ်ပိုင်းနဲ့ တိုက်စစ်ပိုင်း အားနည်းချက်ရှိနေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့ ရုန်းကန်နေရတာပါ။ ဒါကြောင့် အိမ်ကွင်းတိုက်စစ်ထက်မြက်နေတဲ့ မန်စီးတီးအသင်းပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း - မန်စီးတီး ၂ - ၁ လီဗာပူး**

**အာဆင်နယ် Vs လိဒ်**

**ကစားမည့်ရက်/အချိန် ၁-၄-၂၀၂၃ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိဒ် ၀ - ၁ အာဆင်နယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | - | ဝေး(နိုင်) | အိမ်(သရေ) | အိမ်(နိုင်) |
| လိဒ် | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |

အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ အာဆင်နယ်ဟာ ယူရိုပါလိဂ်က ထွက်ခဲ့ရတာကြောင့် အမှတ်ပေးချန်ပီယံရဖို့အတွက်သာ အာရုံစိုက်နေရပြီး နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းကောင်းမွန်နေတာကို တွေ့ရမှာပါ။ လိဒ်အသင်းကတော့ တန်းဆင်းဇုန်ကလွတ်ဖို့ ကြိုးပမ်းနေပေမဲ့ အာဆင်နယ်အသင်းရဲ့ အိမ်ကွင်းတိုက်စစ်ကို ထိန်းချုပ်ဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အာဆင်နယ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အာဆင်နယ် ၃ - ၁ လိဒ်**

# အီတလီစီးရီးအေ ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်

ML

**ဂျူဗင်တပ် Vs ဗီရိုနာ**

**ကစားမည့်ရက်/အချိန် ၂-၄-၂၀၂၃ (နံနက် ၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗီရိုနာ ၀ - ၁ ဂျူဗင်တပ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| ဗီရိုနာ | - | ဝေး(သရေ) | အိမ်(သရေ) | ဝေး(ရှုံး) |

ဂျူဗင်တပ်အသင်းဟာ ရမှတ်လျှော့ခံရပေမဲ့ နောက်ပိုင်းမှာ နိုင်ပွဲဆက်နေတာကြောင့် ဥရောပဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေတာဖြစ်လို့ အခုပွဲစဉ်ကို မဖြစ်မနေနိုင်ပွဲရဖို့ ကြိုးစားလာမှာပါ။ ဗီရိုနာကတော့ ကစားသမားစုဖွဲ့မှု အားနည်းချက်ကြောင့် ရလဒ်ဆိုးရွားနေသလို နောက်ဆုံးငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာ တိုက်စစ်ဖွင့်ပြီး နိုင်ပွဲရှာမဲ့ ဂျူဗင်တပ်ပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဂျူဗင်တပ် ၁ - ၀ ဗီရိုနာ**

## အားကစားသတင်း အတိုအထွာများ

- နာပိုလီအသင်းက ကဗာရက်ရှီလီယာကို တစ်နှစ်လုပ်ခ ယူရို လေးသန်းဖြင့် ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- အဲဗာတန်အသင်း တိုက်စစ်မှူးဟောင်း ဂျီလာဗစ်က ပရီးမီးယားလိဂ်ကလပ်အသင်း တစ်သင်းကို နည်းပြအဖြစ် တာဝန်ယူလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပတော့မည်မဟုတ်ဘဲ အိမ်ရှင်နိုင်ငံပြောင်းလဲ ကျင်းပသွားမည်ဟု ဖီဖာထုတ်ပြန်




**ဂျီနီဗာ မတ် ၃၀**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဖီဖာယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပတော့မည်မဟုတ်ဘဲ နိုင်ငံပြောင်းလဲကျင်းပသွားမည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အင်ဒိုနီးရှားနိုင်ငံက လက်ခံကျင်းပခွင့် ရရှိထားသော်လည်း အင်ဒိုနီးရှားနိုင်ငံမှ ပြည်သူများက အစ္စရေးယူ-၂၀ကစားသမားများကို နိုင်ငံအတွင်း ဝင်ရောက်မှုကို တားမြစ်ရန် ဆန္ဒပြမှုများပြုလုပ်နေသည့်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အင်ဒိုနီးရှားနိုင်ငံကို အိမ်ရှင်အဖြစ် သတ်မှတ်ထားမှုမှ ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ ကျင်းပရေးနှင့် ပတ်သက်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အင်ဒိုနီးရှားနိုင်ငံဘောလုံးအဖွဲ့ချုပ် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်အပြီးတွင် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် အဆင်မပြေသည့်အတွက် အိမ်ရှင်နိုင်ငံပြောင်းလဲကျင်းပမည်ဟု အဖွဲ့ချုပ်နှစ်ခုလုံးက ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံ အပြောင်းအလဲပြုလုပ်မည်ဖြစ်သော်လည်း ကျင်းပမည့်အချိန်ကို အပြောင်းအလဲပြုလုပ်မည်မဟုတ်ဘဲ လာမည့် မေ ၂၀ ရက်မှ ဇွန် ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

လက်ရှိတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က အိမ်ရှင်ကျင်းပမည့်နိုင်ငံကို မကြာမီရွေးချယ်သွားမည်ဖြစ်ပြီး လက်ရှိတွင် အာဂျင်တီးနားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိရန်အတွက် အဆိုတင်သွင်းထားကြောင်း သိရသည်။

STA

# Hall of Fame တွင် ဂုဏ်ပြုရန် ဆန်ခါတင်ကစားသမားစာရင်းကို ပရီးမီးယားလိဂ်အဖွဲ့ချုပ်ထုတ်ပြန်

**လန်ဒန် မတ် ၃၀**

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ယခုနှစ်အတွက် Hall of Fame တွင် ထည့်သွင်းဂုဏ်ပြုရန် ဆန်ခါတင် ကစားသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲသမိုင်းတစ်လျှောက် အောင်မြင်မှုများရရှိပြီး ထူးထူးခြားခြား စွမ်းဆောင်သူများကို ဂုဏ်ပြုရန် Hall of Fame ပြတိုက်တည်ဆောက်ပြီး နှစ်စဉ် ကစားသမားကန့်သတ်ချက်ဖြင့် ဂုဏ်ပြုမှုပြုလုပ်နေခြင်းဖြစ်သည်။

ယခုနှစ်အတွက် Hall of Fame ပြတိုက်တွင် ဂုဏ်ပြုရန်အတွက် ဆန်ခါတင်ကစားသမားစာရင်းထုတ်ပြန်ခဲ့ရာတွင် မန်ယူအသင်းမှ အများဆုံးအဖြစ် ကစားသမားဟောင်း ငါးဦးထိ ပါဝင်လာခဲ့သည်။

Hall of Fame ပြတိုက်တွင် ဂုဏ်ပြုရန်အတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် မန်ယူအသင်းမှ ကစားသမားဟောင်းများဖြစ်သည့် မိုက်ကယ်ကာရစ်၊ ဂယ်ရီနဗီးလ်၊ ဖာဒီနန်၊ ဗီဒစ်နှင့် အင်ဒီကိုးလ်၊ ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်း ကစားသမားဟောင်းများဖြစ်သည့် အက်ရှ်လေကိုးလ်နှင့်ပီတာဆက်ချ်၊ အာဆင်နယ်အသင်းမှ ဆိုးကမ့်ဘဲလ်၊ တိုနီအဒမ်၊ စပါးအသင်းမှ ဒီဖိုး၊ လီဗာပူးအသင်းမှ ရော်ဘီဖောင်လာနှင့် အိုဝင်၊ ချဲလ်ဆီးအသင်းမှ ဂျွန်တယ်ရီနှင့် မန်စီးတီးအသင်းမှ ယာယာတိုရေးနှင့် နယူးကာဆယ်အသင်းမှ ဖာဒင်နိုတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

လက်ရှိဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်လာခဲ့သူများမှ မန်ယူအသင်း ကစားသမားဟောင်းနှစ်ဦးဖြစ်သည့် ဖာဒီနန်နှင့်ဗီဒစ်တို့နှစ်ဦးသည် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်အကောင်းဆုံးခံစစ်အတွဲများမှ တစ်တွဲအဖြစ် သတ်မှတ်ခံခဲ့ရပြီး ဆုဖလားများစွာကိုလည်း ဆွတ်ခူးနိုင်ခဲ့ကြသူများဖြစ်ကြောင်း သိရသည်။

STA

# မိုင်ယာမီအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်တွင် ပယ်ဂူလာ၊ ရိုင်ဘာကီနာနှင့် ဆိုရာနာတို့ နိုင်ပွဲရရှိ

**မိုင်ယာမီ မတ် ၃၀**

အမေရိကန်နိုင်ငံ မိုင်ယာမီတွင် ကျင်းပနေသည့် မိုင်ယာမီအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် ပယ်ဂူလာ၊ ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ရှိမေးနီးယားတင်းနစ်မယ် ဆိုရာနာတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်းThe Star သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပယ်ဂူလာသည် ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် ပိုတာပိုဗာကို (၄-၆၊ ၆-၃၊ ၇-၆) ရလဒ်ဖြင့် လည်းကောင်း၊ ရိုင်ဘာကီနာက အီတလီတင်းနစ်မယ် ထရီဗီဆန်ကို (၆-၃ ၊ ၆-၀) ရလဒ်ဖြင့်လည်းကောင်း၊ ဆိုရာနာက ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာကို (၆-၄၊ ၆-၄) ရလဒ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ပယ်ဂူလာနှင့်ရိုင်ဘာကီနာတို့သည် ဗိုလ်စွဲရန် ရေပန်းစားနေသည့်စာရင်းတွင်ပါဝင်နေသည့် ပြိုင်ပွဲဝင်များဖြစ်ကြသည့်အလျောက် ကွာတားဖိုင်နယ်အဆင့်တွင် ပြိုင်ဘက်ကစားသမားများအား အကောင်းဆုံးပုံစံများဖြင့် အနိုင်ကစားနိုင်ခဲ့ကြပြီး ဆိုရာနာသည် အံ့အားသင့်ဖွယ်လက်စွမ်းမျိုးဖြင့် ဗိုလ်စွဲရန် ရေပန်းစားနေသည့် စာရင်းတွင် ပါဝင်နေသော ဆာဘာလင်ကာကို နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။



ဆိုရာနာက "ဝမ်းသာလွန်းလို့ ပြောစရာစကားလုံးတောင် မရှိတော့ဘူး။ ဆာဘာလင်ကာလို ကစားသမားမျိုးကို အနိုင်ရဖို့ဆိုတာ ခက်ခဲပါတယ်။ ကျွန်မအနေနဲ့ ဆာဘာလင်ကာနဲ့ ပွဲစဉ်အတွက် အကောင်းဆုံး ပြင်ဆင်ခဲ့ပေမဲ့လဲ ပွဲမစခင်ကတည်းက ကျွန်မအတွက် ခက်ခဲတဲ့ ပွဲစဉ်ဖြစ်လာမယ်လို့ ကြိုတင်မျှော်တွေး ပြီးသားပါ။ ဒါကြောင့်ပွဲစကတည်းက အမှားမရှိအောင် ကစားနိုင်ဖို့ အာရုံစိုက်ခဲ့တယ်။ ဒီပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းအပေါ်မှာ တကယ့်ကို အားရကျေနပ်မှုရှိပါတယ်။ ဒီပွဲစဉ်မှာ အနိုင်ရလဒ် ရယူနိုင်လိမ့်မယ်လို့ လုံးဝကို ထင်မထားပါဘူး" ဟု ပြောကြားခဲ့သည်။

AZL

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်များ

STA

## လိုက်ပ်ဇစ် Vs မိန့်ဇ်

**ကစားမည့်ရက်/အချိန် ၁-၄-၂၀၂၃ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မိန့်ဇ် ၁ – ၁ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုက်ပ်ဇစ်** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** |
| **မိန့်ဇ်** | – | **အိမ်(နိုင်)** | **ဝေး(သရေ)** | **အိမ်(သရေ)** |

နှစ်ပွဲဆက်ရှုံးပွဲကြုံထားတဲ့ လိုက်ပ်ဇစ်အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ လက်ရှိ မိန့်ဇ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရလို့ လိုက်ပ်ဇစ်အသင်း တိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဒီပွဲမှာ လိုက်ပ်ဇစ်အသင်းပဲ နိုင်ပွဲပြန်လည်ရှာဖွေပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – လိုက်ပ်ဇစ် ၂ – ၁ မိန့်ဇ်**

## ဘိုင်ယန်မြူးနစ် Vs ဒေါ့မွန်

**ကစားမည့်ရက်/အချိန် ၁-၄-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၂ – ၂ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘိုင်ယန်မြူးနစ်** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **ဒေါ့မွန်** | – | **ဝေး(ရှုံး)** | **ဝေး(သရေ)** | **အိမ်(နိုင်)** |

အခုပွဲစဉ်မှာ အနိုင်ရရှိမှသာ အမှတ်ပေးဇယားထိပ်ဆုံးကို ပြန်လည်တက်လှမ်းနိုင်မှာဖြစ်လို့ ဘိုင်ယန်မြူးနစ်အသင်းဟာ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ ဒေါ့မွန်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကျဆင်းနေပြီး အဝေးကွင်းပွဲစဉ်တွေမှာ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဘိုင်ယန်မြူးနစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘိုင်ယန်မြူးနစ် ၃ – ၂ ဒေါ့မွန်**

# စပိန်လာလီဂါ ပွဲစဉ် (၂၇) ပွဲကြိုသုံးသပ်ချက်

STA

## အယ်ချီ Vs ဘာစီလိုနာ

**ကစားမည့်ရက်/အချိန် ၂-၄-၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘာစီလိုနာ ၃ – ၀ အယ်ချီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အယ်ချီ** | – | **ဝေး(နိုင်)** | **အိမ်(သရေ)** | **ဝေး(ရှုံး)** |
| **ဘာစီလိုနာ** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

အယ်ချီအသင်းအတွက် အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ဘာစီလိုနာအသင်းကို ရင်ဆိုင်ရမှာပါ။ ဘာစီလိုနာအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုအပြည့်ရှိနေပါတယ်။ အယ်ချီအသင်းအတွက် ဘာစီလိုနာအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲနေမှာပါ။ ဒါကြောင့် ဘာစီလိုနာအသင်းပဲ ရလဒ်ကောင်းမွန်သွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – အယ်ချီ ၀ – ၃ ဘာစီလိုနာ**

# ပြင်သစ်လီဂူးပွဲစဉ် (၂၉) ပွဲကြိုသုံးသပ်ချက်

STA

## ရင်းနက် Vs လန်း

**ကစားမည့်ရက်/အချိန် ၂-၄-၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လန်း ၂ – ၁ ရင်းနက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ရင်းနက်** | – | **အိမ်(ရှုံး)** | **ဝေး(သရေ)** | **ဝေး(နိုင်)** |
| **လန်း** | – | **အိမ်(သရေ)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

ရင်းနက်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိထားတယ်ဆိုပေမဲ့ ခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိပါဘူး။ လန်းအသင်းကတော့ ဥရောပဝင်ခွင့် တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေသလို ခြေစွမ်းပိုင်းကလဲ ကောင်းမွန်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လန်းအသင်းနဲ့ပဲ လက်တွဲသွားရမှာပါ။

**အင်တာနက်ခန့်မှန်း – ရင်းနက် ၁ – ၂ လန်း**

# စားနပ်ရိက္ခာလုံခြုံမှုအတွက် ရုန်းကန်နေရသော ပါကစ္စတန်

**ဝင်းဇင် (သုတေသန)**

ယူကရိန်းအရေးသည် လက်ရှိအချိန်ထိ ကမ္ဘာ့နိုင်ငံများကို ဆက်လက်ဂယက်ရိုက်ခတ်လျက်ရှိသည်။ အထူးသဖြင့် ရုရှား၊ ယူကရိန်းတို့၏ ကုန်သွယ်ဖက်နိုင်ငံများအပေါ် သက်ရောက်မှုများပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။ လွန်ခဲ့သောရှစ်နှစ်ကျော်ကာလအတွင်း အဆိုပါနှစ်နိုင်ငံကြား တင်းမာမှုများမြင့်တက်လာခဲ့သော်လည်း ကမ္ဘာ့နိုင်ငံများသည် မီးကုန်ယမ်းကုန်ဆင်နွှဲနေသော ခေတ်သစ်စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားနိုင်ခဲ့ခြင်းမရှိပေ။ ယူကရိန်းအရေးသည် ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုကွင်းဆက်ကို ကမောက်ကမဖြစ်စေခဲ့သဖြင့် မြောက်အာဖရိက၊ တောင်အာရှနှင့် အရှေ့အလယ်ပိုင်းဒေသတို့တွင် စားနပ်ရိက္ခာလုံခြုံမှုအတွက် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာစေခဲ့သည်။

အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ၊ ပူပြင်းခြောက်သွေ့မှုများနှင့် ရေကြီးရေလျှံမှုများသည် တောင်အာရှဒေသရှိ ပါကစ္စတန်၏ စိုက်ပျိုးရေးလုပ်ငန်းများကို ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သည်။ ခေတ်မီစိုက်ပျိုးရေးစနစ်နှင့် သုတေသနလုပ်ငန်းများမရှိခြင်း၊ စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းဆိုင်ရာ မူဝါဒများ အားနည်းခြင်းနှင့် ကုန်စည်ပို့ဆောင်မှုစနစ်တို့အပေါ် မှီခိုအားထားနိုင်မှုမရှိခြင်းတို့သည် ပါကစ္စတန်၏ ပြည်တွင်း ဂျုံထုတ်လုပ်မှုလုပ်ငန်းကို ကျဆင်းလာစေခဲ့သည်။

ပါကစ္စတန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရပ်တန့်နီးပါး ဖြစ်နေသည့်အချိန်တွင် တိုင်းပြည်လူဦးရေသည် သိသိသာသာတိုးတက်လာလျက်ရှိသည်။ ဂျုံသည်ပါကစ္စတန်၏ အဓိကစားနပ်ရိက္ခာဖြစ်ပြီး တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ဂျုံကို စားသုံးလျက်ရှိကြသည်။ အရည်မျှော်တွေးနိုင်မှု အားနည်းခြင်း၊ လက်ပူတိုက်ကာ ရေတိုဖြေရှင်းမှုများ လုပ်ဆောင်ခြင်း၊ မူဝါဒပိုင်းဆိုင်ရာ တိကျပြတ်သားခိုင်မာမှုမရှိခြင်း၊ စဉ်ဆက်မပြတ် ဖြစ်ပေါ်နေသော နိုင်ငံရေးမတည်ငြိမ်မှုများနှင့် စီးပွားရေးကျဆင်းမှုများသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ပါကစ္စတန်နိုင်ငံကို ဂျုံတင်သွင်းရသော အဓိကနိုင်ငံအဖြစ်သို့ ရောက်ရှိလာစေခဲ့သည်။

နိုင်ငံတစ်နိုင်ငံအနေဖြင့် စားနပ်ရိက္ခာနှင့်အခြားသောဓာတ်စာများ တင်သွင်းနိုင်ရေးအတွက် မှီခိုအားထားရနိုင်သည့် အရင်းအမြစ်တစ်ခုရှိရေးသည် များစွာ အရေးပါလျက်ရှိသည်။ ပါကစ္စတန်သည် ရေကြီးရေလျှံမှုများကြောင့် တိုင်းပြည်အတွင်း စားနပ်ရိက္ခာ ထုတ်လုပ်မှုကျဆင်းလာခဲ့သဖြင့် ရုရှားနိုင်ငံမှ ဈေးနှုန်းချိုသာသောဂျုံများ တင်သွင်းခဲ့ရသည်။ ထို့ကြောင့် ပါကစ္စတန်အနေဖြင့် စားနပ်ရိက္ခာလုံခြုံမှုအတွက် ဂျုံထုတ်လုပ်မှုတိုးမြှင့်နိုင်ရေး ရေရှည်အစီအမံများချမှတ်သွားရန် လိုအပ်သည်။ သို့သော် ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ၊ လယ်သမားများ၏ မကျေနပ်ချက်များသည် စားနပ်ရိက္ခာလုံခြုံမှုအတွက် တည်ငြိမ်သောစိုက်ပျိုးရေးစနစ်ထူထောင်ရာ၌ အဟန့်အတားများ ဖြစ်ပေါ်စေနိုင်သည်။

စားအုန်းဆီနှင့် ဂျုံတို့အပြင် ပဲမျိုးစုံကလည်း ပါကစ္စတန်၏ အကြီးမားဆုံးသော သွင်းကုန်များအဖြစ် ရပ်တည်လျက်ရှိသည်။ ပါကစ္စတန်သည် ပဲတင်သွင်းရာတွင်လည်း ကမ္ဘာ့အဆင့် (၃) နေရာ၌ ရပ်တည်လျက်ရှိသည်။ ပါကစ္စတန်က ပဲတင်သွင်းရလျက်ရှိသော နိုင်ငံထက်ဝက်ခန့်သည် ပထဝီနိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ အားနည်းသောနိုင်ငံများဖြစ်ကြသည်။

၂၀၂၀ ပြည့်နှစ်အတွင်း ရုရှားနိုင်ငံမှ ပဲအများဆုံး တင်သွင်းခဲ့ပြီး ဥဇဘက်ကစ္စတန်၊ အရှေ့အာဖရိက၊ အာဖဂန်နစ္စတန်၊ မြန်မာ၊ အီရန်နှင့် ယူကရိန်းနိုင်ငံတို့မှလည်း တင်သွင်းခဲ့ရသည်။ သို့သော် အဆိုပါနိုင်ငံများသည် မတူညီသောဒေသများမှဖြစ်သည့်အပြင် ပြည်တွင်းနိုင်ငံရေးအခြေအနေများကြောင့် ပဲတင်သွင်းမှုလုပ်ငန်းစဉ်များ ကမောက်ကမ ဖြစ်ခဲ့ရသည်။ ပါကစ္စတန်အနေဖြင့် ပဲပိစပ်ကိုလည်း အမေရိကန်နှင့် ဘရာဇီးနိုင်ငံတို့မှ တင်သွင်းရလျက်ရှိသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဂျုံ၊ ပဲပိစပ်နှင့် ပဲမျိုးစုံတို့သည် ပါကစ္စတန်၏ သွင်းကုန်အများဆုံးစာရင်း၌ ပါဝင်ခဲ့ကြောင်း စီးပွားရေးဆိုင်ရာလေ့လာရေးရှုထောင့် (OEC)က ဖော်ပြထားသည်။

**❖ ပါကစ္စတန်ပြည်သူများသည် တိရစ္ဆာန်ထွက် အစားအစာများကိုလည်း များစွာစားသုံးမှီဝဲလျက်ရှိသည်။ အထူးသဖြင့် အသား၊ ငါး၊ ဥ တို့ကို နေ့စဉ်စားသုံးလျက်ရှိကြသည်။ သို့သော် သား၊ ငါး ထုတ်လုပ်ရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုမရှိခြင်း၊ မွေးမြူရေးစနစ်အားနည်းခြင်း၊ သမားရိုးကျမွေးမြူခြင်း၊ ရောဂါများဖြစ်ပွားခြင်းနှင့် ဈေးကွက်အားနည်းခြင်းတို့သည် နိုင်ငံတစ်ဝန်း အသား၊ ငါး လိုအပ်ချက် ဖြစ်ပေါ်ကာ ဈေးနှုန်းများမြင့်တက်စေလျက်ရှိသည်။ ❖**

ပါကစ္စတန်ပြည်သူများသည် တိရစ္ဆာန်ထွက် အစားအစာများကိုလည်း များစွာစားသုံးမှီဝဲလျက်ရှိသည်။ အထူးသဖြင့် အသား၊ ငါး၊ ဥ တို့ကို နေ့စဉ်စားသုံးလျက်ရှိကြသည်။ သို့သော် သား၊ ငါး ထုတ်လုပ်ရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုမရှိခြင်း၊ မွေးမြူရေးစနစ် အားနည်းခြင်း၊ သမားရိုးကျမွေးမြူခြင်း၊ ရောဂါများဖြစ်ပွားခြင်းနှင့် ဈေးကွက်အားနည်းခြင်းတို့သည် နိုင်ငံတစ်ဝန်း အသား၊ ငါး လိုအပ်ချက် ဖြစ်ပေါ်ကာ ဈေးနှုန်းများ မြင့်တက်စေလျက်ရှိသည်။

စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့်ထောက်ပံ့ရေးကွင်းဆက်တည်ငြိမ်ရေးတို့ကို ထည့်သွင်းစဉ်းစားမည်ဆိုလျှင် ပဲပိစပ်နှင့်အခြားပဲမျိုးစုံသည် ပါကစ္စတန်၏ စားနပ်ရိက္ခာ လိုအပ်ချက်၊ အထူးသဖြင့် ဆင်းရဲသားပြည်သူများ၏ စားနပ်ရိက္ခာလိုအပ်ချက်အတွက် များစွာအရေးပါလျက်ရှိသည်။ တချို့သော ပဲပိစပ်များသည် အသား၊ ငါးများထက် စားသုံးသူများကို ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်သဖြင့် စားနပ်ရိက္ခာလုံခြုံမှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် ပါကစ္စတန်သည် လက်ဖက်ခြောက်ကိုလည်း များစွာတင်သွင်းရလျက်ရှိသည်။ ပါကစ္စတန်သည် လက်ဖက်ခြောက်သုံးစွဲမှုနှင့် လက်ဖက်ရည်သောက်သုံးမှုတို့တွင် ကမ္ဘာ့အဆင့် (၄) နေရာ၌ ရပ်တည်လျက်ရှိသောကြောင့် လက်ဖက်ခြောက်တင်သွင်းမှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ တိုင်းပြည်အတွင်း လက်ဖက်ခြောက်လိုအပ်ချက် ပြည့်မီရေးအတွက် သွင်းကုန်အပေါ်များစွာ မှီခိုရလျက်ရှိသည်။

ပါကစ္စတန်၏ လက်ဖက်ခြောက် ၇၇ ရာခိုင်နှုန်းခန့်ကို ကင်ညာနိုင်ငံမှ တင်သွင်းရလျက်ရှိပြီး ရဝမ်ဒါ၊ ယူဂန်ဒါ၊ ဘူရွန်ဒီနှင့်တန်ဇန်းနီးယားတို့မှ ၁၀ ရာခိုင်နှုန်းခန့် တင်သွင်းရလျက်ရှိသည်။ ကင်ညာသည် ပါကစ္စတန်၏ အဓိကလက်ဖက်ခြောက် တင်သွင်းသူအဖြစ် ရပ်တည်လာသည်မှာ ဆယ်စုနှစ်များစွာကြာမြင့်နေပြီဖြစ်သည်။

သို့သော် ကင်ညာနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏ နိုင်ငံရေးမတည်ငြိမ်မှု အညွှန်းကိန်း၌ ၁၉၄ နိုင်ငံတွင် အဆင့် (၁၆၇) ၌ ရပ်တည်လျက်ရှိသည်။ ထို့ပြင် ကင်ညာနိုင်ငံသည် ကမ္ဘာ့အင်အားချည့်နဲ့သော ၁၇၇ နိုင်ငံတွင် အဆင့် (၃၃) ၌ ရပ်တည်လျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်အေးချမ်းမှုအညွှန်းကိန်း၌လည်း ၁၆၃ နိုင်ငံတွင် အဆင့် (၁၂၀)၌ရပ်တည်လျက်ရှိသည်။ ထို့ပြင် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လုယက်မှုများလည်း ထူပြောလျက်ရှိသည်။ ကင်ညာအစိုးရများသည် အုပ်ချုပ်မှုစွမ်းရည်ညံ့ဖျင်းပြီး အာဏာရှင်ဆန်ကာ ပြည်သူထုထု၏ သက်သာချောင်ချိရေးလုပ်ငန်းများကို မသိကျိုးကျွန်ပြုလျက်ရှိသည်။ အုပ်ချုပ်မှုမညီမျှမှုများနှင့် အဂတိလိုက်စားမှုများသည် ကင်ညာပြည်သူများကို ဒေါသူပုန်ထစေလျက်ရှိသည်။ တိုင်းပြည်၏ စီးပွားရေးအလားအလာသည် အခြေခံအဆောက်အအုံ လိုအပ်ချက်များ၊ အကြမ်းဖက်မှုများနှင့် နိုင်ငံရေးဆိုင်ရာ ဆန္ဒကင်းမဲ့မှုများကြောင့် တိုးတက်မှုအရှိန်အဟောင်း ပျောက်ဆုံးလျက်ရှိသည်။

ထို့ကြောင့် ပါကစ္စတန်အနေဖြင့် လက်ဖက်ခြောက်ကို ကင်ညာနိုင်ငံအပြင် အရှေ့နှင့် တောင်အာဖရိကမှ မိတ်ဖက်နိုင်ငံများထံမှလည်း တိုးချဲ့တင်သွင်းနိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။ လက်ဖက်ခြောက်နှင့် လက်ဖက်ရည်သည် ပါကစ္စတန်ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝနှင့် ယဉ်ကျေးမှုတို့တွင် မရှိမဖြစ် အစားအသောက်အဖြစ် ပါဝင်လျက်ရှိသည်။ ထို့ကြောင့် လက်ဖက်ခြောက်တင်သွင်းနေရမှုကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးဝန်ထုပ်ဝန်ပိုးများ လျှော့ချနိုင်ရေးအတွက် ပါကစ္စတန်ပြည်သူများအနေဖြင့် နေ့စဉ် လက်ဖက်ရည်သောက်သုံးမှု လျှော့ချသွားသင့်သည်ဟု အစိုးရတာဝန်ရှိသူတစ်ဦးက အကြံပြုပြောကြားခဲ့သည်။ လက်ဖက်ခြောက် တင်သွင်းရသည့် ကုန်ကျစရိတ်များလျှော့ချသွားနိုင်မည်ဆိုလျှင် တိုင်းပြည်အတွင်း လူမှုဖူလုံရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်သွားနိုင်မည်ဟုဆိုသည်။

စားနပ်ရိက္ခာဆိုင်ရာ ကောက်ပဲသီးနှံများသည် ပါကစ္စတန်မှ နှစ်စဉ်တင်သွင်းရလျက်ရှိသော ကုန်ပစ္စည်းများစာရင်းတွင် ထိပ်ဆုံးမှပါဝင်လျက်ရှိသည်။ အထူးသဖြင့် ပါကစ္စတန်နိုင်ငံတွင် ပြည်သူ ငါးပုံတစ်ပုံခန့်သည် အာဟာရချို့တဲ့လျက်ရှိပြီး သန်းပေါင်းများစွာမှာလည်း အလွန်အမင်း ဆာလောင်မွတ်သိပ်လျက်ရှိကြသည်။ ထို့ပြင် ပါကစ္စတန်တွင် စားနပ်ရိက္ခာလုံခြုံမှုမရှိသည့် အခြေအနေမျိုး၌ ကလေးမွေးဖွားမှုနှုန်း မြင့်တက်နေခြင်းသည် ကလေးငယ်များအာဟာရချို့တဲ့မှု ဖြစ်ပေါ်စေလျက်ရှိသည်။ တိုင်းပြည်၏ လုပ်သားအင်အား ၃၇ ရာခိုင်နှုန်းခန့်မှာလည်း လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်နေကြရသဖြင့် စီးပွားရေးလုပ်ငန်းမှာ အကြီးအကျယ် စိတ်ပျက်ဖွယ်ရာပင်ဖြစ်သည်။

ပါကစ္စတန်အနေဖြင့် ပြည်သူများ၏ စားနပ်ရိက္ခာလုံခြုံမှုအတွက် ထိရောက်သည့် ရေရှည်မဟာဗျူဟာများ ချမှတ်သွားရန်လိုအပ်နေပြီဖြစ်သည်။ တောင်အမေရိက၊ မြောက်အာဖရိကနှင့် အရှေ့အာရှတို့မှ စားနပ်ရိက္ခာ တင်သွင်းနိုင်ရေးအတွက်လည်း နည်းလမ်းရှာဖွေသွားရန်လိုအပ်သည့်အပြင် တည်ရှိပြီးကုန်ပစ္စည်းများကို အကျိုးရှိစွာအသုံးချခြင်း၊ အနာဂတ်တွင် သွင်းကုန်အစားထိုး စိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်းစသည့်လုပ်ငန်းများကိုလည်း လုပ်ဆောင်သွားရန် လိုအပ်သည်။ ထို့ပြင် အမေရိကန်နှင့်ဘရာဇီးနိုင်ငံတို့မှ ပဲပိစပ်အပြင် အခြားသော ပဲမျိုးစုံများကိုလည်း တင်သွင်းသွားသင့်သည်။

ပါကစ္စတန်အနေဖြင့် လတ်တလောဖြစ်ပေါ်သည့် ပြဿနာကို ဖုတ်ပူမီးတိုက်ဖြေရှင်းသည့် ပုံစံမျိုးကို လုပ်ဆောင်နေသည်ထက် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အလေးထားဆောင်ရွက်ခြင်းနှင့် ပြည်တွင်း၊ ပြည်ပ အခြေအနေများကို အကဲဖြတ်ဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် ကုန်သွယ်မှုအစီအမံများကို ပေါင်းစပ်ဆောင်ရွက်ကာ ထောက်ပံ့ရေးကွင်းဆက် ကမောက်ကမ ဖြစ်ပေါ်နိုင်မှုများနှင့် စားနပ်ရိက္ခာလိုအပ်ချက်များကို ကြိုတင်ချဉ်းကပ်ကိုင်တွယ်ဆောင်ရွက်သွားရန် လိုအပ်သည်။

ထို့ပြင် အုပ်ချုပ်မှုဆိုင်ရာ အားနည်းချက်များ ကျော်လွှားနိုင်ရေးအတွက် အမြော်အမြင်ကြီးမားသော မူဝါဒများချမှတ်ခြင်း၊ စားနပ်ရိက္ခာထောက်ပံ့ရေးကွင်းဆက်အပေါ် မှီခိုအားထားနိုင်ရေးအတွက် ကုန်သွယ်မှုအခြေအနေများကို ပုံမှန်သုံးသပ်ဆောင်ရွက်ခြင်းများ လုပ်ဆောင်သွားမည်ဆိုလျှင် ဖွံ့ဖြိုးတိုးတက်မှုအတက်အကျဖြစ်နေသော ပါကစ္စတန်နိုင်ငံအတွက် အကျပ်အတည်းများကို အတိုင်းအတာတစ်ခုထိ ကျော်လွှားသွားနိုင်မည်ဖြစ်ပါသည်။

**ကိုးကား**

- **Pakistan must review its food trade profile by Asia Times.**

## မင်းဘူးမြို့နယ် ရေတွင်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မင်းဘူး မတ် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေတွင်းကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရေတွင်းကုန်း ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ တတိယပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ငေးမာ**

# နွေဥသြ ဇာတ်လမ်းတွဲကို ဧပြီ ၃ ရက်တွင် မဟာအပလီကေးရှင်းနှင့် Channel K ရုပ်သံလိုင်းတို့၌ ထုတ်လွှင့်ပြသမည်




**ရန်ကုန် မတ် ၃၀**

နွေဥသြအမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲကို ဧပြီ ၃ ရက်မှစ၍ မဟာအပလီကေးရှင်းနှင့် Channel K ရုပ်သံလိုင်းတို့တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ကြည်က ပြောပြ၍ သိရသည်။

နွေဥသြ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မယ်ခိုင်နှင့် Skyward Art Team တို့က ရေးသားဇာတ်ညွှန်းခွဲထားခြင်းဖြစ်ပြီး ရွှေစန္ဒာမင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် လွင်လွင်ဘုဏ်းက စီစဉ်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ ဒါရိုက်တာ ကြည်က ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ပြီး အဆိုပါ ဇာတ်လမ်းတွဲတွင် အပိုင်း (၂၀) ကျော် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးကို Channel K ရုပ်သံလိုင်းနဲ့ မဟာအပလီကေးရှင်းကနေ ဧပြီ ၃ ရက်မှာ စတင်ကြည့်ရှုကြရမှာပါ။ လူငယ်ကြိုက် သင်္ကြန်ကာလကို အခြေခံထားတဲ့ အချစ်ဇာတ်လမ်းလေး ဖြစ်ပါတယ်"ဟု ဒါရိုက်တာကြည်က ပြောပြသည်။

နွေဥသြအမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲကို ဧပြီ ၃ ရက်မှစတင်က မဟာအပလီကေးရှင်းနှင့် Channel K ရုပ်သံလိုင်းတို့တွင် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၉ နာရီတွင် ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များဖြစ်ကြသည့် သျှင်းမြတ်၊ ရဲရင့်မြတ်သူ၊ ယွန်းယွန်း၊ ဆုထက်၊ သင်ဇာ၊ လားဒင့်ထားရီ တို့အပြင် ဝါရင့်ဇာတ်ပို့သရုပ်ဆောင်များဖြစ်သည့် အေးသီတာ၊ ခင်မို့မို့အေး တို့က အားဖြည့်ပါဝင်သရုပ်ဆောင်ပေးထားကြောင်း သိရသည်။

ASH

# Damaged ၌ ဗင်ဆင်ကတ်ဆဲနှင့် ဆမ်မြူရယ်အယ်ဂျက်ဆင်တို့ သရုပ်ဆောင်နေ


**နယူးယောက် မတ် ၃၀**

Red Sea Media ရုပ်ရှင်ကုမ္ပဏီ၏ Damaged အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကား၌ မင်းသား ဆမ်မြူရယ်အယ်ဂျက်ဆင်နှင့် ဗင်ဆင်ကတ်ဆဲတို့ပါဝင်သရုပ်ဆောင်နေကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

Damaged ဇာတ်ကားသည် ချီကာဂိုရဲအရာရှိတစ်ဦးနှင့်လူသတ်သမားတစ်ဦးတို့ကြား အားပြိုင်မှုကို ပုံဖော်ရိုက်ကူးသည့်ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာ တာရီမက်ဒိုးနက်က တာဝန်ယူ ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

မင်းသား ဆမ်မြူရယ်အယ်ဂျက်ဆင်နှင့် ဗင်ဆင်ကတ်ဆဲတို့သည် Damaged ဇာတ်ကား၏ အဓိကဇာတ်ကောင်နေရာများ၌ ပါဝင်သရုပ်ဆောင်နေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် Damaged ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။KKO





# မြောက်ဥက္ကလာပမြို့နယ် မွန်မြတ်စိတ်ထား တွယ်ရာမဲ့ဘိုးဘွားရိပ်သာသို့ အမေများအဖွဲ့က သင်္ကြန်သီချင်းများဖြင့်ဖျော်ဖြေပြီး အလှူငွေလှူဒါန်း

**ရန်ကုန် မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မွန်မြတ်စိတ်ထား တွယ်ရာမဲ့ဘိုးဘွားရိပ်သာသို့ အမေများအဖွဲ့က သင်္ကြန်သီချင်းများဖြင့် လာရောက်ဖျော်ဖြေခဲ့ပြီး အလှူငွေများလှူဒါန်းခဲ့ကြောင်း အမေများအဖွဲ့မှသရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်းက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မွန်မြတ်စိတ်ထား တွယ်ရာမဲ့ဘိုးဘွားရိပ်သာသို့ သရုပ်ဆောင်ဒေါ်နွဲ့နွဲ့စန်း ဦးဆောင်သည့် အမေများအဖွဲ့က သင်္ကြန်သီချင်းများဖြင့် လာရောက်ဖျော်ဖြေခြင်းကို မတ် ၂၉ ရက်က ပြုလုပ်ခဲ့ပြီး အလှူငွေကျပ် နှစ်သိန်းကိုလည်း ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ပြန်လည်လှူဒါန်းခဲ့ကြောင်း သိရသည်။

"သင်္ကြန်မတိုင်ခင်မှာ အနုပညာလောကက ရင်းနှီးသူတွေဆီကို လာရောက်ဖျော်ဖြေတင်ဆက်မှုတွေ လုပ်တာပါ။ အခုလို သင်္ကြန်မတိုင်ခင် အမေများအဖွဲ့က မွန်မြတ်စိတ်ထား တွယ်ရာမဲ့ဘိုးဘွားရိပ်သာကို လာရောက်ကပြဖျော်ဖြေခွင့်ရတဲ့ အတွက်လဲ စိတ်ပျော်ရွှင်ပီတိဖြစ်ကြတယ်။ ဘိုးဘွားတွေလဲ စိတ်ကျေနပ် ပျော်နေကြတာ တွေ့ရပါတယ်။ ဒါကြောင့်မို့ မွန်မြတ်စိတ်ထားက အမေများအဖွဲ့ကို လှူဒါန်းလိုက်တဲ့ ငွေကျပ်နှစ်သိန်းကို ဘိုးဘွားတွေရဲ့ စားစရိတ်အတွက် ပြန်လည် လှူဒါန်းခဲ့ပါတယ်" ဟု သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်းက ပြောပြသည်။



တစ်ချိန်က နာမည်ကြီး အနုပညာရှင်များဖြင့် စုစည်းထားသည့် အမေများအဖွဲ့တွင် ဦးဆောင်သူ သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်း၊ မတူး၊ ဒေါ်စီစီသိန်း၊ ဒေါ်ဌေးဌေးစိန် စသည့် အနုပညာရှင်ကြီး ၁၅ ဦးခန့် ပါဝင်ကြောင်း၊ လက်ရှိအချိန်တွင် အမေများအဖွဲ့က ရင်းနှီးသူ အနုပညာ အသိုင်းအဝိုင်းတွင် လိုက်လံကပြ ဖျော်ဖြေလျက်ရှိကြောင်း သိရသည်။ ASH

# Indiana Jones and the Dial of Destiny ဇာတ်ကားကို ကိန်းစ်ရုပ်ရှင်ပွဲတော်၌ ပြသမည်

**နယူးယောက် မတ် ၃၀**

Indiana Jones and the Dial of Destiny ဇာတ်ကားကို ပြင်သစ်နိုင်ငံ ကိန်းစ်ရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက် ပြသမည်ဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က မတ် ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် Indiana Jones ဇာတ်ကားများအနက် ပဉ္စမမြောက်ဇာတ်ကားဖြစ်ပြီး Indiana Jones and the Dial of Destiny ဇာတ်ကားကိုဒါရိုက်တာ ဂျိမ်းမင်းဂိုးက တာဝန်ယူရိုက်ကူးပေးထားကာ မင်းသားကြီး ဟာရီဆင်ဖို့က အဓိကဇာတ်ကောင် Indiana Jones အဖြစ် ထပ်မံပါဝင်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါဇာတ်ကားကို ပြင်သစ်နိုင်ငံ ကိန်းစ်ရုပ်ရှင်ပွဲတော်၌ မေ ၁၇ ရက်သို့မဟုတ် မေ ၁၈ ရက်တွင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Indiana Jones ဇာတ်ကားငါးကားအနက် ယခင်ရုံတင်ပြသပြီးဖြစ်သော ဇာတ်ကားလေးကားကို ကမ္ဘာကျော်ဒါရိုက်တာ စတီဗင်စပီးဘာ့ဂ်က ရိုက်ကူးခဲ့သည်။

Indiana Jones and the Dial of Destiny ဇာတ်ကားကို ယခုနှစ် ဇွန် ၃၀ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

KKO




# Killers of the Flower Moon ဇာတ်ကားကို ယခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ရုံတင်ရန် စီစဉ်ထား

**နယူးယောက် မတ် ၃၀**

Killers of the Flower Moon ဇာတ်ကားကို ယခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ရုံတင်ပြသရန် Apple TV နှင့် Paramount ရုပ်ရှင်ကုမ္ပဏီတို့က စီစဉ်ထားကြောင်း Variety သတင်းဝက်ဘ်ဆိုက်က မတ် ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် ၁၉၂၀ ပြည့်နှစ်အတွင်း ရေနံကြွယ်ဝသည့် အိုကလာဟိုးမားပြည်နယ်၌ ဌာနေတိုင်းရင်းသား လူမျိုးစုဝင်များ ထူးဆန်းစွာအသတ်ခံခဲ့ရမှုဖြစ်ရပ်မှန်ကို ရိုက်ကူးထားသည့် သမိုင်းနောက်ခံ ဒရာမာဇာတ်ကားဖြစ်ကြောင်း သိရသည်။

Killers of the Flower Moon ဇာတ်ကား၌ မင်းသား လီယိုနာဒိုဒီကာပရီယို၊ ရောဘတ်ဒီနီရိုး၊ ဘရန်ဒန်ဖရေဆာတို့က အဓိကဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

Killers of the Flower Moon ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ မာတင်စကော်စီစီက ရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားကို Killers of the Flower Moon: The Osage Murders and the Birth of the FBI အမည်ရှိ စာအုပ်ကို အခြေခံရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားကို ပြင်သစ်နိုင်ငံ ကိန်းစ်ရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။ KKO

# Academic measures to be undertaken for knowledge and skill development and life improvement of new generations with goodwill



Senior General Min Aung Hlaing holds a meeting with faculty members of Sittway University.

**Nay Pyi Taw March 30**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla and party this afternoon arrived in Sittway of Rakhine State. At the airport, Rakhine State Chief Minister U Htein Lin, departmental officials and local residents warmly welcomed the Senior General and party with traditional dances.

At Sittway University, the Senior General met with faculty members.

Also present at the meeting were the SAC joint secretary, the SAC members, Union ministers, Chief Minister of Rakhine State U Htein Lin, the Chief of the General Staff (Army, Navy and Air) and senior military officers from the Office of the Commander-in-Chief, Commander of Western Command Maj-Gen Htin Latt Oo and officials, Rector of the university Dr Khin Maung Zaw, pro-rectors and faculty members.

On arrival at the university, the Senior General and party were welcomed by Rector Dr Khin Maung Zaw and officials.

Rector Dr Khin Maung Zaw reported to the Senior General on academic measures at the university, opening of doctoral courses as from 2023-24 academic year, appointment of faculty members in relevant departments, learning of students, conferring of degrees by Sittway University, number of lecture halls and lecture buildings and their student capacity, construction of hostels, capacity and requirements, needs of more buildings for academic measures at the university and upgrading of sports grounds.

Union Minister for Education Dr Nyunt Pe also explained appointment of faculty members at Sittway University in the tenure of State Administration Council, supply of necessary books, connection of internet, extended construction of buildings and plans for more buildings.

After hearing the reports, the Senior General said that **university or Taxila is an institution to train advanced knowledge and techniques to the students and handle them to have good morale**. It enhances capacity of the nation and the region. The university is an institution to teach students to have knowledge and techniques to be applied for development of the nation and the region. Building a country or a region requires a lot of well-versed human resources. Faculty members in the past learned University education under the colonial rule. At that time, the colonialist government oppressed the students not to improve knowledge of Myanmar but it sparked education boycotts.

In the tenure, the current government provides cash assistance and residential allowance to students for contribution to the university academic measures. Cash assistance depends on relevant professions. Such an act was carried out amid the economic downtrend of the State during the period of Covid-19. The government made efforts for boosting manufacturing of products to increase incomes of the State. So, the State economy improves to some extent.

Education plays a key role in development of the nation. In retrospect, promotion of learning by students from grade to grade was down in the nation as well as Rakhine State. It is a challenge to the country, harming the development of the nation. Weakness in encouraging education may cause impacts on the State in all aspects and it cannot secure a cent per cent success. As residences are included among faculty members of Sittway University, they all have to give systematic training to students to become the educated ones.

Basic education focuses on teaching while higher education pays attention to studying. So, systematic teaching is required for students to improve their way of thinking and have real education. Improved way of thinking will also improve their lives. Tertiary experience is important. The students coming from various regions should gain good experiences in their lifestyle, living conditions, dress code and way of thinking that can improve their skills and knowledge as well as their socio-economic life. They need to have experiences in their subject-wise skills as well as in social affairs. As university is a place that teach such experiences, both teachers and students are urged to pay attention to the national cause rather than political affairs.

The students who got credits in respective subjects will be able to pursue far higher education. Although our country takes road to democracy, there are still weaknesses in respecting the rule of law, the basic of democracy, and economic outlooks for economic development. Students need to have legal and economic knowledge. So, the law subject is being taught at all the universities. Basic economics is also being taught for economic knowledge. Our vision is that university graduates will be able to improve their socio-economic live and environments. Therefore, teachers are to train their students to improve their education and lives.

Officials need to take measures to keep the university campus and surrounding areas neat and tidy so the students can take pride. In appointing and assigning faculty members, there should be a proportionate ratio of teachers to students.

There will be fulfilments for more accommodation and lecture halls for Sittway University. Preparations must be made to consider the increased number students in coming academic years. The football ground will be upgraded. Administrative officials and faculty members to work together to improve the students' education, the Senior General said.

Next, the Senior General and party went round on the campus by car.

Later, the Senior General and wife and party went to Sittway View Point where they viewed the local people taking their rest and recreation. The Senior General then instructed officials to make the View Point clean and pleasant. 100



Senior General Min Aung Hlaing inspects Sittway Viewpoint.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspect replenishing Kandawgyi lake in Sittway





Senior General Min Aung Hlaing observes Kandawgyi replenishing project.

**Nay Pyi Taw March 30**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by entourage, Chief Minister of Rakhine State U Htein Lin, Commander of the Western Command Maj-Gen Htin Latt Oo and official, inspected the replenishing Kandawgyi lake, which supplies water for Sittway, this evening.

First, the Senior General and party arrived at the site of Kandawgyi lake and water storage facilities and heard reports on replenishing Kandawgyi lake with underground water and the demand for water in Sittway presented by the chief minister, Rakhine State Natural Resources Affairs Minister U Than Tun and Director General U Bo Bo Kyaw of the Irrigation and Water Utilization Management Department.

After Hearing the reports, the Senior General said water is an important basic need for everyone as humans cannot survive more than seven days without food and they cannot survive longer than one morning without water. Therefore, it is necessary to supply sufficient drinking and agricultural water. Measures are being taken to fulfill the water needs of Sittway. In conclusion, the Senior General urged officials to conduct research for sites where underground water is available to replenish Kandawgyi lake, which play an important role in supplying water to Sittway and attended to the needs.

Then, the Senior General pressed a button to formally inaugurate the replenishing of Thinganet Dam and Kandawgyi lake through underground water supply pipes and inspected replenishing operations.

Then, the Senior General inspected the samples of surface soil, small broken rocks and layers of sandstone taken during soil tests in Kandawgyi lake and responsible officials reported the findings during the tests to the Senior General.

Afterward, the Senior General and party proceeded to the site underground water was pumped out from tube wells in the Sittway quality strains plantation of the Ministry of Agriculture, Livestock and Irrigation in Sittway, and heard reports on locations of chosen for drilling tube wells based on geophysical tests in the 40-care quality strain plantation, availability of freshwater from completed tube wells and those were still being drilled, mixture of saline water found in some tube wells and storage of water in small lakes to supply water to Kandawgyi through pipes presented by Union Minister for Agriculture, Livestock and Irrigation U Min Naung, Director General U Bo Bo Kyaw of the Irrigation and Water Utilization Management Department and Director U Thet Naing of the Directorate of Water Resources.



Senior General Min Aung Hlaing hears reports on replenishing Kandawgyi lake with underground water.

Then, the Senior General gave instructions on the needs to systematically calculate the availability of underground water and to store rain water without relying on underground water alone as the region receives heavy rainfall.

Afterward, the Senior General and party inspected the drilling of tube wells and gave necessary instructions.

As the Senior General instructed responsible officials to replenish Kandawgyi lake on his visit to Sittway on 18 February, measures have been taken to replenish Kandawgyi lake with underground water by conducting geophysical tests at potential sites for drilling tube wells. In doing so, a 4,400-foot pipeline has been laid from Thinganet Dam to Kandawgyi lake to replenish the latter with water from the dam and No. 1 tube well and underground water was supplied to Kandawgyi lake starting from today. Measures are being taken to replenish Kandawgyi lake with underground water from other tube wells to be drilled, to lay pipelines and to install water booster pumps. Kandawgyi lake can store 481.10 million gallons of water while Kandawnge lake 1 and 2, Kandawlay lake and Triangle lake can store 62.27 million gallons of water. Toeche lake can store 119.59 million gallons of water while Setyokya lake 1 and 2 can store 120 million gallons of water. Replenishing Kandawgyi lake with underground water can contribute a lot to supplying sufficient water to Sittway. 100



Senior General Min Aung Hlaing inspects a tube-well.

# Inlay Region of Southern Shan State to hold Inlay Floating Thingyan festival in 2023



A previous Inlay Floating Thingyan Festival.

**Nyaungshwe March 30**

Inlay floating Thingyan festival will be held in Inlay region of Southern Shan State in 2023, said director U Htin Aung Naing of Directorate of Hotels and Tourism (Shan State).

This year, major cities in southern and northern Shan State will host the Maha Thingyan festival in central pavilions, water-throwing pavilions and entertainment pavilions on a grand scale. Inlay floating Thingyan festival which was suspended for outbreak of Covid-19 will resume this year.

"Shan State became an area of attracting a large number of travellers in 2022 and 2023. During the period from January 2022 to January 2023, more than 1.7 million travellers paid visits to the whole Shan State, including some 50,000 international travellers. So, Maha Thingyan festival will be arranged on a grand scale in Taunggyi, Kalaw, Inlay, Aungban, Pindaya, Tachileek, Kengtung, Nawnghkio, Hsipaw, Lashio and Muse. Moreover, Inlay region will resume Inlay floating Thingyan festival which was held in 2019 as last occasion," he added.

During the Inlay floating Thingyan festival period, rice and alms will be offered to members of the Sangha on the lake, Dhamma Thabin as administering the Buddha Sasana, water-throwing festival, entertainment, chorus dances and traditional dances will be presented from the Akyo (eve) day of Thingyan to the New Year Day. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Plan to extend more conservation zones for Myanmar's Hilsa

**Yangon March 30**

The conservation zones will be extended for Hilsa which inhabits in Myanmar as part of protecting hilsa sources, said CEC member U Zaw Moe Win of the Myanmar Fisheries Federation.

Bangladesh grasps some 60 per cent of Hilsa production in the world's fish market on a yearly basis. Although Myanmar possesses 15-20 per cent of Hilsa production yearly, as Hilsa is Myanmar's species, a plan is underway to extend the market of Hilsa and extend the conservation zones.

"As Hilsa inhabits in Myanmar, our association will join hands with the Fisheries department to extend conservation of Hilsa. As the Bay of Bengal is home to Hilsa, Myanmar, Bangladesh and India possess Hilsa resources. At present, Bangladesh has announced Hilsa as their fish resource. In the future, Myanmar will have the chance to declare Hilsa as Myanmar's fish resources according to the IP rights. So, it needs to conduct research so as to seek the necessary facts and data for Hilsa," he added.



Hilsa fish seen at a market.

As the common habitat of Hilsa is Bay of Bengal, its related areas such as Meghna river basin and Tetulia of Bangladesh including more than 100 rivers and creeks, Ganges river basin of India and inland freshwater rivers and creeks near Rakhine coast, Ayeyawady, Sittoung, Thanlwin rivers in Myanmar are habitats of Hilsa.

As from 2022, Myanmar set Hilsa conservation zones located in three zones in Ayeyawady Region, Bago Region, one in Sittoung River of Mon State, Myebon in Rakhine State.

Moreover, Satthwa Creek in Gwa Township, Kyaukpadaung River in An Township, Meyu River in Yethedaung Township will be designated as Hilsa conservation zones.

Plans are underway to search the Myanmar's freshwater resources for Hilsa by conducting the research works as well as conserving the species of Hilsa. ASH

# MRF to conduct Certificate Course on Rice Processing Technology in May 2023

**Yangon March 30**

The Myanmar Rice Federation on 23 March stated that it will conduct the Certificate Course on Rice Processing Technology in coming May.

It will be jointly conducted by the Ministry of Commerce, Ministry of Industry, Myanmar Rice Federation and Myanmar Rice Dealers Association in May 2023.

The course comprises drying paddy and storage technology milling after harvesting to be lectured by experts.

The course will last for 60 days. Any graduates or diploma holders, AGTI, BTech and BE graduates may attend the course. The education restrictions will be eased for those who are working at the rice mills or rice companies.

Certificates will be issued to the trainees for their attendance and passing the tests. After the course, job will be created for those wishing to work at rice mills.

Applications can be submitted not later than 28 April 2023. The applications must be attached to citizenship scrutiny cards, household registration copy, endorsement of the ward authorities, educational recommendation, endorsement of workplaces and three passport sized photos.

For further information, browse admin@mrf.com.mm and mrf.myanmar@gmail.com and dial 01-218266~68, 01-2301128~29. 336



A rice processing plant.

# Govt. provides K1.5 b loan to businessmen in fishery sector in Rakhine State

**Sittwe March 30**

The government has started disbursing 1.5 billion kyats loans to businessmen in fishery sector in 18 villages in ten townships in Rakhine State, according to U Oo Tun Thein, deputy director of the Fisheries Department for Rakhine State.

These loans are provided by the State Economic Promotion Fund to private fishery businessmen in the regions and states where the main water industry operates, and the loans are provided to the fishery businessmen in 18 villages in 10 townships in the state through the formation of village loan management committees and the ring-leader system.

"In order to provide loans, the villages that operate fishery businesses mostly are selected as the first priority, the villages that operate in the fishery industry and agriculture are selected as the second, and the villages that operate in other industries are selected as the third priority. The loan was started on March 22 with one year loan period, and the interest rate is 0.5 kyats," U Oo Tun Thein said.

ASH

# ရွှေဘိုမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၂-၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် နွေနှမ်းဧက ၁၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မတ်လမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေနှမ်း ၁၂၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ရွှေဘိုမြို့နယ်မှာ နွေနှမ်းဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ နွေနှမ်းဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဆက်လက်လဲစိုက်ပျိုးနေကြပါတယ်။ဒီနှစ် နွေနှမ်းတွေ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါ့ပြင်နွေသီးနှံတွေ စိုက်ပျိုးရာမှာ လိုအပ်တဲ့ သွင်းအားစုတွေ၊ စိုက်ပျိုးရေတွေ၊ လိုအပ်တဲ့ စိုက်ပျိုးရေးကိရိယာတွေ ရရှိစေဖို့အတွက် သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် နွေနှမ်းစိုက်ပျိုးမှုတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌လည်း ရွှေဘိုမြို့နယ်တွင် ဆောင်းနှမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ ဆောင်းနှမ်း ၂၂၇၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# သနပ်ပင်မြို့နယ် ကျိုက်မဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သနပ်ပင် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိသရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့စေရေး ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



ကျိုက်မဲကျေးရွာတွင် အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာမှထွက်ရှိလာသော လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်နိုင်တော့မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ ယခင်ထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန္တာ**

# ဟိုပန်မြို့နယ် ပန်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေး

**ဟိုပန် မတ် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်ထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၈၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ပန်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ အတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃၀-၃-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၅၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၁၀၀၀၀ |
| **(စွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၉၀ |
| **(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ကန်တော်ကြီးအတွင်းသို့ မြေအောက်ရေမှ ရေပြန်လည်ဖြည့်တင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စစ်တွေမြို့၏ ရေလိုအပ်ချက်အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ရေတွင်းများတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





☆ **ကျောဖုံးမှအဆက်**

သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့ရေပေးဝေရေးကန်တော်ကြီးနှင့် ရေစုကန်အစုအဖွဲ့နေရာသို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်တို့က ကန်တော်ကြီးအတွင်းသို့ မြေအောက်ရေမှ ရေပြန်လည်ဖြည့်တင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စစ်တွေမြို့၏ ရေလိုအပ်ချက်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်"** ဆိုသည့်အတိုင်း ရေသည် လူတိုင်းအတွက်အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် ရေလုံလောက်စွာရရှိရန်လိုကြောင်း၊ စစ်တွေမြို့၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ စစ်တွေမြို့ ရေပေးဝေရေးအတွက် အဓိကဖြစ်သည့် ကန်တော်ကြီးအတွင်း ရေပြန်လည်ဖြည့်တင်းပေးနိုင်ရေးအတွက် မြေအောက်ရေရရှိဆောင်ရွက်ရာတွင် ရေရရှိနိုင်သည့်နေရာများကို ထပ်မံသုတေသနပြု၍ တူးဖော်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သင်္ဂနက်ဆည်နှင့် ကန်တော်ကြီးသို့ မြေအောက်ရေအကူပိုက်လိုင်းမှ ရေသွယ်တန်းမှုကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ်ပေးပြီး ရေရရှိမှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကန်တော်ကြီးအတွင်း မြေသားစမ်းသပ်မှုလုပ်ငန်းများမှ ထွက်ရှိလာသည့် အပေါ်ယံမြေလွှာနှင့် ကျောက်စကျောက်နများ၊ သဲကျောက်လွှာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်တွေမျိုးသန့်ခြံအတွင်း၌ စက်ရေတွင်းဖြင့် မြေအောက်ရေထုတ်ယူနေမှု နေရာသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်၊ ရေအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်တို့က စိုက်ပျိုးရေးမျိုးသန့်ခြံ ဧက ၄၀ အတွင်း ဘူမိရူပဆိုင်ရာ တိုင်းတာမှုများအရ စက်ရေတွင်းများ တူးဖော်ရန်လျာထားသည့် တည်နေရာများနှင့် တူးဖော်ပြီး၊ တူးဖော်ဆဲစက်ရေတွင်းများမှ ရေချိုထွက်ရှိမှုနှင့် အချို့နေရာများတွင် ရေငန်များ ရောနှောပါဝင်နေမှု၊ စက်ရေတွင်းများမှထွက်ရှိလာသည့် ရေများကို ရေစုကန်များဖြင့်စု၍ ကန်တော်ကြီးသို့ ပိုက်လိုင်းများဖြင့် ပို့လွှတ်ရန် ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **မြေအောက်ရေရရှိနိုင်မည့် ပမာဏကို စနစ်တကျဖြင့် တိုင်းတာတွက်ချက်ရန်လို**ကြောင်း၊ **မြေအောက်ရေတစ်ခုတည်းကိုသာ အားမကိုးဘဲ မိုးများသည့်ဒေသဖြစ်သည့်အတွက် မိုးရေကိုစုဆောင်းပြီး ရေချိုကို ပြန်လည်ဖြည့်တင်းရန်လို**ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၁၉ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးရေးမျိုးသန့်ခြံ ဧက ၄၀ အတွင်း ဘူမိရူပဆိုင်ရာတိုင်းတာမှုများအရ စက်ရေတွင်းများတူးဖော်ရန်လျာထားသည့် တည်နေရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကန်တော်ကြီးအတွင်း မြေသားစမ်းသပ်မှုလုပ်ငန်းများမှ ထွက်ရှိလာသည့် အပေါ်ယံမြေလွှာနှင့် ကျောက်စကျောက်နများ၊ သဲကျောက်လွှာများကို ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၁၈ မှအဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရေတွင်းများတူးဖော်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖေဖော်ဝါရီ ၁၈ ရက် စစ်တွေခရီးစဉ်အတွင်း စစ်တွေမြို့ရေရရှိရေး ကန်တော်ကြီးအတွင်း ရေပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့မှုအရ ကန်တော်ကြီးအတွင်းသို့မြေအောက်ရေဖြင့် ရေပြန်လည်ဖြည့်တင်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်ရေတွင်းတူးဖော်နိုင်သည့် နေရာများကို ဘူမိရူပဆိုင်ရာ တိုင်းတာမှုများပြုလုပ်၍ စက်ရေတွင်းများ တူးဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သင်္ဂနက်ဆည်မှ ကန်တော်ကြီးထိ(ဆည်ရေနှင့်တွင်းအမှတ်-၁) တို့မှ ရေပိုက်လိုင်းအရှည် ပေ ၄၄၀၀ ကို သွယ်တန်းခဲ့ပြီး ကန်တော်ကြီးအတွင်းသို့ ယနေ့တွင် စတင်ဖြည့်တင်းနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ထပ်မံတူးဖော်ရရှိသည့် စက်ရေတွင်းများမှထွက်ရှိသည့် ရေများကို ကန်တော်ကြီးအတွင်းသို့ ထပ်မံဖြည့်တင်းနိုင်ရေး ရေပိုက်လိုင်းများနှင့် ရေတွန်းစက်များထပ်မံတပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တွေမြို့ကို အဓိကရေပေးဝေလျက်ရှိသည့် ကန်တော်ကြီး၏ ရေသိုလှောင်နိုင်မှုပမာဏမှာ ရေဂါလန် ၄၈၁ ဒသမ ၁၀ သန်းဖြစ်ပြီး ကန်တော်ငယ်(၁၊ ၂)၊ ကန်တော်လေးနှင့် ကြိုငံကန် ရေသိုလှောင်နိုင်မှုမှာ ရေဂါလန် ၆၂ ဒသမ ၃၇ သန်း၊ တိုးချဲ့ကန်ရေသိုလှောင်နိုင်မှုမှာ ရေဂါလန် ၁၁၉ ဒသမ ၅၉ သန်း၊ ဆက်ရိုးကျကန်အမှတ်(၁)နှင့် (၂)တို့၏ ရေသိုလှောင်နိုင်မှုမှာ ရေဂါလန်သန်း ၁၂၀ ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ကန်တော်ကြီးအတွင်းသို့ မြေအောက်ရေများမှ ရေပြန်လည်ဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စစ်တွေမြို့ ရေလုံလောက်စွာရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# လျှပ်စစ်ကဏ္ဍတွင် ROSATOM က မြန်မာနိုင်ငံပြည်သူများအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို လျင်မြန်စွာဖြည့်ဆည်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးစေလို

**နေပြည်တော် မတ် ၃၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rusatom International Network, ROSATOM တို့အကြား ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ယနေ့တွေ့ဆုံဆွေးနွေးခြင်းသည် လေအားနှင့်အသေးစားရေအားလျှပ်စစ်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ရုရှား-မြန်မာ နှစ်နိုင်ငံပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့(Coordinating Group)အနေဖြင့်လည်း အကြိမ်ကြိမ်ဆွေးနွေးခဲ့ပါကြောင်း၊ မိမိနှင့်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့နှင့် ဆိုချီမြို့တို့သို့ သုတေသနလေ့လာရေးခရီးသွားရောက်ခဲ့ရာ ခရီးစဉ်အတွင်း Barsuchkovskaya အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနှင့် Kochubeevskaya လေအားလျှပ်စစ်စက်ရုံများသို့သွားရောက် ၍ ရေအားနှင့် လေအားလျှပ်စစ်ဆိုင်ရာ တည်ဆောက်ထားရှိမှုများ၊ ဓာတ်အားစနစ်နှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုများကို လေ့လာသိရှိခဲ့ရပါကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ရန်ကုန်မြို့သို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom မှ ကိုယ်စားလှယ်အဖွဲ့လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ရေအားလျှပ်စစ်ကဏ္ဍ၌ အသေးစားစီမံကိန်းများ တွင်သာမက အကြီးစားရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြောင်းနှင့် လေအားလျှပ်စစ်ကဏ္ဍတွင် နိုင်ငံတစ်ဝန်းဇုန်ခြောက်ခုတို့၌ စုစုပေါင်းတပ်ဆင်အင်အား မဂ္ဂါဝပ် ၈၀၀၀ ကျော်ထိ တင်ဒါခေါ်ယူသွားမည့် အစီအစဉ်များအပေါ် ရင်းနှီးမြှုပ်နှံမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြောင်းကို ပြောကြားခဲ့ပြီးဖြစ်သဖြင့် အဆိုပါစီမံကိန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် ပုပ္ပားဒေသ မဂ္ဂါဝပ် ၂၀၀၊ မင်းလှဒေသ ၁၁၆ မဂ္ဂါဝပ်နှင့် မင်းတုန်းဒေသ ၅၆ မဂ္ဂါဝပ်တို့အတွက် Project Proposal များကို လာရောက်တင်ပြသည်ဟုသိရှိရ၍ မိမိတို့မှကြိုဆိုပါကြောင်းနှင့် တင်ပြချက်များကိုစိစစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ Feasibility Study ဆောင်ရွက်ခွင့်နှင့် နားလည်မှုစာချွန်လွှာ (MoU)ရေးထိုးနိုင်ရန် ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် လေအားလျှပ်စစ်စီမံကိန်းများကိုလည်း



လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအပြင် ပြည်သူများ ဝင်ရောက်လေ့လာနိုင်ရန် လုပ်ငန်းကိုလည်း ပူးတွဲဆောင်ရွက်နိုင်ပါကြောင်း၊ ပူတာအိုဒေသတွင် အသေးစားရေအားလျှပ်စစ်စီမံကိန်းများကို ဆောင်ရွက်နိုင်ပါကြောင်း၊ လျှပ်စစ်ကဏ္ဍတွင် ROSATOM က မိမိတို့ဝန်ကြီးဌာနနှင့်ဖြစ်စေ၊ မြန်မာနိုင်ငံမှ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်၍ မြန်မာနိုင်ငံပြည်သူများအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို လျင်မြန်စွာဖြည့်ဆည်းပေးနိုင်ရေး ဆက်လက်၍လည်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rusatom International Network, ROSATOM မှ President မစ္စတာ ဗာဒင်တီတောက ပြောကြားရာတွင် အပူစွမ်းအင်သုံးစီမံကိန်းများနှင့်ပတ်သက်၍ လာမည့်ဇွန်လတွင် ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ပြန်လည်၍ ဖြေကြားသွားမည်ဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ် စီမံကိန်းများဖြစ်သော မဂ္ဂါဝပ် ၂၀ ထွက်ရှိနိုင်သည်များကိုလည်း ပြန်လည်သုံးသပ်၍ ဧပြီလအတွင်း ပြန်လည်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အသေးစား ရေအားလျှပ်စစ်များ ထုတ်လုပ်နိုင်ရန် ၁ မဂ္ဂါဝပ်အောက် ထုတ်လုပ်နိုင်သော စက်ပစ္စည်းများလည်း အသင့်ရှိပါကြောင်းတို့ကိုပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် လေအားနှင့် အသေးစားရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# လားရှိုးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ

**နေပြည်တော် မတ် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ခေးနင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လားရှိုး)နှင့် အောင်သစ္စာ(တာပုံ) စစ်မှုထမ်းဟောင်းအိမ်ရာတို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက အဆိုပါအိမ်ရာများသို့ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများနှင့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေး ကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။





**နေပြည်တော် မတ် ၂၀**

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူးကြီး၊ အလုပ်သမားသံအရာရှိ ဝန်ကောက်မြို့၊ အထူးဖိတ်ကြားထားသူများနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဒေါက်တာပွင့်ဆန်းက ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးက "ယာယီနေထိုင်လုပ်ကိုင်ခွင့်လက်မှတ်(ပန်းရောင်ကတ်) ထုတ်ပေးခဲ့သည့် ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ထုတ်ပေးခြင်းအား CIသက်တမ်းတိုးစခန်းများ၏ ဝန်ဆောင်မှုတစ်စိတ် တစ်ပိုင်းဖြင့် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံကြောင်း" ညှိနှိုင်းအကြောင်းကြားစာပေးပို့လာမှုအရ CI အသစ်ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ပြီး ထိုင်းအလုပ်အကိုင်ဌာနမှ ကနဦးပေးပို့လာသည့်အလုပ်သမား ၂၂၈၅၅၈ ဦးကို CI ထုတ်ပေးခဲ့ပါကြောင်း၊ ထို့နောက် ထိုင်းအလုပ်အကိုင်ဌာနမှ ထပ်မံပေးပို့လာသည့် အလုပ်သမားဦးရေ ၄၁၆၉၇၀ အတွက် CI ထုတ်ပေးခြင်း လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ကော်မတီအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်အစိုးရက ချမှတ်ထားသောမူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ပသို့ မြန်မာအလုပ်သမားများ စေလွှတ်ရာတွင် တရားဝင်စေလွှတ်နိုင်ခြင်းဖြင့် ၎င်းတို့အတွက် ဥပဒေကြောင်းအရ ပိုမိုအကာအကွယ်ရရှိနိုင်မည်ဖြစ်သကဲ့သို့ ဥပဒေပါအခွင့်အရေးများနှင့် ရပိုင်ခွင့်များကိုလည်း ရရှိစေနိုင်မည်ဖြစ်ပါကြောင်း ပြည်သူပြည်သားများအနေဖြင့် ပိုမိုနားလည်သိရှိစေလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကော်မတီက ချမှတ်ပေးထားသောလုပ်ငန်းစဉ်များကို အောင်မြင်အောင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည့် အကြံပြုချက်များရှိခဲ့ပါက အသိပေးတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်သည့် ရည်ရွယ်ချက်၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် လျှောက်ထားလာမှုအပေါ် စိစစ်ထုတ်ပေးနေမှုအခြေအနေ၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်မှုအခြေအနေနှင့် မိသားစုလွှဲပို့ငွေများနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ၁၂/၂၀၂၁လမှ ၂/၂၀၂၃ လထိ ငွေကြေးသုံးစွဲမှု၊ ထိုင်းအစိုးရအဖွဲ့က ယာယီနေထိုင်လုပ်ကိုင်ခွင့်လက်မှတ်၊ ပန်းရောင်ကတ် (TR-38)ထုတ်ပေးထားသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI) အသစ်ထုတ်ပေးရေးလုပ်ငန်းစဉ်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာသည့်ကော်မတီဝင်များက သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအလိုက် အကြံပြုဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန်းချောင်းရေနိမ့်တံတား ဖွင့်ပွဲအခမ်းအနားကျင်းပ



**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက မန်းချောင်းရေနိမ့်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

**နေပြည်တော် မတ် ၂၀**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် အိုးပြင်မဲ-အိုင်းမကျေးရွာချင်း ဆက်သွယ်သော လမ်းပေါ်ရှိ မန်းချောင်းရေနိမ့်တံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့က မန်းချောင်းရေနိမ့်တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသောဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မန်းချောင်းရေနိမ့်တံတားတည်ဆောက်ပေးနိုင်မှုကြောင့် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာ ၁၄ ရွာမှအိမ်ခြေ ၂၅၇၅ လူဦးရေ ၁၁၁၀၃ ဦးတို့ကို တိုက်ရိုက်အကျိုးခံစားမှုရှိသည့်အပြင် ကျေးရွာများ၏ စိုက်ဧက ၂၀၆၅၉ ခန့်ကိုပါ အကျိုးပြုနိုင်မည်ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်းနှင့် တံတားရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ဖွင့်လှစ်သည့် မန်းချောင်းတံတားသည် စကုမြို့မှ ပုသိမ်-မုံရွာလမ်းကို ဆက်သွယ်သည့် လမ်းပေါ်တွင် တည်ရှိပြီး တံတားအနီးဝန်းကျင်နှင့် စကု-ပုသိမ်-မုံရွာလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ထွက်ရှိသည့် ပဲ၊ နှမ်း၊ နေကြာ၊ စပါးနှင့် ငရုတ်စသည့် သီးနှံများကို မြို့ပေါ်ဈေးကွက်များသို့ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တံတားဖွင့်ပွဲအထိမ်းအမှတ်များကို ပေးအပ်သည်။

မန်းချောင်းရေနိမ့်တံတားသည် တံတားအရှည်ပေ ၆၀၀ နှင့် ယာဉ်သွားလမ်းအကျယ် ၁၄ ပေရှိပြီး တံတားချဉ်းကပ်လမ်း နှစ်ဖာလုံ၊ သံကူကွန်ကရစ် ဘိုးပိုင်တံတားတိုင်များ၊ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားသည့် Submersible Bridge တံတားအမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း အလေးချိန် တန် ၂၀ ထိ ဖြတ်သန်းအသုံးပြုသွားလာနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပွင့်ဖြူမြို့နယ် ဖူးပွင့်စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ ယာယီရှင်းလင်းဆောင်၌ သမဝါယမအသင်းသားများ၊ တောင်သူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ အသင်းသားတောင်သူများထံ သွင်းအားစုများထောက်ပံ့ပေးအပ်ပြီး စပါးမျိုးစေ့ထုတ်လုပ်နေမှုနှင့် စပါးအခြောက်ခံစက်လည်ပတ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပွင့်ဖြူမြို့နယ် စံပြကျေးရွာယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations တို့အကြား ရေရှည်ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၃၀**

သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rusatom International Network မှ President, Mr. Vadim Titov ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအဓွန့်ရှည်ခိုင်မြဲရေးကိစ္စ၊လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ချူကလီးယားနည်းပညာကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ချူကလီးယားနည်းပညာကို ပြည်သူလူထုထံမှအပြုသဘောဆောင်သော သဘောထားအမြင်များရရှိနိုင်ရေးအတွက် ချူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာတွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM State Corporations တို့အကြား ရေရှည်ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ROSATOM မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# မန္တလေးစက်မှုဇုန်အတွက် Run on River Type ဖြင့် လျှပ်စစ်ဓာတ်အား ရရှိရေးလျာထားအစီအမံများနှင့် မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနားများ ကျင်းပ



**မန္တလေး မတ် ၃၀**

မန္တလေးစက်မှုဇုန်များရှိ စက်မှုလက်မှုလုပ်ငန်းများအတွက် ပြန်ပြည့်မြဲစွမ်းအင်ဖြစ်သောမြစ်ရေကိုအသုံးပြု၍ Run on River Type ဖြင့် မြစ်ငယ်မြစ်အတွင်း စက်ရုံတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်ယူကာ သင့်လျော်သောနှုန်းထားဖြင့် ဖြန့်ဖြူးပေးနိုင်ရန် လျာထားအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ Super Mega Engineering Co.,Ltd မှတာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး Super Mega Engineering Co.,Ltd မန်နေးဂျင်းဒါရိုက်တာ ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၏ ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊အစီအစဉ်များအား ရှင်းလင်းတင်ပြခြင်းအခမ်းအနားကိုဆက်လက်ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေ၊ မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာစီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ အိမ်ခန်းလျှောက်လွှာခေါ်ယူမည့်အစီအစဉ်များ၊အိမ်ခန်း နေရာချထားရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်း အစီအမံများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ကျင်းပ

**နေပြည်တော် မတ် ၃၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့၌ နဝမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၂၉ ဌာနတို့၌ တတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့ကို စာရင်းသွင်း ၄၉၄ ပါး/ဦးအနက် ၂၈၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၆ ဒသမ ၆၈ ရာခိုင်နှုန်းဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့ကို စာရင်းသွင်း ၅၇၁၆၃ ပါး/ဦးအနက် ၄၅၇၄၂ ပါး/ဦးဖြေဆိုကြသဖြင့် ၇၉ ဒသမ ၇၄ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၀ရက်မှနှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက်သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများကို ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများကျင်းပခြင်းနှင့် တိရစ္ဆာန်များဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကိုပြုမြဲဖြစ်ပါသည်။

၃။ ထို့ပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦးကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့်ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊တစ်ဖက်သားမခံမရပ်နိုင်သည်ထိ နှောက်ယှက်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက်ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းခွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏တာဝန်များကိုစွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှုမြန်မာ့ဟန်မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့်နေထိုင်မှု၊ ပြုမူမှုများရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုမှုများရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးကို ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ထိပါးနှောင့်ယှက်မှုများရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြား ထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊သံချပ်ထိုးခြင်း၊သီဆိုခြင်း၊လှုပ်ရှားဆောင်ရွက်ခြင်းစသည့်အပြုအမူများရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုးဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှုလျော့ပါးစေသော စရိုက်လက္ခဏာများ၊အပြောအဆို၊အဝတ်အစား၊အစားအစာ၊အကအခုန်များကို အလွန်အမင်း လိုက်စားပြုမူခြင်း၊ အရက်သေစာကိုသိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

# ကျောက်ကြီးမြို့နယ်အတွင်း KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့ကထောင်ထားသည့် ဒေသန္တရကားမိုင်းအား နင်းမိပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးကာ လေးဦးဒဏ်ရာရရှိ

**နေပြည်တော် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်း-ကျောက်ကြီးသွား ကားလမ်းပေါ်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်းကို ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်တစ်စီးက နင်းမိပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နတ်သံကွင်းကျေးရွာဘက်မှ ကျောက်ကြီးမြို့ဘက်သို့ အုတ်များတင်ဆောင်၍ ပဲနွယ်ကုန်းမြို့နေ မောင်စိန်မင်း(ဘ)ဦးလှမြင့် မောင်းနှင်ပြီး အမျိုးသားလေးဦးလိုက်ပါလာသည့် 9N/--- ချင်းလုံဒန်းထရပ် အမျိုးအစား မော်တော်ယာဉ်သည် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် နတ်သံကွင်း-ကျောက်ကြီးသွားကားလမ်းပေါ်ရှိ ရန်မျိုးအောင်တံတားအနီးသို့ အရောက်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသော အဖွဲ့ကထောင်ထားသည့် ဒေသန္တရကားမိုင်းအား နင်းမိပေါက်ကွဲခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အမျိုးသား တစ်ဦးသေဆုံးပြီး လေးဦးတို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါနေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒဏ်ရာရရှိသူများကို ကျောက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ကျောက်ကြီး-နတ်သံကွင်းသွား ကားလမ်းရှိ ရန်မျိုးအောင်တံတားအနီး မိုင်းထောင်ဖောက်ခွဲသည့် ဖြစ်စဉ်နေရာပြပုံ






ကျောက်ကြီးမြို့နယ်အတွင်း KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်းအား နင်းမိပေါက်ကွဲပြီး ပျက်စီးခဲ့သည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

# မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်အသင်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်

**မန္တလေး မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီကကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်အသင်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် လုပ်အားယှဉ်ပြိုင်ဆုများချီးမြှင့်ခြင်းအခမ်းအနားကို အဆိုပါကော်မတီရုံးရှိ ရွှေမန္တလေးခန်းမတွင် မတ် ၂၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ယကက(အဝေးပြေး) ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်ရခြင်းအကြောင်းတို့ကို ပြောကြားကာ တာဝန်ရှိသူများက ဆုရအသင်းများကို ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် ဆုငွေများကိုချီးမြှင့်ခဲ့ပြီး ဆုရယာဉ်အသင်းမှတာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ၂၀၂၂ ခုနှစ် ဧပြီလမှ ယခုနှစ် မတ်လထိ ဘဏ္ဍာနှစ်အတွင်း ယာဉ်လိုင်းပြေးဆွဲခဲ့သည့် ယာဉ်အသင်းများ အနက်မှစည်းကြပ်ခပေးသွင်းမှုသတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့်ယာဉ်အသင်းကို ချီးမြှင့်ပေးခြင်းဖြစ်ကြောင်း၊ ပြေးဆွဲခရီးမိုင် ၅၀ အောက် အသင်းများအနက် စည်းကြပ်ခပေးသွင်းငွေကျပ် သုံးသိန်းနှင့်အထက်ပေးသွင်းသည့်အသင်းများ၊ ခရီးမိုင် ၁၀၀ အောက်အသင်းများအနက် စည်းကြပ်ခပေးသွင်းငွေကျပ် ငါးသိန်းနှင့်အထက်ပေးသွင်းသည့်အသင်းများ၊ခရီးမိုင် ၁၀၀ အထက်အသင်းများအနက် စည်းကြပ်ခပေးသွင်းငွေကျပ် ခုနစ်သိန်းနှင့်အထက်ပေးသွင်းသည့်အသင်းများကို စည်းကြပ်ခပေးသွင်းငွေ၏ ၁၂ ဒသမ ၅ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ပြန်လည်တွက်ချက်ပေးအပ်ခြင်းဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရယာဉ်အသင်းများကို ဆုကြေးရရှိငွေ၏ နှစ်ဆတွက်ချက်ချီးမြှင့်ပေးခြင်းဖြစ်ကြောင်းနှင့် ယာဉ်အသင်း ၁၅၅ သင်းကို လုပ်အားယှဉ်ပြိုင်ဆု လုပ်အားဆုကြေးငွေကျပ် သိန်း ၂၅၀ ကျော် ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ နွယ်နွယ်စိုး(ခ)နန်းနွယ်နှင့် နွယ်နွယ်ဦးတို့သည်၎င်းတို့အသုံးပြုသည့်"Nann Nwe" Facebook အကောင့်၊ "Nwe Nwe Oo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၅) ရပ်ကွက်နေ ဥက္ကာထွန်းသည် ၎င်းအသုံးပြုသည့်"Oakar Tun" Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဟန်ထူးအောင်(ခ) ဟိန်းဝင်းကျော်သည် ၎င်းအသုံးပြုသည့် "Hann Htoo Aung(Black) PDF" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်၏ Hypersonic ဒုံးကျည်စနစ် စတုတ္ထအကြိမ်စမ်းသပ်ခြင်း အောင်မြင်မှုမရှိခဲ့




အမေရိကန်လေတပ်သည် ကာကွယ်ရေးကန်ထရိုက်တာ Lockheed Martin နှင့်အတူ Hypersonic ဒုံးကျည်စနစ်၏ စတုတ္ထအကြိမ်စမ်းသပ်ခြင်း အောင်မြင်မှုမရှိခဲ့ကြောင်း လေတပ်အတွင်းဝန် Frank Kendall က အမေရိကန်နိုင်ငံ အောက်လွှတ်တော်ကော်မတီအဖွဲ့ဝင်များကို မတ် ၂၈ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

Raytheon ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော အလားတူ Hypersonic ဒုံးကျည်စနစ်ကို လက်ခံနိုင်ဖွယ်ရှိမည့် အလားအလာပိုများကြောင်း သိရသည်။

"ကျွန်တော်တို့ စမ်းသပ်မှုမအောင်မြင်ပါဘူး။ အဲဒီစမ်းသပ်မှုကနေ လိုအပ်တဲ့ အချက်အလက်တွေကို ကျွန်တော်တို့မရခဲ့ဘူး။ ဒါကြောင့် သူတို့ဖြစ်ပျက်ခဲ့တာကို နားလည်ဖို့ လောလောဆယ်စစ်ဆေးနေပါတယ်"ဟု ၎င်းက ဆိုသည်။

Kendall က ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းကမ်းရိုးတန်းအနီးရှိ Hypersonic ခရုဇ်ဒုံးကျည် ဝေဟင်မှပစ်လွှတ်သော လျင်မြန်စွာတုံ့ပြန်ရေးလက်နက် AGM-183A (ARRW) ၏ စမ်းသပ်မှုကို ရည်ညွှန်းပြောဆိုနေခြင်းဖြစ်သည်။ ခရုဇ်ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုတွင် မည်သည့် အားနည်းချက်များ ဖြစ်ပေါ်ခဲ့သည်ကိုမူ တိတိကျကျ အသေးစိတ်ထုတ်ဖော်ပြောကြားခြင်းမျိုးမရှိပေ။ ARRW စမ်းသပ်မှုသည် ရည်မှန်းချက်များစွာကို ပြည့်မီကြောင်း ပြီးခဲ့သောတစ်ပတ်က လေတပ်မှ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသောကြောင့် ၎င်း၏ မှတ်ချက်များသည် လွှတ်တော် ကိုယ်စားလှယ်များအတွက် အံ့အားသင့်စရာဖြစ်နိုင်သည်။ အဆိုပါ ထုတ်ပြန်ချက်တွင် စမ်းသပ်မှုအောင်မြင်မှု မရှိကြောင်း ဖော်ပြထားခြင်းမရှိပေ။

အမေရိကန်လေတပ်၏ ARRW Hypersonic လက်နက်စနစ်သည် ၂၀၁၈ ခုနှစ်ကတည်းက ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်နေခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် အားဖြင့် ကိုရိယာစမ်းသပ်မှုသုံးကြိမ် အောင်မြင်မှုမရရှိခဲ့ခြင်းကြောင့် နှောင့်နှေးနေခဲ့ရသည့် စီမံကိန်းတစ်ခုလည်းဖြစ်သည်။ အမေရိကန်လေတပ်သည် ပြီးခဲ့သည့်မေလက ဒုံးကျည်ကို ပထမဆုံးအောင်မြင်စွာပစ်လွှတ်နိုင်ခဲ့ကြောင်းနှင့် အသံ၏အမြန်နှုန်းထက် ငါးဆသို့မဟုတ် Mach 5 ထက်ကျော်လွန်သွားကြောင်း အခိုင်အမာထုတ်ဖော်ပြောကြားထားခဲ့သည်။

အဆိုပါလက်နက်များ ထုတ်လုပ်ရန် အပြိုင်အဆိုင်လုပ်ဆောင်နေသည့် အမေရိကန်တပ်ဖွဲ့များသည် ရုရှားနှင့်တရုတ်တို့နောက်တွင် ရောက်ရှိနေပြီး ယခုအချိန်ထိ တိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုနိုင်မည့် Hypersonic လက်နက်ကို အပြည့်အဝပိုင်ဆိုင်ထားခြင်းမရှိသေးပေ။ Hypersonic ဒုံးကျည်များသည် Mach 5 ထက် အမြန်နှုန်းဖြင့်သွားလာနိုင်ပြီး အလွန်အမင်းလှုပ်ရှားစစ်ကစားနိုင်စွမ်း မြင့်မားသောကြောင့် ပစ်ချရန်ခက်ခဲသည်။

နောက်ဆုံးအကြိမ် ARRW စမ်းသပ်မှုအရ အမေရိကန်လေတပ်သည် ၎င်း၏ အခြားသော Hypersonic Attack Cruise Missile (HACM) ပရိုဂရမ်ကိုပိုမို အာရုံစိုက်လုပ်ဆောင်နေကြောင်း Kendall က လွှတ်တော်ကိုယ်စားလှယ်များကို ပြောကြားခဲ့သည်။

နောက်ထပ်စမ်းသပ်မှု နှစ်ကြိမ်ပြုလုပ်ပြီးနောက် ARRW လက်နက်ကိုလက်သင့်ခံနိုင်ခြင်း၊ ကျေနပ်အားရခြင်း ရှိ၊ မရှိဆိုသည်နှင့်စပ်လျဉ်း၍ ဘတ်ဂျက်လျာထားမှုဆုံးဖြတ်ချက်ကို လာမည့်နှစ်တွင် ပြုလုပ်နိုင်မည်ဟု မျှော်မှန်းထားကြသည်။

အမေရိကန်လေတပ်သည် လွန်ခဲ့သည့်နှစ်နှစ်အတွင်း ARRW အတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄၂၃ သန်းခန့် ရရှိခဲ့ပြီး လာမည့်ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်တွင် နောက်ထပ် အမေရိကန်ဒေါ်လာ သန်း ၁၅၀ တောင်းခံထားကြောင်း သိရသည်။

Hypersonic နောက်ထပ်စီမံကိန်း ခေါင်းစဉ်တစ်ခုဖြစ်သည့် HACMအတွက် ရန်ပုံငွေသည် လက်ရှိဘဏ္ဍာနှစ်တစ်ခုတည်းအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၂၃ သန်းရှိပြီး လေတပ်သည် လာမည့်ငါးနှစ်အတွင်း အဆိုပါအစီအစဉ်အတွက် နောက်ထပ်အသုံးစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံကို တောင်းခံရန်စီစဉ်ထားသည်။

HACM ပရိုဂရမ်သည် ယခုအချိန်ထိ အထိုက်အလျောက်အောင်မြင်နေသည်ဟု Kendall က ပြောကြားခဲ့သည်။

"HACM အယူအဆအတွက် တိကျသေချာတဲ့အခန်းကဏ္ဍကို ကျွန်တော်တို့မြင်ပါတယ်။ ၎င်းဟာ ကျွန်တော်တို့လေယာဉ်တွေနဲ့ပိုမိုသဟဇာတဖြစ်ပြီး တိုက်ခိုက်ရေးစွမ်းရည်ကို အလုံးစုံပေးစွမ်းနိုင်ဖို့ အလားအလာ ပိုအားကောင်းပါတယ်"ဟု Kendall က ကောက်ချက်ချခဲ့သည်။

**US admits to another failed hypersonic test ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှား၏ နောက်ဆုံးမျိုးဆက် Su-35 တိုက်လေယာဉ်များကို ယူကရိန်းတပ်ဖွဲ့များ ခုခံကာကွယ်နိုင်စွမ်းမရှိ



ရုရှားနိုင်ငံ၏ နောက်ဆုံးမျိုးဆက် Su-35 တိုက်လေယာဉ်များသည် လေကြောင်းစိုးမိုးမှု သာလွန်ကောင်းမွန်သောတိုက်လေယာဉ်များဖြစ်ပြီး ယူကရိန်းတပ်ဖွဲ့များအနေဖြင့် ခုခံကာကွယ်နိုင်စွမ်းမရှိကြောင်း ယူကရိန်းအစိုးရ အကြီးတန်းအရာရှိတစ်ဦးက မတ် ၂၇ ရက်တွင် ABC News သတင်းဌာနသို့ ပြောကြားခဲ့သည်။

နောက်ဆုံးပေါ် Su-35 တိုက်လေယာဉ်များတွင် အလွန်ထိရောက်သောရေဒါနှင့် တာဝေးပစ်ဒုံးကျည်များ တပ်ဆင်ထားပြီး ယူကရိန်းဂျက်လေယာဉ်များကို တိုက်ခိုက်ရန်နှင့် ရုရှားမြေပြင်တပ်များအတွက် လေကြောင်းဆိုင်ရာ အထောက်အပံ့ကောင်းများပေးစွမ်းနိုင်သည်ဟု ယူကရိန်းအကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ယူကရိန်းတပ်ဖွဲ့များအနေဖြင့် ၎င်းခြိမ်းခြောက်မှုကို တန်ပြန်ရန်စွမ်းဆောင်နိုင်မှုမရှိဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သေးသည်။

ရုရှားနိုင်ငံ၏ လေကြောင်းသာလွန်မှုကို ယူကရိန်းတို့အတွက် အန္တရာယ်များအဖြစ် ရှုမြင်ထားကြပြီး အမေရိကန်နိုင်ငံမှ ဦးစားပေးနံပါတ်(၁)အနေဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပိုမိုရရှိလာစေရန် တွန်းအားပေးလုပ်ဆောင်နေကြောင်း ၎င်းက ဝန်ခံခဲ့သည်။

"ဒါက ပြဿနာအကြီးကြီးပဲ။ အမေရိကန်တွေကို ကျွန်တော်တို့ဆက်ပြောနေတာက နောက်ဆုံးမှာ ကျွန်တော်တို့ကို တိုက်လေယာဉ်တွေပေးရုံကလွဲလို့ အခြားဖြေရှင်းချက်မရှိဘူးဆိုတာပဲ"ဟု အခြားယူကရိန်းအရာရှိတစ်ဦးက ပြောကြားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းထက်စစ်ဘက်သုံးလေယာဉ် ၁၂ ဆပိုများသည်ဟုလည်း ထည့်သွင်းပြောကြားသွားသည်။

ယူကရိန်းအရာရှိများထံမှ နောက်ဆုံးထွက်ပေါ်လာသော မှတ်ချက်များသည် အနောက်နိုင်ငံခေါင်းဆောင်များက အခိုင်အမာပြောကြားထားမှုများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ယူကရိန်းရှိ ရုရှား၏ လေကြောင်းစွမ်းအားသည် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များအပါအဝင် ယူကရိန်းလေကြောင်းရန် ကာကွယ်ရေးအတွက် အကန့်အသတ်ရှိနေကြောင်း အနောက်နိုင်ငံအရာရှိတစ်ဦးက ပြီးခဲ့သည့်သီတင်းပတ်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

"ဒီလိုမျိုးအခြေအနေမှာ ကြီးမားတဲ့ အပြောင်းအလဲကို ကျွန်တော်တို့မတွေ့မိပါဘူး"ဟု အဆိုပါအရာရှိက သုံးသပ်ထားကြောင်း သိရသည်။

သို့သော်လည်း ရုရှားက နောက်ဆုံးပေါ် Su-35 တိုက်လေယာဉ်များဖြင့် ယခင်လေယာဉ်မော်ဒယ်ဟောင်းများနေရာတွင် အစားထိုးတပ်ဖြန့်အသုံးပြုနေခြင်းကြောင့် ပိုမိုအားကောင်းသည့် လေကြောင်းစွမ်းအား အားသာချက်ကို ရရှိနေကြောင်း၊ ယူကရိန်းကို တိုက်လေယာဉ်များပေးအပ်ရန် အမေရိကန်ကငြင်းဆန်နေခြင်းကြောင့် ယူကရိန်းအစိုးရအနေဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် အမြောက်လက်နက်များပိုမိုရရှိရန် အာရုံစိုက်သင့်ကြောင်း ၎င်းက ဝန်ခံပြောကြားခဲ့သည်။

ထို့ပြင် ဆလိုဗက်ကီးယားနှင့် ပိုလန်နိုင်ငံအစိုးရများသည် ဆိုဗီယက်ခေတ်ထုတ် MiG-29 တိုက်လေယာဉ်များကို ယူကရိန်းအားပေးအပ်ရန် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကတိပြုခဲ့ကြသည်။ ကရင်မလင်နန်းတော်ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က NATO အဖွဲ့ဝင်နိုင်ငံ နှစ်နိုင်ငံသည် ၎င်းတို့မလိုအပ်တော့သည့် ပစ္စည်းဟောင်းများကို စွန့်ပစ်ရန် ယူကရိန်းအကျပ်အတည်းကို အသုံးပြုနေပုံရသည်ဟု သုံးသပ်ပြောကြားထားပြီးဖြစ်သည်။

**Ukraine can't defend itself against Russia's newest jets – ABC ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ခေတ်မရွေးတဲ့ကဗျာ (၁၆)

မန်းတင့်မော်

မြန်မာနှစ်ဆန်းတော့မည်။ တစ်နှစ်ဆိုသောကာလသည် စောင့်ဆိုင်းသူအတွက် ကြာမြင့်သည်ဟုဆိုရမည်ဖြစ်သော်လည်း ပုံမှန်ဖြတ်သန်းနေသူအတွက်မူ ကြာသည်မထင်။ နေရင်းထိုင်ရင်း တစ်နှစ်ကုန်ပြန်ပြီဟုသာထင်ရစမြဲ။ တရားသဘောနှင့်ကြည့်သော် အသက်တစ်နှစ်ကြီးခဲ့ပြီ။ တစ်ဘဝတာချုပ်ငြိမ်းရန် နီးကပ်လာခဲ့ပြီဟု ဆိုနိုင်သည်။ ကုန်လွန်ခဲ့သော တစ်နှစ်တာအတွင်း သမင်လည်ပြန်ကြည့်လျှင် ကုသိုလ်၊ ပညာ၊ ဥစ္စာ သုံးမျိုးစလုံးရခဲ့ပါသလားဟူသော မေးခွန်းကိုမှန်မှန်ကန်ကန်ဖြေဆိုမိရန် အရေးကြီးလှသည်။ ကုသိုလ်ရေးအတွက် မကောင်းမှုရှောင်၍ ကောင်းမှုဆောင်ခဲ့သည်များလည်း ရှိရပါလိမ့်ဦးမည်။ လူသားသဘာဝ အားနည်းချက်၊ အားသာချက်များကိုလည်း ဆန်းစစ်ရပါလိမ့်မည်။

နှစ်ဟောင်းကုန်၍ နှစ်သစ်ပြောင်းလေတိုင်း သဘာဝပတ်ဝန်းကျင်ကလည်း ပြောင်းလဲလျက်ရှိနေသည်။ ရွက်ဝါတို့ကြွေလျက် မြေသက်ခဲ့ပြီ။ ပုရစ်ဖူးက အသစ်ထူးဆဲ။ ဥသြငှက်က လွမ်းတေးသီကြပြီ။ စမ်းရေကြောမှာ ပန်းကြွေမျောလျက်။ နွေဦး၏ လေရူးကဆော့မြူးကစားစပြုပြီ။ မကြာမီ နှစ်ကူးတော့မည့်နိမိတ်ပုံများက ထင်ထင်ရှားရှား။ "ရာသီမသိပန်းနှင့်ညီ" ဟူသော မြန်မာစကားရှိသည်။ နှစ်စဉ် နှစ်ကူးသည့်လကတန်ခူးလတွင်ကျရောက်သည့်နှစ်က များပါသည်။ အချို့နှစ်များတွင်တော့ တန်ခူးလကျော်၍ ကဆုန်လတွင်း ရောက်သည်လည်း ရှိတတ်သည်။

သည်အခါရောက်သည်နှင့် ပိတောက်ကိုသတိရကြသူ များပါသည်။ ပိတောက်နှင့်သင်္ကြန်၊ သင်္ကြန်နှင့်ပိတောက် ခွဲခြားမရ တစ်သားတည်းဟုပင်ဆိုရပါလိမ့်မည်။ တန်ခူးလ၏ ရာသီပန်းမှာ ကံ့ကော်ပန်းဖြစ်သော်လည်း ပိတောက်ကို ပို၍လွမ်း၊ ပို၍သတိရမိတတ်ပါသည်။ ကံ့ကော်ပန်းကလည်း ဘာသာရေးဆိုင်ရာနှင့်အခြားယုံကြည်ကိုးကွယ်မှုဆိုင်ရာများအရ အရေးပါသဖြင့် နှစ်သက်သူ လှူဒါန်းသူ ပန်ဆင်သူ များလှပါသည်။ ပိတောက်အကြောင်းဆက်ရလျှင် ပိတောက်ပင်မှ အရွက်ကြွေပြီဆိုကတည်းက စပြီးမော့ကြည့်ရပြီ။ ရွက်နုလေးများဝေပြီး ပိတောက်ကိုင်းကြိုကိုင်းကြားမှ ပိတောက်ဖူးလေးများ ထွက်ချိန်ဆိုလျှင် ပိတောက်ပွင့်တော့မည်ဟု ခိုင်ခိုင်မာမာသိရပြီ။

ပိတောက်နှင့်စပ်လျဉ်း၍ မြန်မာ့ဂန္ထဝင်စာပေ၊ ဂီတနှင့် ရုပ်ရှင်များကလည်း ခေတ်အလျောက်များစွာပေါ်ပေါက်ခဲ့ ပေါ်ပေါက်နေဦးမည်မှာ သေချာမှုတစ်ခုဖြစ်ပါသည်။ ပိတောက်ဆိုင်ရာ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ အက်ဆေး စသည်ဖြင့် စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တင်ဆက်ခဲ့ကြပါသည်။ ပိတောက်ကဗျာများစွာရှိသည့်အနက် မြန်မာ့ဂန္ထဝင်ကဗျာဆရာကြီးမင်းယုဝေက "အို-ပိတောက်ပင်"အမည်ရှိ ကဗျာကို-

"ခြံထောင့်စွန်းဆီက
စွမ်းပါဘိ ပိတောက်ပင်" ဟု စတင်လိုက်ပါသည်။

သစ်ပင်ကိုချစ်ခင်တတ်သော မြန်မာတိုင်းရင်းသားအားလုံးတို့တွင် သစ်ပင်စိုက်ဝါသနာပါလေ့ရှိကြပါသည်။ မိမိ၏ဝန်းခြံကျယ်လျှင် ကျယ်သလောက် သီးပင်စားပင်၊ ပန်းပင်များကို စိုက်လေ့ရှိကြသည်။ ခြံထောင့်၌ အရိပ်ရအပင်ကြီးများကို စိုက်ပျိုးရာတွင် ပိတောက်ပင်ကလည်း အပါအဝင်ဖြစ်ပါသည်။ ခြံထောင့်၌ရှိသော ပိတောက်ပင်ကို စာဆိုက စွမ်းပါဘိဟူသော စကားဖြင့် စတင်မိတ်ဆက်ပါသည်။ "စွမ်း"ဟူသော စကားရပ်တွင် စွမ်းဆောင်နိုင်ခြင်းဟူသော အဓိပ္ပာယ်၊ စွမ်းရည်သတ္တိဟူသော အနက်များရှိရာ ပိတောက်ပင်၏ စွမ်းရည်နှင့် စွမ်းဆောင်နိုင်ခြင်းတို့ကို ဆက်လက်ဖွဲ့ဆိုရာတွင်-

"တစ်နွေဆန်းပြန်တော့
ပွင့်ပန်းဝေဝေလွင်၍
ပင်ယံတွင် ရွှေလျှံဝင်းကာပ
သင်းပျံ့လေတွင်။"ဟု ဆက်လက်ဖော်ပြသည်။

**❖ မြန်မာ့မြေတွင် ရာသီအလိုက်ဖူးပွင့်ကြသော ပန်းများစွာရှိကြသည်။ အထက်တွင်တင်ပြခဲ့ပြီးဖြစ်သည့် ပိတောက်က သင်္ကြန်အလှကို ဖြည့်စွက်ပေးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်သည်။ ပန်းမှန်လျှင် လှပသောဂုဏ်နှင့်အတူ မွှေးပျံ့သောဂုဏ်ဟူသည့် ဂုဏ်ရည်နှစ်ရပ်နှင့်ပြည့်စုံသင့်သည်။ အချို့ပန်းများက လှသော်လည်း ရနံ့မရှိ။ အချို့ပန်းများက မွှေးပျံ့သော်လည်း မလှ။ ပိတောက်ကမူ ပွင့်ပုံဆန်း၍ လှပသည်။ မွှေးထုံသော ရနံ့ကိုလည်း ပိုင်ဆိုင်ထားပြန်သည်။ တစ်ပင်လုံးပွင့်ချိန်တွင် ရွှေအဆင်းနှင့် ဝါဝင်းလျက်ရှိပြီး ရနံ့ကလည်း ဝဲ၊ ယာအနံ့ကြဲကာဖြန့်တော့သည်။ ❖**

မြန်မာ့မြေတွင် ရာသီအလိုက်ဖူးပွင့်ကြသော ပန်းများစွာရှိကြသည်။ အထက်တွင်တင်ပြခဲ့ပြီးဖြစ်သည့် ပိတောက်က သင်္ကြန်အလှကို ဖြည့်စွက်ပေးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်သည်။ ပန်းမှန်လျှင် လှပသောဂုဏ်နှင့်အတူ မွှေးပျံ့သောဂုဏ်ဟူသည့် ဂုဏ်ရည်နှစ်ရပ်နှင့်ပြည့်စုံသင့်သည်။ အချို့ပန်းများက လှသော်လည်း ရနံ့မရှိ။ အချို့ပန်းများက မွှေးပျံ့သော်လည်း မလှ။ ပိတောက်ကမူ ပွင့်ပုံဆန်း၍ လှပသည်။ မွှေးထုံသောရနံ့ကိုလည်း ပိုင်ဆိုင်ထားပြန်သည်။ တစ်ပင်လုံးပွင့်ချိန်တွင် ရွှေအဆင်းနှင့်ဝါဝင်းလျက်ရှိပြီး ရနံ့ကလည်း ဝဲ၊ ယာအနံ့ကြဲကာဖြန့်တော့သည်။

လူတို့၏သဘာဝတွင် အလှအပကို ခုံမင်မြတ်နိုးတတ်သည်။ လှပသောအရာမှန်သမျှကိုလည်း ရယူပိုင်ဆိုင်လိုကြသည်။ ရယူပိုင်ဆိုင်ရန်လည်း နည်းအသွယ်သွယ်ဖြင့် ကြိုးပမ်းတတ်ကြပြန်သေးသည်။ မှန်ကန်သောနည်းလမ်းဖြင့် ရယူနိုင်ရန်ကြိုးစားကြသကဲ့သို့ ရလျှင်ပြီးရောဟူသည့်သဘောဖြင့် မရိုးမသားလုပ်ဆောင်မှုများလည်း ရှိနိုင်သည်။ အလှကြောင့် မာန်တက်ကြသလို အလှကြောင့် ရန်ဖက်ဖြစ်ကြရသည်မှာလည်း များခဲ့လှပြီ။ အလှမက်၍ ဘဝပျက်ကြရသူများလည်း ရှိသေးသည်။ ပိတောက်ပန်းအလှကို ရယူပိုင်ဆိုင်ချင်သဖြင့် ပိတောက်ကိုင်းချိုးကြသော် အပင်တွင် အရုပ်ဆိုးအကျည်းတန်လျက် ကျန်ခဲ့တတ်သည်။ ပန်းဖူးရန် စိုက်သူနှင့် ပန်းခူးရန်ကြိုက်သူနှစ်ဦး၏ ဆန္ဒနှင့်လုပ်ရပ်မှာ မည်သည့်အခါမှ တူညီနိုင်ခြင်းမရှိပါ။ ပိတောက်ပန်းပွင့်ချိန်တွင် တစ်ပင်လုံးရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ခူးခြွေထားသည်များကို ခဏခဏတွေ့မြင်ဖူးသည်။ ပိတောက်ပင်အောက်တွင် ပွင့်ကြွေဖူးကြွေများက ဖုံးလွှမ်းလျက်။ ကျိုးကြေနေသော ပိတောက်ကိုင်းများက ဟိုတစ်စသည်တစ်စ။ မနက်ခင်းဆီက ရွှေနှယ်ဝင်း၍ ကျက်သရေရှိလှသော ပိတောက်ပင်က ပန်းလိုသူများကြောင့် အရုပ်ဆိုးခဲ့ပြီ။ ထိုမြင်ကွင်းကို စာဆိုမင်းယုဝေက-

"အို-အသင် အသွင်လှသော်ကြောင့်
မြင်ရ သူသူငါတို့
ချူယူကာ ခြွေလာဆွတ်ပြန်တော့
ခိုင်ဝတ်ခိုင်ညှာကြွေလို့
ပင်ဖွေမှာ ပွင့်ဝေမဲ့ပြီပေါ့
အလှငဲ့ရွှေဝါစင်
ဖူးပွင့်လွင်ကွယ်ဝေး။"ဟူ၍ စာပန်းချီ ခြယ်လိုက်ပါသည်။

သဘာဝတရားတွင် အဟောင်းအသစ်၊ အဖြူအမည်း၊ အလင်းအမှောင်တည်းဟူသော ဆန့်ကျင်ဘက်သဘောတရားများက ရှိစမြဲပင်။ ၎င်းအချက်များကလည်း တည်မြဲမှုမရှိ။ ထာဝရရွေ့လျားပြောင်းလဲလျက်ရှိသည်။ သက်ရှိ အပင်နှင့်သတ္တဝါများတွင် တုံ့ပြန်သတ္တိရှိခြင်းဟူသော လက္ခဏာတစ်ရပ်ရှိသည်။ သတ္တဝါများ၏ တုံ့ပြန်မှုကို သိသာထင်ရှားစွာမြင်နိုင်သော်လည်း အပင်များတွင် မမြင်နိုင်ပေ။ သို့သော် အပင်များတွင် အကိုင်းခုတ်လိုက်လျှင် အစေးထွက်လာခြင်းသည် တုံ့ပြန်မှုကိုပြခြင်းပင်ဖြစ်သည်။ အပင်အများစုနှင့် သတ္တဝါတချို့တွင် ပြန်လည်ဖြစ်ပေါ်ခြင်းဂုဏ်သတ္တိလည်း ရှိကြသည်။ ပြန်လည်ဖြစ်ပေါ်ရာတွင် လျင်မြန်ခြင်းနှင့် ကြန့်ကြာခြင်း နှစ်မျိုးရှိကြောင်းလည်း မှတ်သားမိပါသည်။ ဒန့်သလွန်ပင်နှင့် ပိတောက်ပင်တို့၏ ပြန်လည်ဖြစ်ပေါ်ခြင်းသတ္တိကမူ လျင်မြန်လေ့ရှိသည်။ အကိုင်းခုတ်၍စိုက်လျှင်ပင် ကြီးထွားမှုမြန်ဆန်ကြောင်း တွေ့ကြရပါမည်။

ယခင်နှစ်က ခူးခြွေခဲ့သော ပိတောက်ပန်းများနေရာတွင် ယခုနှစ် နွေဦးအတွက် အပွင့်များဝေပြန်ပြီ။ ယခင်က ကျိုးကြေခဲ့သော ပိတောက်ကိုင်းများတွင် အကိုင်းသစ်များထွက်ကာ အရွက်ဝေခဲ့ကြပြီ။ မြသားအရွက်များကို ရွှေသားအပွင့်များက ဖုံးအုပ်လိုက်ကြပြီ။ မနှစ်ကအပင်ဟောင်းဟူ၍ မသိသာတော့။ အပင်သစ်က အသွင်တင့်ခဲ့ပြီ။ အကိုင်းအခက်ခုတ်ခံရသည့်ဒဏ်ကိုလည်း မမှုပြီ။ အဖူးအပွင့်ခူးခြွေသည်ကိုလည်း မဖြုံတော့။ ပင်ရင်းရှိလျှင် ကိုင်းသစ်ဝေမည်။ ကိုင်းသစ်ဝေလျှင် ရွက်သစ်ဆင်မည်။ ရွက်သစ်ကြားတွင် ဖူးပွင့်ထွားမည်။ ဖူးပွင့်ဝေ၍ ရနံ့စေသော် ဝန်းကျင်အလှဆင်တော့သည်။

ကဗျာဆရာက ပိတောက်ပင်၏ အားမာန်ကို ချီးကျူးသည်။ ပိတောက်ပင်၏သတ္တိကို နားလည်သည်။ တစ်နှစ်ကုန်၍ တစ်နှစ်ဆန်းသော် ပိတောက်ပင် တစ်ခါလန်းစွင့်ပန်းပွင့်သည်ကိုမြင်ရသည်။ ပိတောက်ကိုပမာထား၍ လူသားတို့ အားမာန်တင့်စေချင်သည်။ လောကကို အလှဆင်စေချင်သည်။ ဆရာကြီး မင်းယုဝေက-

"သို့ပေမင့်ကွယ်
အသင့်နှယ် တကယ်ထူးပါဘိ
တစ်နှစ်ကူး တစ်နွေဝင်တော့
ရွှေဝါလွင် ထိန်ထိန်လျှမ်းကာပ
နှစ်ဆန်းကို ကြိုချေပြန်ပေါ့
သစ်တစ်ဖန် အားမာန်ဝင့်လို့ရယ်
ဖူးပွင့်တယ်လေး။ ။"ဟူ၍ အဆုံးသတ်လိုက်ပါသည်။

ဆရာကြီး မင်းသုဝဏ်၏ "ပျဉ်းမငုတ်တို"ကဗျာနှင့် အဓိပ္ပာယ်ဆင်တူသော်လည်း နောက်ခံကားခြင်း မတူညီကြပါ။ ပိတောက်ကဗျာများစွာထဲမှ "အို-ပိတောက်ပင်" ကဗျာကလည်း ကဗျာကောင်းတစ်ပုဒ်ဖြစ်ပြီး မြန်မာတို့နှင့် ကာလရှည်စွာရင်းနှီးကျွမ်းဝင်လျက်ရှိသော ပိတောက်များဝေနေမည့် နှစ်ဦးနှင့်အတူ ခေတ်မရွေးတဲ့ကဗျာတစ်ပုဒ်ဟု ထင်မြင်မိပါကြောင်း. . . ။

**ကိုးကား**

**- တို့ပြည်တို့ရွာ ကဗျာများ (မင်းယုဝေ)**

# မောက်မယ်မြို့နယ် ခိုဆိုင်းကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မောက်မယ် မတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းပုတ်ကျေးရွာအုပ်စု ခိုဆိုင်းကျေးရွာ၌ လူထုဗဟိုပြုစီမံကိန်း(CDD) ပံ့ပိုးရန်ပုံငွေဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၉ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းနှင့် တာဝန်ရှိသူများက ကော်မတီဝင်များနှင့်အတူ ခိုဆိုင်းကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က လုပ်ငန်းများရေရှည်တည်တံ့ရေး ပိုင်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါ ဘက်စုံသုံးခန်းမတည်ဆောက်လုပ်ငန်းကို လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်း နိုင်ငံတော်ပံ့ပိုးငွေကျပ် သိန်း ၂၀၀ အသုံးပြုပြီး မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်ကစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



နေပြီဖြစ်ကြောင်း လင်းခေးခရိုင် ကျေးလက် ဦးစီးမှူး ဦးလှမျိုးအောင်က ပြောပြ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် သိရသည်။

**အေးသူ**

**ခရီးသွားဆောင်းပါး**

# လောက်ကိုင်မြို့မှ ကွမ်းလုံမြို့သို့ အပြန်ခရီး

တရုတ်-မြန်မာ နှစ်နိုင်ငံ နယ်စပ်မြို့ဖြစ်တဲ့ လောက်ကိုင်မြို့ရဲ့ အထင်ကရနေရာတစ်ခုက တုံချိန် ဆိုတဲ့နေရာပါ။ တုံချိန်က လောက်ကိုင်မြို့လယ်တစ်နေရာမှာရှိနေတယ်။ တုံချိန်ရေကန်၊ တုံချိန်ကြိုးတံတားကြီးနဲ့အတူ သာယာလှပတဲ့မြင်ကွင်းတွေကြောင့် လောက်ကိုင်မြို့ကို လာရောက်လည်ပတ်ကြတဲ့ ဧည့်သည်တွေနဲ့ မြို့သူ၊ မြို့သားတွေ အပန်းဖြေနားနေရာနေရာတစ်ခုလဲဖြစ်နေတယ်။ အပန်းဖြေပျော်ပွဲစားနေတဲ့ မိသားစုတွေ၊ လမ်းလျှောက်နေတဲ့သူတွေ၊ ဓာတ်ပုံရိုက်နေတဲ့သူတွေ၊ ဆော့ကစားနေသူအများအပြားကို တွေ့မြင်နေရတယ်။ ရေကန်ကြီးက သဘာဝရေကန်ကြီးဖြစ်ပေမဲ့ ကြိုးတံတားကို ခရီးသွားလာရေးအတွက် အဓိကထားတည်ဆောက်ထားတာမဟုတ်ဘဲ အလှအပအတွက် တန်ဆာဆင်တည်ဆောက်ထားတာဖြစ်ပါတယ်။ ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်ကမှန်တံတားလိုပါ။ တံတားပေါ်မှာ ပျော်ရွှင်စွာ လမ်းလျှောက်၊ အမှတ်တရဓာတ်ပုံရိုက် ဒီလောက်အတွက်ပဲဖြစ်ပါတယ်။ လောက်ကိုင်မြို့ကိုရောက်ရင် တုံချိန်က မသွားမဖြစ်သွားရောက်လေ့လာလည်ပတ်သင့်တဲ့နေရာတစ်ခုပါ။

တုံချိန်ကနေ ခေတ္တတည်းခိုနေတဲ့ ကျောင်းသားမိဘအိမ်ကို ပြန်လာတော့ အနည်းငယ်မှောင်နေပါပြီ။ ဒါပေမဲ့ လောက်ကိုင်မြို့ကို စတင်ရောက်ရှိခဲ့တဲ့ညကလို ရောင်စုံမီးတွေနဲ့ လှလှပပ ညမြင်ကွင်းကို မမြင်တွေ့ရသေးပါဘူး။ နောက်ထပ် နာရီဝက်၊ တစ်နာရီလောက်ဆိုရင်တော့ လှပတဲ့ ညရှုခင်းတွေကို မြင်တွေ့ရမယ်ထင်ပါတယ်။ တည်းခိုအိမ်ကို ပြန်ရောက်တော့ ဘာမှလဲလုပ်စရာမရှိ၊ ဗိုက်လဲမဆာသေးတာနဲ့ အိမ်ရှေ့လမ်းမကြီးပေါ် လမ်းလျှောက်ထွက်ခဲ့ကြတယ်။ ဒါပေမဲ့ လမ်းတစ်လျှောက်မှာ စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေ၊ လောင်းကစားရုံတွေကလွဲလို့ ဘာမျှမရှိပါဘူး။ ကားတွေ၊ ဆိုင်ကယ်တွေ၊ လူတွေ ထောင်းထောင်းထနေတဲ့ဖုန်တွေနဲ့တော့ စည်ကားနေပါတယ်။

ခရီးဖော်တစ်စု စကားတပြောပြော၊ တွေ့မြင်ရာကို တကြည့်ကြည့် လမ်းလျှောက်လာကြရင်းနဲ့ လောင်းကစားရုံတွေကိုလဲ တစ်ခုပြီးတစ်ခုတွေ့၊ လက်ထဲမှာလဲ တရုတ်ယွမ်ငွေတွေကရှိ၊ လောက်ကိုင်ဆိုတဲ့ လောင်းကစားမြို့တော်ကြီးတစ်မြို့ကိုရောက်တုန်း အမှတ်တရအဖြစ်၊ အတွေ့အကြုံအဖြစ်၊ ပျော်စရွှင်စေအဖြစ် ဝင်ရောက်ကစားကြဖို့တိုင်ပင်လိုက်ကြတယ်။ ဒါပေမဲ့ တွေ့ရာမြင်ရာလောင်းကစားရုံတွေထဲကို မဝင်ကြဘဲ ကျောင်းသားမိဘအိမ်နဲ့ အနီးဆုံးမှာရှိတဲ့ လောင်းကစားရုံတစ်ခုကို ဝင်လိုက်ကြတယ်။ အကြောင်းရင်းကတော့ ကိုယ့်ရပ်ရွာ၊ ကိုယ့်ဒေသမဟုတ်တာကြောင့် အကြောင်းတစ်စုံတစ်ရာ ပြဿနာဖြစ်ခဲ့မယ်ဆိုရင် မြို့ခံ၊ ဒေသခံကျောင်းသားမိဘအကူအညီနဲ့ ဖြေရှင်းနိုင်အောင်လို့ပါ။

လောင်းကစားရုံက အတော်အတန်ကျယ်ဝန်းပြီး ဝင်ပေါက်အနီးမှာ လေးကောင်၊ ခြောက်ကောင်၊ ရှစ်ကောင်ဂျင်ဝိုင်းလို့ခေါ်တဲ့ ဂလုံးဂလုံးတွေရှိနေတယ်။ ခရီးဖော်တွေကို ဂလုံးဂလုံးကစားကြမလားမေးကြည့်တော့ ဘယ်သူကမှ မကစားတတ်ကြဘူးဖြစ်နေတယ်။ ကစားတတ်ခြင်းလဲမရှိတဲ့ ဂလုံးဂလုံးနေရာတွေကနေ အတွင်းခန်းဖဲဝိုင်းရှိတဲ့နေရာတွေကို ရောက်လာကြတယ်။ အတွင်းခန်းမှာ ဖဲဝိုင်းတွေက လေး၊ ငါးဝိုင်းလောက်ရှိနေပြီး ဝိုင်းတိုင်းမှာလဲ လူအပြည့်ကစားနေတာကြောင့် လူနည်းတဲ့ဝိုင်းတစ်ဝိုင်းအနီးမှာ အခြေအနေကို စောင့်ကြည့်လေ့လာကြရတယ်။ ဖဲဝိုင်းကစားနည်းက ရှင်းပါတယ်။ ဒိုင်လုပ်နေတဲ့ ငယ်ငယ်ချောချောကောင်မလေးက သွက်သွက်လက်လက် ကျွမ်းကျွမ်းကျင်ကျင်နဲ့ ဖဲချပ်တွေဝေပေးပြီး အပေါက်ကြည့်၊ သူနိုင်ရင်စား၊ သူရှုံးရင်လျော် ဒါလေးပါပဲ။ တစ်ခဏနေတော့ ဝိုင်းအတွင်းကနေ ကစားနေသူတစ်ဦးထွက်သွားတာနဲ့ ဒိုင်ကောင်မလေးက ကစားမလို့လားဆိုပြီး မြန်မာလိုမေးတယ်။ မိမိကလဲ ကစားမလို့ပါ။ ဒါပေမဲ့ သုံးပွဲတည်းကစားမှာလို့ ပြောပြီး အိတ်ထဲမှာရှိနေတဲ့ ယွမ်ငွေလေးတွေနဲ့ စားပွဲမှာဝင်ထိုင်လိုက်တယ်။

မိမိမှာရှိတဲ့ငွေက ၁၀၀ တန်နှစ်ရွက်၊ ၁၀ တန်နှစ်ရွက် စုစုပေါင်း ယွမ် ၂၂၀၊ မြန်မာငွေ ၁၀၀၀၀၀ မပြည့်ပေမဲ့ ဝိုင်းအတွင်း စားပွဲမှာထိုင်လိုက်တဲ့အခါ တဒိုင်းဒိုင်းတဒိန်းဒိန်းနဲ့ ရင်ခုန်သံတွေထွက်နေတာကို သတိထားလိုက်မိတယ်။ ဖဲကစားတာလဲမရှိ၊ ဝါသနာလဲမပါ အမှတ်တရဖြစ်ရုံလောက်သာ ပျော်




ပျော်ရွှင်ရွှင်ကစားနေတာတောင် ဒီလောက်ရင်တွေခုန်နေရင် နိုင်ဖို့ကိုအဓိကထားပြီး လောဘတွေနဲ့ စီးပွားရေးအရ ကစားနေတဲ့သူတွေ ဘယ်လောက်ထိရင်ခုန်နေကြမယ်ဆိုတာကို စဉ်းစားတွေးတောမိလိုက်တယ်။ ဆရာကြီး ရွှေဥဒေါင်းရဲ့ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များစာအုပ်ထဲမှာ ဆရာကြီးက သူ့ရဲ့လောင်းကစားခဲ့ပုံအကြောင်းတွေကို ပြည့်ပြည့်စုံစုံ ကျယ်ကျယ်လွင့်လွင့်ရေးသားဖော်ပြထားတာတွေကိုလဲ သွားပြီးသတိရလိုက်တယ်။

လောင်းကစားရတာကို ဝါသနာပါသူတွေအတွက် ဒီလိုရင်ခုန်ရတာကိုက ပျော်ရွှင်စရာကောင်းနေကြောင်း၊ ငွေတွေဆုံးရှုံးသွားပေမဲ့ ရင်ခုန်မှုကို ရရှိကြိုက်နှစ်သက်သူ ကစားသမားတွေအတွက် တန်ကြောင်း၊ ဒါပေမဲ့ ဆရာကြီးက လောင်းကစားရင် ဘယ်တော့မှအရှုံးမခံဘဲ နိုင်စေတဲ့နည်းကို အမြဲတမ်းတွက်ချက်ကစားလေ့ရှိကြောင်း၊ လောဘမထားကြောင်း စတဲ့ ဆရာကြီးရဲ့ရေးသားထားချက်တွေက တရေးရေးပြန်လည်ပေါ်ပေါက်မှတ်မိလာပြီး ဆရာကြီးကစားတဲ့နည်းအတိုင်း ကစားဖို့ဆုံးဖြတ်ထားလိုက်တယ်။ ဒိုင်ကောင်မလေးကိုလဲ ရှုံးရှုံးနိုင်နိုင် သုံးပွဲတည်းကစားဖို့ ပြောဆိုထားပြီးပါပြီ။ ဒါကလဲ ဆရာကြီးရွှေဥဒေါင်းရဲ့ ကစားနည်းအတိုင်းပါ။

ပထမအကြိမ်ပွဲမှာ ယွမ် ၁၀၀ ကို ထိုးကြေးငွေအဖြစ် သတ်မှတ်ထိုးလိုက်တဲ့အခါ ဒိုင်က လေးပေါက်၊ မိမိက ခြောက်ပေါက်နဲ့ ယွမ် ၁၀၀ ရလိုက်တယ်။ ဒုတိယပွဲမှာ ယွမ် ၁၀၀ မထိုးတော့ဘဲ ၂၀ သာထိုးလိုက်တဲ့အခါ ဒိုင်ကရှစ်ပေါက်၊ မိမိက နှစ်ပေါက်နဲ့ ယွမ် ၂၀ ပါသွားခဲ့တယ်။ နောက်ဆုံးအနေနဲ့ တတိယပွဲမှာ ယွမ် ၁၀၀ ကိုထိုးတဲ့အခါ မိမိကရှစ်ပေါက် ဒိုင်က ခြောက်ပေါက်နဲ့ ယွမ် ၁၀၀ ကို ထပ်မံရလိုက်ပြန်တယ်။ ပွဲသုံးပွဲပြည့်သွားတာကြောင့် ဒိုင်ကောင်မလေးကို သုံးပွဲလို့ပဲပြောထားတာနော်ဆိုပြီး စားပွဲကနေထလိုက်တဲ့အခါ ဒိုင်ကောင်မလေးက ခေါင်းလေးညိမ့်ပြပြီး ပြုံးပြုံးရွှင်ရွှင်ပဲ ခွင့်ပြုပေးခဲ့ပါတယ်။ လောဘတွေ၊ သောကတွေမထားဘဲ ဆရာကြီး ရွှေဥဒေါင်းရဲ့ကစားနည်းအတိုင်းကစားခဲ့တာကြောင့် ယွမ် ၁၈၀ အနိုင်ရရှိခဲ့ပါပြီ။ ဒီထက်ပိုပြီး ဆက်ကစားမယ်ဆိုရင် အရင်းငွေ ယွမ် ၂၂၀ ဆုံးရှုံးသွားနိုင်ပါတယ်။

လောင်းကစားရုံထဲကထွက်လာတော့ သူငယ်ချင်းဖြစ်သူ ကိုသိန်းဝင်းက မနေ့ညက ထမင်းစားခဲ့တဲ့ဆိုင်လက်ရာကောင်းတယ်။ မြေအိုးမြီးရှည်လဲ ရတယ်။ သွားစားကြရအောင်ဆိုတာနဲ့ ညတုန်းက ထမင်းစားခဲ့တဲ့ဆိုင်ကို ရောက်ရှိလာကြတယ်။ သူငယ်ချင်းဖြစ်သူပြောတဲ့အတိုင်း မြေအိုးမြီးရှည်က စားကောင်းသလို ဈေးနှုန်းကလဲ ကောင်းနေတယ်။ တစ်ပွဲကို ယွမ် ၃၀ ဖြစ်တာကြောင့် မြန်မာငွေကျပ် ၁၂၅၀၀ ကျော်ကျနေတယ်။ မြေအိုးမြီးရှည်ထဲမှာ အသား၊ ငါးတွေအပြင် ပုစွန်၊ရေဘဝဲစတာတွေလဲ ပါတာကို တွေ့မြင်နေရတယ်။ ဆိုင်ရှင်က မန္တလေးမြို့ကဖြစ်နေလို့ မြန်မာစကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောဆိုနိုင်နေတယ်။ ဒါကြောင့်လဲ လောက်ကိုင်မြို့မှာ ကုန်ဈေးနှုန်းတွေအဆမတန်ကြီးမြင့်နေခြင်းရဲ့ အကြောင်းရင်းအချက်တွေကို ထပ်မံသိခွင့်ရလိုက်တယ်။ အဓိက ကတော့ အိမ်ခန်း၊ ဆိုင်ခန်းငှားရမ်းခတွေ ဈေးကြီးလွန်းနေတာပါ။ အသုံးပြုတဲ့ငွေက တရုတ်ယွမ်ငွေဖြစ်နေလို့ ဈေးကြီးလို့ကြီးမှန်း၊ များလို့များမှန်း မတွက်ချက်ကြတော့ဘဲ မြန်မာကျပ်ငွေနဲ့ နှိုင်းယှဉ်ကြည့်မှ မြန်မာနိုင်ငံအတွင်းက ဈေးနှုန်းတွေနဲ့ အဆမတန်ကွာခြားနေတာကို သတိထားမိကြရတယ်။ တရုတ်ယွမ်ငွေက အကြီးဆုံး တစ်ရာတန်သာဖြစ်ပြီး ၅၀ တန်၊ ၂၀ တန်၊ ၁၀ တန်၊ ငါးယွမ်၊ တစ်ယွမ် စတဲ့ အကြွေလေးတွေကလဲ သူ့နေရာနဲ့သူ အသုံးပြုနေနိုင်သေးတယ်။ ဒါကြောင့် ခေါက်ဆွဲကြော်တစ်ပွဲကို ယွမ် ၃၀၊ မြေအိုးမြီးရှည်တစ်ပွဲကို ယွမ် ၃၀ ဆိုတာ တရုတ်ယွမ်ငွေနဲ့ အကြွေလေးတွေသာဖြစ်နေပြီး မြန်မာကျပ်ငွေနဲ့တွက်ချက်ကြည့်မှ မြန်မာလူမျိုးတွေအတွက် ဈေးများနေမှန်းသိကြရတော့တာပါ။ အဲဒီတော့မှ မျက်လုံးပြူးအံ့သြကုန်ကြတော့တယ်။

လောက်ကိုင်မြို့က ကျောင်းသားမိဘတွေ ပြင်ဦးလွင်လာတုန်းက စားသောက်ဆိုင်မှာထမင်းစားတာတွေ၊ ဈေးထဲမှာပစ္စည်းနဲ့အသားငါး ဝယ်ကြတာတွေလုပ်ကြတဲ့အခါ သူတို့ရဲ့တရုတ်ယွမ်ငွေနဲ့ပြန်လည်တွက်ချက်ကြည့်ကြပြီး အလွန်ဈေးပေါတယ်။ ဈေးသက်သာလိုက်တာနဲ့ အံ့သြကုန်ကျသလိုမျိုးပါ။ တရုတ်ယွမ်ငွေတွေ ဘယ်လောက်ဈေးတက်တက်၊ မြန်မာကျပ်ငွေ ဘယ်လောက်ဈေးကျကျ မြန်မာနိုင်ငံပြည်တွင်းဈေးနှုန်းတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် တရုတ်နိုင်ငံ ဒါမှမဟုတ် နယ်စပ်ဒေသတွေမှာ ဈေးနှုန်းအလွန်များပြားနေပါတယ်။

မြေအိုးမြီးရှည်စားပြီး ကျောင်းသားမိဘအိမ်ပြန်ရောက်တော့ည ၈ နာရီကျော်နေပါပြီ။ ညစာစားသောက်ကြဖို့ ပြင်ဆင်ကျွေးမွေးကြပေမဲ့ ဘယ်သူမှမစားနိုင်ကြတော့ပါဘူး။ မနက်စောစောအိပ်ရာထပြီးပြန်ကြတော့မယ်ပြောတဲ့အခါ နောက်ထပ်တစ်ရက်၊ နှစ်ရက်ဆက်လက်နေထိုင်ကြဖို့ အားလုံးက ဝိုင်းဝန်းပြောဆိုတောင်းပန်တားမြစ်ကြတယ်။ ဒါပေမဲ့ မိမိတို့အနေနဲ့ကလဲ ဘယ်လိုမှဆက်ပြီး မနေနိုင်ကြတော့တာကြောင့် မနက်စောစောပြန်ကြဖို့ကိုသာ ဆုံးဖြတ်ထားလိုက်ကြတယ်။ စဉ်းစားဆုံးဖြတ်တိုင်ပင်ထားကြတဲ့အတိုင်း မနက် ၄ နာရီမှာ အိပ်ရာထကြပြီး ၅ နာရီစတင်ထွက်ခွာကြဖို့ ပြင်ဆင်နေကြရတယ်။ ပစ္စည်းတွေသိမ်းပြီး ကားပေါ်တင်ကြတဲ့အခါ ကားပေါ်မှာ အချိုရည်ဘူးဖာတွေ၊ ဘီယာဖာတွေ ပြည့်နေတာကို မြင်တွေ့လိုက်ရတယ်။ ကျောင်းသားမိဘကို ဒီလောက်အများကြီးမပေးပါနဲ့လို့ ပြောဆိုပေမဲ့ ဒီမှာလဲ အများကြီးယူသွားပါဆိုပြီး ငြင်းဆန်မရတော့တာကြောင့် အချိုရည်ဖာတွေ၊ ဘီယာဖာတွေကို ယူလာခဲ့ရတော့တယ်။ ဒီပစ္စည်းတွေက နှစ်သစ်ကူးနေ့တုန်းက လာရောက်ကြတဲ့ဧည့်သည်တွေ ယူလာကြတဲ့လက်ဆောင်ပစ္စည်းတွေပါ။

သတ်မှတ်ထားတဲ့အချိန် မနက် ၅ နာရီမှာ စတင်ထွက်ခွာလာခဲ့ကြပြီး ကျောင်းသားမိဘညွှန်ပြသထားတဲ့အတိုင်း လောက်ကိုင်မြို့တွင်းက မလာကြဘဲ ရှောင်ကွင်းလမ်းကနေ မောင်းနှင်လာခဲ့လိုက်တယ်။ မြို့ဝင်ဂိတ်နေရာကိုရောက်တော့ မြို့တွင်းလမ်းကနေလာကြတဲ့ ကားတန်းရှည်ကြီးပိတ်နေတာကိုလဲ မြင်တွေ့လိုက်ရတယ်။ မိမိတို့က ရှောင်ကွင်းလမ်းကနေ မောင်းနှင်လာခဲ့ကြတာကြောင့် ကားပိတ်ဆို့မှုတွေ မခံကြရတော့ဘဲ လောက်ကိုင်မြို့တွင်းကနေ ကောင်းကောင်းမွန်မွန် လွတ်လွတ်လပ်လပ်ထွက်ခွာလာနိုင်ခဲ့ကြတယ်။ မြို့ပြင်ကိုရောက်တော့ လက်ဖက်ရည်သောက်၊ မုန့်စားကြဖို့ ဆိုင်တွေကို ရှာဖွေခဲ့ပေမဲ့ မိုးစင်စင်မလင်းသေးတာကြောင့် ဘာဆိုင်ကိုမှမတွေ့ရပါဘူး။ ချင်းရွှေဟော် ဒါမှမဟုတ် ကွမ်းလုံရောက်မှ သောက်ကြတော့မယ်ဆိုပြီး ဆက်လက်မောင်းနှင်လာခဲ့ရတယ်။

အလာခရီးတုန်းက လမ်းအသစ်ဖြစ်တာကြောင့် စမ်းတဝါးဝါးနဲ့ မေးမြန်းမောင်းနှင်နေရသလို အချိန်တွေလဲကြာခဲ့ရတယ်။ အခုအပြန်ခရီးမှာ သိပြီးလမ်းအတိုင်း တည့်တည့်မတ်မတ် မောင်းနှင်နိုင်ခဲ့တာကြောင့် မိုးစတင်လင်းချိန်မှာ ချင်းရွှေဟော်မြို့ကို မြန်မြန်ဆန်ဆန်ရောက်ရှိလာခဲ့တယ်။ ဒါပေမဲ့ ချင်းရွှေဟော်မြို့လေးကတော့ အေးဆေးတိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပါသေးတယ်။ ဒါကြောင့်လဲ ကွမ်းလုံမြို့ထိအရောက်မောင်းပြီး ကွမ်းလုံရောက်မှ ကားနားရင်း လက်ဖက်ရည်သောက်မုန့်စားကြဖို့ စီစဉ်ထားလိုက်တယ်။ လောက်ကိုင်မြို့အဝင်၊ အထွက် ဂိတ်နေရာမှာ ကားတွေပိတ်ဆို့နေပေမဲ့ လောက်ကိုင်-ချင်းရွှေဟော်-ကွမ်းလုံလမ်းပိုင်းပေါ်မှာ ကားသွားလာမှုတွေရှင်းလင်းနေတယ်။ တစ်ခါတစ်ရံမှာသာ အိမ်စီးကားငယ်လေးတွေက မိမိတို့ကားကို ဟွန်းတတီတီတီးပြီး ဝေါခနဲကျော်တက်မောင်းနှင်သွားတာမျိုးရှိတယ်။ မိမိကိုယ်တိုင်ကလဲ ကားကို ဖြည်းဖြည်းမှန်မှန်မောင်းနှင်လာရင်းနဲ့ မကြာခင်မှာ ကွမ်းလုံမြို့တွင်းကို ဝင်ရောက်လာခဲ့တယ်။ ကွမ်းလုံမြို့ကလဲ မနက်စောစောကတည်းက ကားတွေ၊ ဆိုင်ကယ်တွေ၊ လူတွေနဲ့ စည်ကားစပြုနေပါပြီ။ ကွမ်းလုံမြို့မှာ ကားခဏနားပြီး လက်ဖက်ရည်သောက်ကြမှာမို့ ကားရပ်လို့လဲအဆင်ပြေ၊ စားသောက်လို့ကောင်းမဲ့ဆိုင်ကိုလဲ ရှာဖွေပြီးမှ အဆင်ပြေနိုင်တဲ့ဆိုင်တစ်ဆိုင်ထဲကို ဝင်လိုက်ကြတယ်။

ကွမ်းလုံမြို့မှာ စားသောက်အပြီး အပြန်ခရီးမှာ လားရှိုး၊ သီပေါစတဲ့မြို့တွေကို ဝင်ရောက်ပြီး လေ့လာသင့်၊ လေ့လာထိုက်တဲ့နေရာတွေကို သွားရောက်ကြည့်ရှုလေ့လာလိုက်ပါအုံးမယ်။

**သက်နိုင်(ပြင်ဦးလွင်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ပြေလျော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရပြေလျော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# လပွတ္တာမြို့နယ်မှ မွေးမြူရေးကဏန်းပျော့များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေ



**လပွတ္တာ မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ထွက်ရှိသည့် မွေးမြူရေးကဏန်းပျော့များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်ဒေါ်စမ်းစမ်းဆွေက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှထွက်ရှိသည့် ကဏန်းပျော့များကို ရန်ကုန်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ စင်ကာပူနိုင်ငံနှင့်ဥရောပနိုင်ငံများသို့ အများအပြားတင်ပို့ရောင်းချနေရသဖြင့် ကဏန်းပျော့ဝယ်ယူမှုများ ပြားနေခြင်းဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက်ကဏန်းပျော့များ ဝယ်ယူမှုများပြားနေခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်၊ ကုန်ချလုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။

"ကျွန်မတို့ဒေသကထွက်ရှိတဲ့ မွေးမြူရေး ကဏန်းပျော့တွေကို ပြည်တွင်း ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ ရောင်းချနေတာဖြစ်ပါတယ်။ အခုနှစ် ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူလာပါတယ်။ ဒါကြောင့် မတ်လအတွင်း ရန်ကုန်ဘက်က အဝယ်လိုက်လာတာပါ။ ပို့ကုန်များလာတော့ မွေးမြူသူတွေရဲ့အခက်အခဲတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်။ ကုန်ပစ္စည်းတင်ပို့တဲ့ လုပ်ငန်းတွေနဲ့ ဆက်စပ်တဲ့သူတွေလဲ အဆင်ပြေလာပါတယ်။ လက်ရှိ ရန်ကုန်ဘက်က ကဏန်းပျော့တွေကို ရန်ကုန်ကနေ ပြည်ပနိုင်ငံတွေကို အများအပြား တင်ပို့နေတာကြောင့် အဝယ်လိုက်လာတာပါ"ဟုလပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စမ်းစမ်းဆွေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ် ၁ ရက်မှ ယနေ့ထိ ငါးရက်လျှင် တစ်ကြိမ် ကဏန်းပျော့သန့်စင်ပြီး ပိဿာချိန် ၃၀၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါ ကဏန်းပျော့မွေးမြူသည့် ကန်တစ်ကန်လျှင် လုပ်သားအနည်းဆုံး ၁၅ ဦးမှ ဦးရေ ၂၀ ထိ ငှားရမ်းခေါ်ယူလုပ်ဆောင်ရကြောင်း၊ မွေးမြူရေးလုပ်သားတစ်ဦးလျှင် တစ်လငွေကျပ် ၁၃၀၀၀၀မှ ၂၀၀၀၀၀ ထိရှိကြောင်း၊ အဆိုပါ ဒေသတွင် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို နွေရာသီတွင် အဓိကမွေးမြူကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကျေးသီးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြေသားလမ်းသဲဖြုန်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကျေးသီး မတ် ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ဝမ်မိုင်ကျေးရွာနှင့် ဟိုနားကျေးရွာတို့တွင် မြေသားလမ်းသဲဖြုန်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မြို့နယ်ဦးစီးမှူး ဦးအေးနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ဝမ်မိုင်ကျေးရွာ၌ အရှည် ပေ ၂၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေသားလမ်းသဲဖြုန်းခင်းခြင်းလုပ်ငန်းနှင့် ဟိုနားကျေးရွာ၌ အရှည် ပေ ၂၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေသားလမ်း သဲဖြုန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဝမ်မိုင်ကျေးရွာနှင့်ဟိုနားကျေးရွာတို့တွင် အဆိုပါလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၂၀၀ အသုံးပြုပြီး ဦးစီးဌာနမှ ဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသဖြင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းက ပြောပြ၍ သိရသည်။

**မောင်ခိုင်**

# အင်ဒိုနီးရှားနိုင်ငံ Anak Krakatoa မီးတောင်ပေါက်ကွဲပြီး မီးခိုးပြာများမှုတ်ထုတ်နေ



ဂျကာတာ မတ် ၃၀

အင်ဒိုနီးရှားနိုင်ငံရှိ Anak Krakatoa မီးတောင်သည် မတ် ၂၈ ရက်နှင့် ၂၉ ရက်တို့က ပေါက်ကွဲခဲ့ပြီး မီးခိုးပြာများ မှုတ်ထုတ်နေကြောင်း အင်ဒိုနီးရှားမီးတောင်နှင့် ဘူမိအန္တရာယ်လျော့ပါးရေးဗဟိုဌာနက မတ် ၂၉ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်ဟု La Prensa Latina သတင်းဌာနက မတ် ၂၉ ရက်တွင် ရေးသားဖော်ပြထားသည်။

Anak Krakatoa မီးတောင်သည် မတ် ၂၈ ရက်က စတင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးခိုးပြာများကောင်းကင်သို့ မီတာ ၂၅၀၀ ခန့်ထိရောက်ရှိခဲ့ပြီး မတ် ၂၉ ရက်တွင် ဆက်လက်၍ မီးခိုးပြာများ မှုတ်ထုတ်လျက်ရှိရာ မီတာ ၆၀၀ ခန့်ထိ ရောက်ရှိနေကြောင်း သိရသည်။

မီးတောင်နှင့် ဘူမိအန္တရာယ်လျော့ပါးရေးဗဟိုဌာနက မီးတောင်ပေါက်ကွဲမှုကို သတိပေးချက်အဆင့်သုံးအဖြစ် ထုတ်ပြန်ထားပြီး မီးတောင်ထိပ်ဝမှ ငါးကီလိုမီတာအချင်းဝက်အတွင်း ခရီးသွားလာခြင်းမပြုကြရန် အကြံပြုထားကြောင်း သိရသည်။

Anak Krakatoa မီးတောင်သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်ညက ရုတ်တရက်ပေါက်ကွဲမှုကြောင့် ဆူနာမီလှိုင်းလုံးများဖြစ်ပေါ်ခဲ့ပြီး ဆူမားတြားနှင့် ဂျာဗားကျွန်းကမ်းရိုးတန်းဒေသများတွင် ခရစ္စမတ် အားလပ်ရက်များတွင် လာရောက်အနားယူနေသူ အနည်းဆုံး ၄၃၀ ဦး သေဆုံးခဲ့ပြီး လူဦးရေ ၁၄၀၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Anak Krakatoa မီးတောင်သည် အင်ဒိုနီးရှားနိုင်ငံတွင် ၁၈၈၃ ခုနှစ်က လူဦးရေ ၃၆၀၀၀ ကျော် သေဆုံးခဲ့ရသော Krakatau မီးတောင်ပေါက်ကွဲမှုကြီး၏ သက်ရောက်မှုကြောင့် ရာစုနှစ်ဝက်ကြာ ၁၉၂၇ ခုနှစ်မှ ရေပေါ်သို့ ပေါ်ထွက်လာသော မီးတောင်တစ်ခုဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာမီးကွင်းဒေသတွင် တည်ရှိပြီး ငလျင်နှင့် မီးတောင်ပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားလေ့ရှိကာ အဆိုပါဒေသတွင် နှစ်စဉ် ငလျင်လှုပ်ခတ်မှုအကြိမ်ရေ ၇၀၀၀ ခန့်ဖြစ်ပွားလေ့ရှိပြီး အများစုမှာ အလယ်အလတ်အဆင့်ရှိသော ငလျင်လှုပ်ခတ်မှုများဖြစ်ကြောင်း သိရသည်။ AZH

# စပိန်နိုင်ငံ မြောက်ပိုင်းတွင် တောမီးဆက်လက်လောင်ကျွမ်းလျက်ရှိ

မက်ဒရစ် မတ် ၃၀

စပိန်နိုင်ငံ ဗလန်စီယာဒေသတွင် မတ် ၂၃ ရက်မှစ၍ လောင်ကျွမ်းလျက်ရှိသော တောမီးကို အောင်မြင်စွာ ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း နိုင်ငံမြောက်ပိုင်းတွင် တောမီး ဆက်လက်လောင်ကျွမ်းလျက်ရှိကြောင်း နိုင်ငံပိုင် မိုးလေဝသအေဂျင်စီက မတ် ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Anadolu သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

စပိန်နိုင်ငံတွင် နွေဦးရာသီအစ ပထမရက်များအတွင်းမှစ၍ တောမီးလောင်ကျွမ်းလျက်ရှိရာ လေကြောင်းအကူအညီဖြင့် မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် မတ် ၂၉ ရက်က တောမီးကိုအောင်မြင်စွာထိန်းချုပ်နိုင်သောအဆင့်ကို ရောက်ရှိပြီဖြစ်ကြောင်း ဗလန်စီယာအာဏာပိုင်အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

စပိန်နိုင်ငံ ဗလန်စီယာနှင့် အရာဂွန် နယ်စပ်တွင် မတ် ၂၃ ရက်က တစ်နှစ်တာအတွင်း ပထမဆုံး တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး သစ်တောမြေဧက ၄,၂၀၀ ခန့်လောင်ကျွမ်းခဲ့ကာ မတ် ၂၉ ရက်တွင် တောမီးကို အောင်မြင်စွာ ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ ဒေသခံ ၁၄၀၀ ကိုမူ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားဆဲဖြစ်ကြောင်း ဗလန်စီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

ဗလန်စီယာနှင့်အရာဂွန်ဒေသ တောမီးကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သော်လည်း နိုင်ငံမြောက်ပိုင်းတွင် မတ် ၂၉ ရက်၌ တောမီးလောင်ကျွမ်းမှု ထပ်မံဖြစ်ပွားလျက်ရှိပြီး ဒေသခံကျေးရွာတစ်ရွာမှ လူအများအပြား အိုးအိမ်များကိုစွန့်ခွာထွက်ပြေးခဲ့ရကြောင်း သိရသည်။

မတ် ၂၉ ရက်တွင် စပိန်နိုင်ငံမြောက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်စဉ် ၆၁ ကြိမ်ဖြစ်ပွားခဲ့ပြီး စပိန်နိုင်ငံသည် ငါးနှစ်ဆက်တိုက် အပူပိုလာကာ ယခုနှစ်နွေဦးရာသီသည် အပူပြင်းဆုံးဖြစ်ကြောင်း နိုင်ငံပိုင်မိုးလေဝသ အေဂျင်စီက ပြောကြားခဲ့သည်။ AZH

# ဘာလိုချီစတန်ပြည်နယ်တွင် ရေဘေးကြောင့် လူတစ်ဦးသေဆုံးပြီး အဆောက်အအုံတချို့ပျက်စီး

အစ္စလာမ်မာဘတ် မတ် ၃၀

ပါကစ္စတန်နိုင်ငံဘာလိုချီစတန်ပြည်နယ်တွင် မတ် ၂၉ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသော ဧရိယာအတွင်း ယာဉ်မတော်တဆမှုကြောင့် ဒေသခံတစ်ဦးသေဆုံးခဲ့ပြီး အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း ဘာလိုချီစတန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု Dawn သတင်းဌာနက မတ် ၃၀ ရက်တွင် ရေးသားဖော်ပြထားသည်။

ဘာလိုချီစတန်ပြည်နယ်ရှိ ဘိုလန်မြစ်ရေလျှံတက်မှုကြောင့် ဘိုလန်မြစ်ကြောင်း တစ်လျှောက်ရှိ ဒေသများတွင် ဆိုးရွားသည့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့်ဒေသမှာ ဇိုဘ်ဒေသဖြစ်ပြီး ဇိုဘ်ဒေသတွင် တံတားများ အသုံးပြုမှုကို ယာယီပိတ်ထားကြောင်း ဘာလိုချီစတန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပြည်နယ်အနှံ့ ရေကြီးရေလျှံမှု ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ဘိုလန်မြစ်ရေ လျှံတက်မှုကြောင့် ရေကြီးရေလျှံမှုအခြေအနေက ပိုဆိုးသွားခဲ့တယ်။ ဒေသတချို့မှာတော့ ရေကြီးရေလျှံမှု အခြေအနေ ကျဆင်းလာပါပြီ။ ရေကြီးရေလျှံမှု အခြေအနေကျဆင်းသွားရင် ၄၈ နာရီအတွင်း လမ်းပန်းဆက်သွယ်ရေး ပြန်ကောင်းအောင်ဆောင်ရွက်သွားပါမယ်"ဟု ဘာလိုချီစတန်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



လူနေအိမ်တချို့ ပျက်စီးခဲ့ပြီး ပျက်စီးခဲ့သည့် လူနေအိမ်များမှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဘာလိုချီစတန်အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားထားကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဒေသပေါင်း ၂၁ ဒေသထိရှိနေပြီး ပါကစ္စတန်အာဏာပိုင်အဖွဲ့အစည်းက ဘာလိုချီစတန်ပြည်နယ်ကို ရေဘေးအန္တရာယ်နှင့်ပတ်သက်ပြီး နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေသတ်မှတ်သွားရန် အခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ ခိုင်ဆက်

# မုန်တိုင်းဝင်ရောက်လာနိုင်ဖွယ်ရှိသဖြင့် ဆီးရီးယားဆိပ်ကမ်းများကို ယာယီပိတ်ထား

ဒမတ်စကတ် မတ် ၃၀

ဆီးရီးယားနိုင်ငံတွင် မုန်တိုင်းဝင်ရောက်လာနိုင်ဖွယ်ရှိနေပြီး လေတိုက်နှုန်းများလည်း ပြင်းထန်နေသောကြောင့် ရေလမ်းခရီးသွားလာရန် မသင့်တော်သည့်အခြေအနေဖြစ်သည့်အတွက် ဆိပ်ကမ်းများကို ယာယီပိတ်ထားကြောင်း ဆီးရီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ထားသည်ဟု SST သတင်းဌာနက မတ် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆိပ်ကမ်းများတွင် သင်္ဘောအဝင်၊ အထွက်များကို ယာယီပိတ်ထားပြီး ဆိပ်ကမ်းမြို့များတွင် နေထိုင်သောဒေသခံများကိုလည်း ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ ဆီးရီးယားနိုင်ငံတွင် စားနပ်ရိက္ခာနှင့် စက်သုံးဆီကုန်သွယ်မှုအတွက် အဓိကအားထားနေရသည့် ဆိပ်ကမ်းခုနစ်ခုရှိပြီး ဆိပ်ကမ်းများအားလုံးကို ယာယီပိတ်ထားရသည့်အတွက် ကုန်သွယ်မှုပိုင်းလည်း ခေတ္တရပ်ဆိုင်းထားရမည့် အခြေအနေဖြစ်ကြောင်း သိရသည်။

"မုန်တိုင်းဝင်လာဖွယ်ရှိနေတဲ့အတွက် ဆိပ်ကမ်းတွေကို ယာယီပိတ်ထားပါတယ်။ လက်ရှိမှာတော့ လေတိုက်နှုန်းတွေလဲ မြင့်မားနေပြီး မကြာခင် မုန်တိုင်းဝင်ရောက်လာမဲ့ လက္ခဏာတွေ ပြသနေပါတယ်။ ရေကြောင်းပို့ဆောင်မှုမလုပ်နိုင်သေးတဲ့အတွက် ကုန်သွယ်မှုအပိုင်းကို ယာယီရပ်ဆိုင်းထားရမယ်ဆိုပေမဲ့လဲ ထင်မှတ်မထားတဲ့ ဆုံးရှုံးမှုတွေ မဖြစ်ပေါ်စေရေးအတွက် အခုလိုဆုံးဖြတ်ခဲ့ရတာဖြစ်ပါတယ်။ မိုးလေဝသအခြေအနေ တည်ငြိမ်သွားရင်တော့ ဆိပ်ကမ်းတွေကို ပြန်ဖွင့်ပေးသွားမှာဖြစ်ပါတယ်"ဟု ဆီးရီးယားအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ကိုဘရှိစလီက ပြောကြားခဲ့သည်။

ရေကြောင်းပို့ဆောင်ရေးကုန်သွယ်မှုကို ခေတ္တရပ်ဆိုင်းထားရခြင်းကြောင့် ကုန်သွယ်မှုအပိုင်းကျဆင်းသွားဖွယ်ရှိနေသော်လည်း ထင်မှတ်မထားသောဆုံးရှုံးမှုမျိုး မဖြစ်ပေါ်စေရေးအတွက် ဆိပ်ကမ်းများ ယာယီပိတ်၍ ကြိုတင်ပြင်ဆင်မှုပြုလုပ်ထားခြင်းဖြစ်ကြောင်း ဆီးရီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

မုန်တိုင်းဝင်ရောက်လာပါက လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်ရနိုင်ပြီး မုန်တိုင်းနောက်ဆက်တွဲ ပြဿနာများ၊ ရေဘေးအန္တရာယ်များဖြင့်လည်း ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ထို့ကြောင့် အာဏာပိုင်အဖွဲ့အစည်းက ကယ်ဆယ်ရေးဝန်ထမ်းများကို ကြိုတင်ပြင်ဆင်မှုပြုလုပ်ထားရန် ညွှန်ကြားထားကြောင်း သိရသည်။ ခိုင်ဆက်

# ကမ္ဘာတစ်ဝန်း သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍသို့ပြောင်းလဲနိုင်ရေး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်သွားသင့်

အဘူဒါဘီ မတ် ၃၀

ကမ္ဘာတစ်ဝန်း သန့်ရှင်းသည့် စွမ်းအင်ကဏ္ဍသို့ ကူးပြောင်းနိုင်ရေးအတွက် ယူအေအီးနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အေဂျင်စီ(IRENA)က သုတေသနပြုလုပ်လျက်ရှိရာ IRENA မှ သုတေသီများက သန့်ရှင်းသည့် စွမ်းအင်ကဏ္ဍသို့ ပြောင်းလဲနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားသင့်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Gulf News သတင်းဌာနက မတ် ၂၉ ရက်တွင် ရေးသားဖော်ပြထားသည်။

သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍသို့ ကူးပြောင်းရေး ၂၀၂၂ ခုနှစ်တွင် နည်းပညာပိုင်းဆိုင်ရာအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၁ ဒသမ ၃ ထရီလီယံထိရှိခဲ့ပြီး ၂၀၂၃ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုကိုပိုမိုတိုးမြှင့်သွားမှသာ ရည်မှန်းချက်ပန်းတိုင်ကို အမြန်ဆုံးရောက်နိုင်မည်ဖြစ်ကြောင်း IRENA က ထုတ်ပြန်သွားခဲ့သည်။

"၂၀၃၀ ပြည့်နှစ်အရောက်မှာ သန့်ရှင်းတဲ့စွမ်းအင်ကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်သွားသင့်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်ဖို့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အမြန်ဆုံးအကောင်အထည်ဖော်ဖို့ လိုအပ်နေတယ်။ တရုတ်နိုင်ငံ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေနဲ့ အမေရိကန်နိုင်ငံတို့မှာ သန့်ရှင်းတဲ့စွမ်းအင်ကဏ္ဍဆောင်ရွက်မှုတိုးတက်လာပါတယ်"ဟု IRENA ၏ ဒါရိုက်တာ ဖရန့်ဆက်ကိုက ပြောကြားခဲ့သည်။

၂၀၃၀ ပြည့်နှစ်အရောက်တွင် ရုပ်ကြွင်းလောင်စာနေရာများ၌ သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍဖြစ်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အစားထိုးနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၃၅ ထရီလီယံထိ တိုးမြှင့်သွားသင့်ကြောင်း၊ IRENA ၏ ထုတ်ပြန်ချက်အရ သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ရာတွင် ၂၀၂၂ ခုနှစ်အတွင်း ရာခိုင်နှုန်းအများဆုံး ဆောင်ရွက်ထားနိုင်သည့်နိုင်ငံများမှာ တရုတ်နိုင်ငံ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။ ခိုင်ဆက်

# စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက အိမ်ကွင်းကစားပုံကောင်းတဲ့ ဘုန်းမောက်၊ ယူနီယံဘာလင်၊ ဘီလ်ဘာအိုအသင်းတို့ကို အားပေးရမှာပါ

ML



ဒီတစ်ပတ်စနေနေ့ညမှာတော့ နိုင်ငံတကာပြိုင်ပွဲကာလပြီးဆုံးခဲ့ပြီဖြစ်လို့ အမှတ်ပေးပြိုင်ပွဲတွေကို ပုံမှန်အတိုင်း ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ နိုင်ငံတကာပြိုင်ပွဲကာလမှာတော့ ကစားသမားအများစုဟာ ခရီးပန်းမှုတွေရှိနေမဲ့အပြင် ဒဏ်ရာပြဿနာတွေရှိနေမှာကိုလဲ သတိပြုရမှာပါ။ ဒါကြောင့် အမှတ်ပေးပြိုင်ပွဲစတင်ချိန်မှာ ကလပ်အသင်းအများစုဟာ နိုင်ငံကိုယ်စားပြုပါဝင်ကစားခဲ့ကြတဲ့ ကစားသမားတွေကို အနားပေးနိုင်ပြီး အရန်ကစားသမားတွေနဲ့ ပွဲထွက်လာဖို့များပါတယ်။ လာမဲ့စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေမှာတော့ ပရီးမီးယားလိဂ်၊ ဘွန်ဒက်လီဂါ၊ လာလီဂါတို့ကအသင်းတွေကိုသာ ရွေးချယ်သွားမှာဖြစ်ပြီး အဲဒီထဲက ခြေရည်တူအသင်းတွေနဲ့ အိမ်ကွင်းကစားပုံကောင်းတဲ့အသင်းတွေကိုသာ ဆက်လက်ရွေးချယ်သွားမှာဖြစ်ပါတယ်။

## ဘုန်းမောက်အသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘုန်းမောက်အသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းပထမအကျော့တွေ့ဆုံချိန်မှာတော့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဘုန်းမောက်အသင်းက ဦးဆောင်ဂိုးတွေ သွင်းယူနိုင်ခဲ့ပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် သရေတစ်မှတ်သာရရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ ဘုန်းမောက်အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၂၇ ပွဲအပြီးမှာ ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၅ ပွဲရှုံးရလဒ်ကြောင့် ရမှတ် ၂၄ မှတ်နဲ့ အဆင့်(၁၉)မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ နည်းပြအိုနေးရဲ့ ခံစစ်ကစားပုံအားနည်းချက်နဲ့ ကစားသမားတွေရဲ့ခြေစွမ်းပြသဖို့ ရှန်းကန်နေရတာတွေကြောင့် ၂၀၂၃ ခုနှစ်အတွင်း ကစားခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာ နှစ်ပွဲသာအနိုင်ရခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ အာဆင်နယ်၊ မန်စီးတီး၊ လီဗာပူးတို့လို အသင်းကြီးတွေနဲ့ ပွဲကျပ်ကစားခဲ့ရလို့ ရမှတ်ဆုံးရှုံးခဲ့တာကြောင့် ဖူလ်ဟမ်လိုခြေရည်တူအသင်းနဲ့တွေ့ချိန်မှာ အိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲရှာဖွေမှာ သေချာပါတယ်။

နည်းပြမာကိုစ်ဆေးဗားရဲ့ ဖူလ်ဟမ်အသင်းဟာ အခုနှစ်မှ တန်းတက်လာခဲ့ပေမဲ့ တန်းတက်အသင်းတွေထဲမှာ စွမ်းဆောင်ရည်အကောင်းဆုံးဖြစ်တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာအမှတ်ပေးပွဲ ၂၇ ပွဲအပြီးမှာ ၁၁ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်နဲ့ အဆင့်(၉) ထိရောက်ရှိခဲ့ပြီး ဥရောပဝင်ခွင့်အတွက်ပါ မျှော်လင့်ချက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ အရန်ကစားသမားအင်အားနည်းပါးတာကြောင့် နောက်ဆုံးငါးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းကပေးဂိုး ၁၀ ဂိုးထိ ရှိခဲ့တာကိုတွေ့ရမှာပါ။ နည်းပြ မာကိုစ်ဆေးဗားရဲ့ ၄-၂-၃-၁ ကစားကွက်မှာ မစ်ထရိုဗစ်၊ ဆော်လမွန်၊ ပါရဲရားတို့ ခြေစွမ်းပြသနေပေမဲ့ မစ်ထရိုဗစ်က သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီအဝေးကွင်း ၁၃ ပွဲမှာတော့ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ ခံစစ်ပိုင်းကတော့ ပေးဂိုး ၁၇ ဂိုးထိရှိတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်မှာတော့ သုံးပွဲသရေ၊ တစ်ပွဲစီသရေ ရလဒ်ထွက်ပေါ်ထားပေမဲ့ ဘုန်းမောက်အသင်းရဲ့ အိမ်ကွင်းအားနဲ့ တန်းဆင်းဇုန်ရှန်းအားကြောင့် ဖူလ်ဟမ်ခံစစ်ပိုင်းဂိုးပေးရဖို့ သေချာပါတယ်။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာရမဲ့ ဘုန်းမောက်ကိုပဲ အားပေးရမှာပါ။

### ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝုဗ် | ၀ | - | ၁ | ဘုန်းမောက် |
| ဘုန်းမောက် | ၁ | - | ၄ | မန်စီးတီး |
| အာဆင်နယ် | ၃ | - | ၂ | ဘုန်းမောက် |
| ဘုန်းမောက် | ၁ | - | ၀ | လီဗာပူး |
| အေဗီလာ | ၃ | - | ၀ | ဘုန်းမောက် |

### ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၁ | - | ၁ | ဝုဗ် |
| ဖူလ်ဟမ် | ၂ | - | ၀ | လိဒ် |
| ဘရန့်ဖို့ဒ် | ၃ | - | ၂ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၀ | - | ၃ | အာဆင်နယ် |
| မန်ယူ | ၃ | - | ၁ | ဖူလ်ဟမ် |

## ယူနီယံဘာလင်အသင်း အနိုင်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ယူနီယံဘာလင်နဲ့ စတုဂတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ယူနီယံဘာလင်အသင်းဟာ ယူရိုပါလိဂ်က ထွက်ခွာပြီးနောက် အမှတ်ပေးပြိုင်ပွဲကိုသာ အာရုံစိုက်ရမှာဖြစ်လို့ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ ဖရန့်ဖတ်လိုအသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ အမှတ်ပေးပွဲ ၂၅ ပွဲအပြီးမှာ ၁၄ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ငါးပွဲရှုံးနဲ့ ရမှတ် ၄၈ မှတ်ရရှိခဲ့လို့ အဆင့်(၁)က ဘိုင်ယန်နဲ့ ငါးမှတ်သာ ကွာဟနေသလို ချန်ပီယံဆုကိုစိန်ခေါ်ဖို့ အခွင့်အရေးပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာလဲ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ပုံစံကောင်းပြနိုင်ပေမဲ့ တိုက်စစ်ပိုင်းဂိုးသွင်းစွမ်းရည်ကျနေလို့ ရမှတ်တွေဆုံးရှုံးခဲ့တယ်လို့ ဆိုရမှာပါ။ လက်ရှိနည်းပြဖစ်ရှာရဲ့ ကစားကွက်အောက်မှာတော့ တိုက်စစ်မှူး ဘက်ခ်ကာက သွင်းဂိုးခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

စတုဂတ်အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၂၅ ပွဲအပြီးမှာ လေးပွဲနိုင်၊ ရှစ်ပွဲသရေ၊ ၁၃ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၀ သာ ရရှိခဲ့ပြီး အမှတ်ပေးဇယားအောက်ဆုံးမှာရောက်ရှိနေတာဖြစ်ပါတယ်။ ဒ့ါပြင် သူတို့အသင်းဟာ အခုရာသီအဝေးကွင်း ၁၂ ပွဲကစားခဲ့ရာမှာ ငါးပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ နိုင်ပွဲမရရှိခဲ့ဘဲ ခံစစ်ပိုင်းကပေးဂိုး ၂၆ ဂိုးထိရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိနည်းပြလက်ဘာဒီယာရဲ့ ကစားကွက်အခင်းအကျင်းမှာတော့ တိုက်စစ်မှူး ဂီရက်ဆီက ခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးခြောက်ဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ ဂီရက်ဆီဟာ အခုပွဲစဉ်ကို ဒဏ်ရာပြဿနာကြောင့် လွဲချော်မှာဖြစ်ပါတယ်။ ဒါကြောင့် အဝေးကွင်းနိုင်ပွဲပျောက်ဆုံးနေတဲ့ သူတို့အသင်းအတွက် တိုက်စစ်ပိုင်း အခက်ကြုံရမှာဖြစ်သလို အိမ်ကွင်းမာကျောမှုရှိတဲ့ ယူနီယံဘာလင်နဲ့ တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ အခုပွဲစဉ်မှာတော့ ဂီရက်ဆီအပါအဝင် ကစားသမားသုံးယောက်ထိ ပါဝင်နိုင်မှာမဟုတ်ပေမဲ့ ကျန်ကစားသမားတွေအားလုံး ကစားနိုင်မှာဖြစ်ပါတယ်။ စတုဂတ်အသင်းဟာ အခုပွဲစဉ်ကို အနိုင်ကစားနိုင်ခဲ့ရင် တန်းဆင်းဇုန်ကလွတ်ဖို့ အခွင့်အရေးရှိမှာဖြစ်ပေမဲ့ ယူနီယံဘာလင်လို ကစားသမားစုဖွဲ့မှုမာကျောတဲ့အသင်းကိုတော့ နိုင်ပွဲရှာဖို့ မဖြစ်နိုင်ပါဘူး။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ကိုးကြိမ်မှာ ယူနီယံဘာလင်က နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့သလို လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုအရ ယူနီယံဘာလင်အသင်းပဲ အနိုင်ရမှာပါ။

### ယူနီယံဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၀ | - | ၀ | ကိုလုံး |
| ယူနီယံဘာလင် | ၃ | - | ၃ | စိန့်ဂျိုလိုစီ |
| ဝုဗ်ဘတ် | ၁ | - | ၁ | ယူနီယံဘာလင် |
| စိန့်ဂျိုလိုစီ | ၃ | - | ၀ | ယူနီယံဘာလင် |
| ယူနီယံဘာလင် | ၂ | - | ၀ | ဖရန့်ဖတ် |

### စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရှော်လ်ကေး | ၂ | - | ၁ | စတုဂတ် |
| စတုဂတ် | ၁ | - | ၂ | ဘိုင်ယန်မြူးနစ် |
| ဖရန့်ဖတ် | ၁ | - | ၁ | စတုဂတ် |
| စတုဂတ် | ၀ | - | ၁ | ဝုဖ်ဘတ် |
| စတုဂတ် | ၂ | - | ၀ | ဟီဒန်ဟိမ်း |

## ဘီလ်ဘာအိုအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘီလ်ဘာအိုအသင်းနဲ့ ဂီတာဖေးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဗယ်လာဒိုးလစ်ကို ခြေစွမ်းပိုင်းအသာဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့တာကြောင့် သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ပွဲစဉ် ၂၆ အပြီးမှာ ရမှတ် ၃၆ မှတ်ထိရရှိခဲ့တာကြောင့် အဆင့်(၄)၊ အဆင့်(၅)၊ အဆင့်(၆)က အသင်းတွေနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေလို့ ဥရောပဝင်ခွင့်အတွက် မျှော်လင့်ချက်ကောင်းနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီအိမ်ကွင်း ၁၃ ပွဲကစားခဲ့ရာမှာလဲ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံးရလဒ်နဲ့ တိုက်စစ်ပိုင်းသွင်းဂိုး ၁၈ ဂိုးထိ ရရှိခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ဆိုင်မွန်၊ ဟာရဲရားတို့အပါအဝင် ကစားသမား လေးယောက်ထိ ဒဏ်ရာပြဿနာကြုံတွေ့ရလို့ ပါဝင်နိုင်မှာမဟုတ်ပါဘူး။

ဂီတာဖေးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီထဲက သူတို့အသင်းရှုံးနိမ့်ခဲ့တာကလဲ ဗီလာရီးရဲလ်အသင်းဖြစ်တာကို တွေ့ရမှာပါ။ ဒ့ါပြင် နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲစဉ်မှာ ဆီဗီလာလိုအသင်းကိုတောင် နှစ်ဂိုးပြတ်အနိုင်ယူပြီး ခြေစွမ်းပြသထားပေမဲ့ အဲဒီပွဲစဉ်ဟာ အိမ်ကွင်းပွဲစဉ်ဖြစ်နေတာကို သတိပြုရမှာပါ။ နည်းပြ ဆန်းချက်ဖလိုရက်ကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ အဝေးကွင်းခံစစ်ပိုင်းပြင်ဆင်လာခဲ့ပေမဲ့ ထင်သလောက်ခရီးမပေါက်ခဲ့တာကြောင့် အဝေးကွင်းသုံးပွဲဆက်မှာ ရမှတ်နှစ်မှတ်သာရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၂၆ ပွဲအပြီးမှာ ခုနစ်ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ၁၁ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၉ မှတ်ထိ စုဆောင်းနိုင်ခဲ့လို့ အဆင့်(၁၃)မှာရပ်တည်နေပေမဲ့ တန်းဆင်းဇုန်က ဗလင်စီယာနဲ့ သုံးမှတ်သာ ကွာဟနေတာကို တွေ့ရမှာပါ။ ဒါကြောင့် တန်းဆင်းဇုန်ဖိအားရှိနေတဲ့ ဂီတာဖေးဟာ အဝေးကွင်းတွေမှာ ဦးဆောင်ဂိုးပေးလိုက်ရရင် ဖွင့်ကစားလေ့ရှိတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ ဂီတာဖေးအသင်းအနေနဲ့ ဘီလ်ဘာအိုကို ဖွင့်ကစားမယ်ဆိုရင် တန်ပြန်တိုက်စစ်နဲ့ အဆုံးသတ်ပိုင်းကောင်းမွန်တဲ့ ဘီလ်ဘာအိုရဲ့ ခြေစွမ်းပိုင်းကြောင့် ရှုံးပွဲကြုံရမှာပါ။ ဒါကြောင့် တွေ့ဆုံမှုနဲ့ တိုက်စစ်ပိုင်းကောင်းမွန်တဲ့ ဘီလ်ဘာအိုအသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၂ | - | ၃ | ဂျီရိုနာ |
| အိုဆာဆူနာ | ၁ | - | ၀ | ဘီလ်ဘာအို |
| ဗယ်လ်ကာနို | ၀ | - | ၀ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၀ | - | ၁ | ဘာစီလိုနာ |
| ဗယ်လာဒိုးလစ် | ၁ | - | ၃ | ဘီလ်ဘာအို |

### ဂီတာဖေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၁ | - | ၀ | ဗလင်စီယာ |
| ဗီလာရီးရဲလ် | ၂ | - | ၁ | ဂီတာဖေး |
| ဂီတာဖေး | ၃ | - | ၂ | ဂျီရိုနာ |
| ကာဒီဇက် | ၂ | - | ၂ | ဂီတာဖေး |
| ဂီတာဖေး | ၂ | - | ၀ | ဆီဗီလာ |

# မြေ့လတွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေကြောင်းသင်္ဘောလိုင်း ၁၈ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘောကြီးအစီး ၅၀ ဝင်ရောက်ဆိုက်ကပ်နိုင်ရေး လျာထားဆောင်ရွက်နေ



**ရန်ကုန် မတ် ၃၀**

ဧပြီလတွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေကြောင်း သင်္ဘောလိုင်း ၁၈ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘောကြီးအစီး ၅၀ ဝင်ရောက်ဆိုက်ကပ်နိုင်ရေး လျာထားဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ မတ် ၂၉ ရက် သတင်းများအရ သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်သွယ်ရေကြောင်းသင်္ဘောကြီးများ လစဉ်ဝင်ရောက်ဆိုက်ကပ်နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာနနှင့်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ပေးနေမှုများအရ ဧပြီလတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်းသင်္ဘောလိုင်း ၁၈ လိုင်းမှ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောကြီးအစီး ၅၀ ဝင်ရောက်ဆိုက်ကပ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာ ကုန်သွယ်ရေကြောင်းသင်္ဘောလိုင်းများဖြစ်သည့် SEA AND MAERSK ASIA သင်္ဘောလိုင်းမှ ၁၁ စီး၊ R.C.L LINE သင်္ဘောလိုင်းမှ ခုနစ်စီး၊ COSCO SHIPPING LINE သင်္ဘောလိုင်းမှ လေးစီး၊ M.S.C LINE သင်္ဘောလိုင်းမှ လေးစီး၊ SAMUDERA SHIPPING LINE သင်္ဘောလိုင်းမှ လေးစီး၊ SITC သင်္ဘောလိုင်းမှ သုံးစီး၊ EVERGREENLINE သင်္ဘောလိုင်းမှ နှစ်စီး၊ IAL LINE သင်္ဘောလိုင်းမှ နှစ်စီး၊ MITT SHIPPING LINE သင်္ဘောလိုင်းမှ နှစ်စီး၊ ONE သင်္ဘောလိုင်းမှ နှစ်စီး၊ X-PRESS FEEDER LINE သင်္ဘောလိုင်းမှ နှစ်စီး၊ BLPL LINE သင်္ဘောလိုင်းမှ တစ်စီး၊ CMA-CGM LINE သင်္ဘောလိုင်းမှ တစ်စီး၊ GOLD STAR LINE သင်္ဘောလိုင်းမှ တစ်စီး၊ LAND AND SEA သင်္ဘောလိုင်းမှ တစ်စီး၊ P.I.L သင်္ဘောလိုင်းမှ တစ်စီး၊ PIL သင်္ဘောလိုင်းမှ တစ်စီး၊ VASI SHIPPING သင်္ဘောလိုင်းမှ တစ်စီး စုစုပေါင်းအပြည်ပြည်ဆိုင်ရာကုန်သွယ်ရေကြောင်း သင်္ဘောကြီးအစီး ၅၀ ဝင်ရောက်ဆိုက်ကပ်နိုင်ရေး လျာထားဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် မြန်မာ့ပင်လယ်ရေကြောင်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အပြည်ပြည်ဆိုင်ရာပင်လယ်ရေကြောင်းကုန်သွယ်ရေးသင်္ဘောကြီးများ ပိုမိုဝင်ထွက်ဆိုက်ကပ်လာနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတံတားများ တိုးချဲ့တည်ဆောက်နိုင်ရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၃၃၆)

# နမ့်ဆန်မြို့နယ် ဇယ်ဘန်ကောက်ကျေးရွာ၌ ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နမ့်ဆန် မတ် ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဆန်မြို့နယ် ဇယ်ဘန်ကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသိန်းမောင်ထွေးနှင့် တာဝန်ရှိသူများ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၉ ဒသမ ၈ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၈၀၅ သန်းဖြင့် ဘုရားကြီးကျေးရွာအုပ်စု ဇယ်ဘန်ကောက်ကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် ကျေးရွာကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ ဒေသဦးစီးမှူးက ကျေးလက်ရေပေးရေးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ကျေးရွာမှတာဝန်ရှိသူများကို မှာကြားသည်။

နမ့်ဆန်မြို့နယ် ဇယ်ဘန်ကောက်ကျေးရွာ၌ ဆောင်ရွက်ပြီးစီးသည့် အိမ်တိုင်ရာရောက်ရေပေးရေး ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းသည် အရှည်တစ်မိုင်လေးဖာလုံရှိပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ဇယ်ဘန်ကောက်ကျေးရွာရှိ အိမ်ခြေ ၂၂၇ အိမ်၊ လူ ၁၂၁၄ ဦးတို့ သောက်သုံးရေဖူလုံစွာရရှိပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**













## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ (မြရည်နန္ဒာအပိုင်း-၂/မမ-၁၆)၊ တိုက်အမှတ်(၁၆)၊ အခန်းအမှတ် (၁၀၁)၊ ဒေါ်ငွေငွေလွင် (ဘ) ဦးထွန်းရွှေ (၉/မထလ(နိုင်)၀၄၄၀၉၀) ၏အမည်မှ ဦးမောင်မောင်ကျော်ဌေး (ဘ) ဦးကျော်ဌေး (၁၂/ဥကတ(နိုင်)၁၄၀၉၃၀)မှ ကိုယ်စားလှယ်လွှဲစာအရပ်ရပ်ဖြင့် ဝယ်ယူခဲ့ပြီး ဦးမောင်မောင်ကျော်ဌေး(ဘ) ဦးကျော်ဌေး(၁၂/ဥကတ(နိုင်)၁၄၀၉၃၀)အမည်သို့ ပြောင်းလဲမည်ဖြစ်ပါသောကြောင့် အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်မာစွာဖြင့် ယနေ့ကြော်ငြာစာပါနေ့မှ (၂)ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ (၂)ပတ်အတွင်း ကန့်ကွက်မည့်သူမရှိပါက အမည်ပေါက်ပြောင်းလဲခြင်းလုပ်ငန်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်မောင်ကျော်ဌေး(ဘ)ဦးကျော်ဌေး(၁၂/ဥကတ(နိုင်)၁၄၀၉၃၀)**

**ဖုန်း ၀၉-၅၁၇၆၅၃၄၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့။**

### ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်နေ မစန်းပြည့်ပြည့်လှိုင် (ဘ) ဦးမြင့်ဦး(၉/တသန(နိုင်)၁၄၃၃၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

ကလေးမြို့နယ်နေ မလားဘွတ်ဆေး (ဘ) ဦးလားထန်ငွဲးရှာ(၅/ကလဝ(နိုင်)၂၂၆၅၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နေ နန့်ငုဝါဝင်း(ဘ) ဦးစိန်အောင်ဝင်း(၁၄/ကပန(နိုင်)၂၇၃၁၅၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၄၃၃၃၇၄

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ စမေဝင်းစိန်(ဘ) ဦးပေါကြွယ်(၁၄/ပတန(နိုင်)၁၄၀၈၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၅၄၇၈၈၃၇

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ စိုးညိမ်းဦး (ဘ) ဦးမြလွင် (၁၄/ပသန(နိုင်)၂၁၈၀၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၁၇၀၀၁၂၀

---

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

---

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

---

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မည်သည့်အစိုးရ၊ မည်သည့်ခေတ်ပင်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူ **Guardian** အနေဖြင့် တည်ရှိနေမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်္ဂနက်ဆည်နှင့်ကန်တော်ကြီးသို့ မြေအောက်ရေအကူပိုက်လိုင်းမှ ရေသွယ်တန်းမှုကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ်ပေးပြီး ရေရရှိမှုအခြေအနေကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## စစ်တွေမြို့ ကန်တော်ကြီးအတွင်း ရေပြန်လည်ဖြည့်တင်းပေးနိုင်ရေးစီမံဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့ရေ ပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကန်တော်ကြီးအတွင်းသို့ ရေများ ပြန်လည်ဖြည့်တင်းရေးဆောင်ရွက်နေမှု အခြေအနေများကို

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

